www.free4readers.com



ဒေါ်လာငွေ အလုံးအရင်းနဲ့
ဗဟိုဘဏ် ဝယ်တာ ဘာကြောင့်လဲ

စာ-၇

မော်ဒန်
စီးပွားရေးသတင်းဂျာနယ်



MasterChef Myanmar
ပြိုင်ပွဲဝင် မအေးအေးသိန်းနှင့် တွေ့ဆုံခြင်း

စာ-၈,၉

အမှတ် ၆၄၃ | *The Modern Weekly* | ၁၄ ဒီဇင်ဘာ ၂၀၁၈၊ သောကြာနေ့

# မတ်လုံးများများပေးတိုင်း ယုံရပါ့မလား
# အွန်လိုင်းငွေချေးအချို့ သတိထား

စာ-၅






အိန္ဒိယအစိုးရနဲ့ ပြည်သူတွေ
မြန်မာဘက်က
ရပ်တည်နေဟု
အိန္ဒိယသမ္မတ ပြော

စာ-၆



နယ်စပ်ကနေ
တရုတ်ကို ဆန်တင်ပို့မှု
ယာယီရပ်နားဖို့
တိုက်တွန်း

စာ-၂



တိုင်းရင်းသားဒေသ
ကျေးရွာအချို့မှာ
မူးယစ်ဆေးဝါး
ဈေးပေါပေါနဲ့ ပျံ့နှံ့နေ

စာ-၁၀,၁၁

www.free4readers.com



# နယ်စပ်ကနေ တရုတ်ကို ဆန်တင်ပို့မှု ယာယီရပ်နားဖို့ တိုက်တွန်း

**မူဆယ်၊ ဒီဇင်ဘာ ၁၀**– တရုတ်ဘက်ခြမ်းမှာ အဖမ်းအဆီးရှိနေပြီးလုံခြုံရေးတင်းကျပ်နေလို့ နယ်စပ်ကုန်သွယ်ရေးက တစ်ဆင့် တရုတ်ကိုဆန်တင်ပို့မှု သည်ရက်ပိုင်းမှာ ယာယီရပ်နားဖို့ ကုန်သည်အချို့က တိုက်တွန်းပြောဆိုပါတယ်။

သည်အောက်တိုဘာလ ၈ ရက်ကစပြီး တရုတ်–မြန်မာ နယ်စပ်တွေကို ဗဟို(ဘေဂျင်း)က စစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးဖို့ရှိတယ်၊ ဒါကြောင့်ရေရှည်အကျိုးအတွက် မှောင်ခိုလမ်းကြောင်းတွေက တင်ပို့နေတဲ့ဆန်၊ ပြောင်း၊ သကြားတွေကို ယာယီရပ်ဆိုင်းထားပေးဖို့ ဆန်ကုန်သည်အချို့က ဖေ့စ်ဘုတ်ခ်စာမျက်နှာမှာ ရေးသား အသိပေးနိုးဆော်တာပါ။

အဖမ်းအဆီးတွေကြောင့် မူဆယ်ဈေးကွက်မှာ သည်ရက်ပိုင်း အရောင်းအဝယ်ကျဆင်းနေတယ်ဆိုပေမဲ့ တစ်ပိုင်တစ်နိုင်တင်ပို့တာတွေကတော့ ရှိနေတုန်း ဖြစ်ပါတယ်။

နယ်စပ်ကုန်သွယ်ရေးကတစ်ဆင့် မြန်မာဘက်က ဆန်ဝယ်ယူနေတဲ့ တရုတ်ဆန်ကုန်သည်အချို့ တရုတ်ဘက်မှာ ဖမ်းဆီးခံရမှုထဲ ပါဝင်ရင် အကြွေးစနစ်နဲ့ ရောင်းချထားတဲ့ ပြည်တွင်းက ဆန်ကုန်သည်တွေအတွက် ထိုးနှက်မှုဖြစ်ပါတယ်။



မြန်မာဘက်က ဆန်ဝယ်ယူနေတဲ့ တရုတ်ကုန်သည်အချို့ တရုတ်ဘက်ခြမ်းမှာ ဖမ်းဆီးမှုခံရပါတယ်။

နယ်စပ်ကုန်သွယ်ရေးက တစ်ဆင့် မြန်မာဘက်က ဆန်ဝယ်ယူနေတဲ့ တရုတ်ကုန်သည်အချို့ တရုတ်ဘက်ခြမ်းမှာ ဖမ်းဆီးမှုခံရပါက မြန်မာဘက်က ကုန်သည်တွေ နစ်နာဆုံးရှုံးတွေ ဖြစ်လာမှာပါ။ သည်အတွက်ကြောင့်လည်း နယ်စပ်ဆန်အိတ်စပို့လုပ်ငန်းလုပ်ကိုင်သူအချို့က စိုးရိမ်ပါတယ်။

အဟောင်းပေး အသစ်ယူ အကြွေးစနစ်နဲ့တရုတ်ကိုဆန်ရောင်းချမှုတွေကြောင့် တရုတ်ဝယ်လက်ဆန်ကုန်သည်တွေ ဖမ်းဆီးခံရတိုင်း မြန်မာဘက်က ကုန်သည်တွေရရန်ရှိတဲ့ ဆန်ဖိုးငွေ ဆုံးရှုံးရတာမျိုး ဖြစ်ခဲ့ဖူးတယ်။ ဒါကြောင့် မြန်မာဘက်က ဆန်ဝယ်ယူနေတဲ့ တရုတ်ကုန်သည်တွေသာ ထပ်မံအဖမ်းခံထိပါက မြန်မာဆန်ကုန်သည်တွေအတွက် ငွေကြေးအရ ဆုံးရှုံးနစ်နာမှုတွေ ရှိနိုင်တယ်လို့ ဆန်ကုန်သည်အချို့က ခန့်မှန်းပြောဆိုတာ ဖြစ်ပါတယ်။

'ဆန်ဖမ်းလို့ပါသွားတာ အဲဒီလောက်မဟုတ်ဘူး၊ ဟိုဘက်မှာ ကျွန်တော်တို့ဆီက အကြွေးယူသွားတဲ့သူ အဖမ်းခံရပြီဆို အဲဒီအတွက်ပိုဆုံးရှုံးမှုဖြစ်တာ၊ ကုန်သည်တစ်ဦး ဝယ်တဲ့ ပမာဏက ယွမ်သိန်းဂဏန်းအောက်ထစ်ရှိတယ်' လို့ ဆန်ကုန်သည်တစ်ဦးက ပြောပါတယ်။

၂၀၁၄ ခုမှာ မြန်မာဘက်က ဆန်ဝယ်နေတဲ့ တရုတ်လင်မယား အဖမ်းခံရစဉ်ကလည်း မြန်မာကုန်သည်တွေ ရရန်ရှိတဲ့ ကျပ်သိန်းသောင်းချီတဲ့ ဆန်ဖိုးငွေတွေ ဆုံးရှုံးခဲ့ရဖူးပါတယ်။ ၂၀၁၄ ခု စက်တင်ဘာ ၁၈ ရက်က အဖမ်းခံရတဲ့ တရုတ်ဆန်ကုန်သည်လင်မယား အပါအဝင် မြန်မာဘက်က ဆန်ဝယ်ယူတဲ့ တရုတ်ဝယ်လက် ကုန်သည်တွေ တရားမဝင် ကုန်စည်ရောင်းဝယ်မှုနဲ့ ဖမ်းဆီးခံရတဲ့ အရေအတွက်ဟာ လတ်တလောနှစ်တွေအတွင်း ဦးရေ ၃၀ ဝန်းကျင်ခန့်ရှိတယ်လို့ သိရပါတယ်။

**မိုးမြင့်ထွန်း**





# အစိုးရအခွန်ကောက်ခံမှု ပြည်ခိုင်ဖြိုးပါတီ မေးခွန်းထုတ်

**နေပြည်တော်၊ ဒီဇင်ဘာ ၁၂** – အစိုးရအနေနဲ့ အခွန်ကို နိုင်ငံတကာစံချိန်အတိုင်း ကောက်ခံရင် နိုင်ငံတကာကလို ပြည်သူတွေ ဝင်ငွေကောင်းဖို့နဲ့ အလုပ်အကိုင်ကောင်းအောင် လုပ်ပေးနိုင်သလားလို့ ပြည်ခိုင်ဖြိုးပါတီက မေးခွန်းထုတ်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြောခွင့်ရှိသူ ဦးသိန်းထွန်းဦးက 'အခြားအခြားသော နိုင်ငံက စံချိန်စံညွှန်းနဲ့အညီ အခွန်ကောက်ပြီဆိုရင် ကျွန်တော်တို့နိုင်ငံ အစိုးရကကော အခြားသော နိုင်ငံက အစိုးရများကဲ့သို့ ပြည်သူလူထုကိုဝင်ငွေတွေကောင်းအောင်၊ အလုပ်အကိုင်အခွင့်အလမ်းတွေကောင်းအောင် လုပ်ပေးနိုင်သလားလို့ မေးခွန်းထုတ်ရပါမယ်' လို့ ပြောပါတယ်။

ပြည်ခိုင်ဖြိုးပါတီရဲ့ ပြောကြားချက်အပေါ် အင်န်အယ်လ်ဒီပါတီ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုက 'အခွန်ကောက်ဆိုတာ နိုင်ငံတကာနဲ့ ကိုယ့်နိုင်ငံနဲ့တော့ ယှဉ်လို့မရဘူးပေါ့လေ၊ ဒါပေမဲ့ ကိုယ့်နိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေရှိတာကို၊ နိုင်ငံသားဆိုတာကတော့ ကိုယ့်ဥပဒေ ကိုယ်လိုက်နာရမှာလေ၊ ကိုယ့်တာဝန်ရှိတာကို' လို့ မော်ဒန်ဂျာနယ်ရဲ့ မေးမြန်းချက်ကို ဖြေပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ အခွန်ဆောင်တာက ဥပဒေနဲ့အညီ ဆောင်ရွက်သူမရှိသလောက်ရှားပါတယ်လို့ဆိုတယ်။ လက်ရှိအထိတော့ အစိုးရကလည်း ဖိဖိစီးစီးကောက်တာ မရှိသေးပါဘူး။ လူအများစုက အခွန် ဘယ်လောက်ဆောင်ရင် ကိုယ့်မှာ ငွေဘယ်လောက် စုနိုင်တယ်၊ ငွေဘယ်လောက် ရမလဲဆိုတာ မသိကြတော့ အခွန်ကို သက်သာမှုလမ်းကြောင်းနောက်ပဲ လိုက်သွားကြတော့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မရကြတာက မြန်မာပြည်မှာ ဖြစ်နေကြတယ်လို့ သိရပါတယ်။



နှစ်ပေါင်းများစွာ လူတွေက အခွန်ကို အကြောက်တရားနဲ့ပဲ နေခဲ့ကြတာ။ အခွန်ဆောင်ရမှာ အရမ်းကြောက်ကြတယ်။ အခွန်ဆိုတာ အလှူသဘောဆိုတာ နားလည်အောင် ပြည်သူတွေကို ရှင်းပြဖို့ လိုနေပါတယ်။

'မြန်မာပြည်မှာရှိတဲ့ လူအများစုက အလှူအတန်းရက်ရောကြတယ်၊ အလှူဆိုတာ အဓိပ္ပာယ်ကို နားမလည်ကြတော့ အခွန်ဆိုကြောက်ကြတယ်၊ အဲဒီလိုမဖြစ်အောင်လဲ နှစ်ပေါင်းများစွာဖန်တီးခဲ့ကြတယ်ပေါ့နော်၊ ဖန်တီးခဲ့တော့ ပြည်သူတွေရဲ့အမြင်မှာ ဒီအတိုင်းဖြစ်နေတာပေါ့နော်၊ ဒါကိုပြင်ဖို့လိုတယ်' လို့ ဦးခင်ချိုကပြောပါတယ်။

ဥပဒေတွေမှာ အားနည်းချက်တွေရှိတယ်။ ဥပဒေတွေကိုပြည်သူအများ နားလည်ဖို့၊ ပြည်သူများ သဘောပေါက်အောင် လုပ်ပေးဖို့နဲ့ ပြည်သူ့ဆန္ဒနဲ့အညီ အခွန်ကောက်ခံနိုင်သောစနစ်မျိုး ဖန်တီးနိုင်ရင် ပြည်သူအတွက်ရော နိုင်ငံတော်အတွက်ပါ အကောင်းဆုံးဖြစ်ပါတယ်။

**ထက်ထက်**

www.free4readers.com





လှိုင်သာယာ၊ ရွှေပြည်သာ အပါအဝင် ဒဂုံလေးမြို့နယ်မှာ မြေကွက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။

# ဆင်ခြေဖုံးမြို့နယ် မြေကွက်အချို့ အရောင်းအဝယ်ကောင်းနေ

ရန်ကုန်၊ ဒီဇင်ဘာ ၁၂– မြို့သစ်စီမံကိန်းတွေကြောင့် လှိုင်သာယာ၊ ရွှေပြည်သာ အပါအဝင် ဒဂုံလေးမြို့နယ်မှာ မြေကွက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။

စီမံကိန်းတွေနဲ့ နီးတဲ့ မြေကွက်တွေမှာဆိုရင် ဈေးတက်တာမျိုးမရှိပေမဲ့ ပုံမှန်ဈေးတွေနဲ့ အရောင်းအဝယ်လိုက်လာပါတယ်။ ရွှေပြည်သာ၊ လှိုင်သာယာမြေကွက်ဈေးတွေမှာ ၂၀၁၄ အမြင့်ပိုင်းဈေးနှုန်းတွေထက် ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းလောက် ကျခဲ့ပြီးတော့ လက်ရှိမှာအဲသည် ဈေးနှုန်းတွေနဲ့သာ အရောင်းအဝယ်က ပြန်လိုက် လာ တယ် လို့ သိ ရပါတယ်။

i Myanmar house.com မန်နေးဂျင်းဒါရိုက်တာဦးနေမင်းသူက 'ရန်ကုန်မြို့သစ်စီမံကိန်းတွေကြောင့် လှိုင်သာယာ၊ ရွှေပြည်သာဘက်မှာဆိုရင် မြေကွက်တွေ ဈေးကစားလာကြတယ်၊ လုပ်ငန်းရှင်တွေကလဲ ရင်းနှီးမြှုပ်နှံမှုလုပ်လာကြတယ်၊ သိန်းထောင်သောင်းမြေကွက်တွေတောင် အရောင်းအဝယ်က ပြန်လှုပ်ခတ်လာပါတယ်' လို့ ပြောပါတယ်။

အရောင်းအဝယ်ဈေးကွက်မှာဆိုရင် နိုဝင်ဘာလလယ်လောက်ကစပြီး အရောင်းအဝယ်ပြန်သွက်လာပြီး ဒီဇင်ဘာလပိုင်းမှာ အရောင်းအဝယ်ပိုကောင်းလာတာကို တွေ့ရပါတယ်။ အရောင်းအဝယ်ဈေးကွက်မှာ ပြီးခဲ့တဲ့နှစ်ကထက် ၁၅ ရာခိုင်နှုန်းလောက်အထိကို သိသိသာသာ တိုးတက်လာတာမျိုးရှိတယ်လို့ သိရပါတယ်။

ဒဂုံမြို့နယ် လေးမြို့နယ်ရဲ့ မြေဈေးကွက်အခြေအနေမှာဆိုရင်လည်း အတက်ဈေးအနည်းငယ်နဲ့ ပြန်ပြီးရောင်းအားကောင်းလာတာကို တွေ့ရပါတယ်။

## အရောင်းသွက်လာ

ဒဂုံမြို့နယ်တွေဖြစ်တဲ့ တောင်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ အရှေ့ဒဂုံတွေဘက်မှာဆိုရင် မြေကွက်တွေမှာ နိုဝင်ဘာလဆန်းက အရောင်းအဝယ်သွက်လာခဲ့ပါတယ်။

တောင်ဒဂုံမြေဈေးကွက်မှာဆိုရင် စက်မှုဇုန်တွေလုပ်ကိုင်လာတာကြောင့် စီမံကိန်းအနီး ၁၄၆ ရပ်ကွက်၊ ၁၄၉ ရပ်ကွက်၊ ၁၅၀ ရပ်ကွက်၊ ၁၅၁ ရပ်ကွက်၊ ၁၅၃ ရပ်ကွက်တွေမှာ ရောင်းကောင်းလာတယ်။ ဈေးနှုန်းတွေမှာ ဆိုရင်လည်း နဂို ကျပ် ၂၅ သိန်းကနေ သိန်း ၃၀၊ ၃၅ သိန်း၊ ၄၅ သိန်းလောက်အထိ ဈေးတက်လာခဲ့ပါတယ်။

ဒဂုံဆိပ်ကမ်းမြို့နယ်မှာဆိုရင် ဈေးပိုရပြီးတော့ ရောင်းကောင်းနေပါတယ်။ ဒဂုံဆိပ်ကမ်းမြို့နယ်ရဲ့ ၇၇ ရပ်ကွက်၊ ၇၈ ရပ်ကွက်၊ ၇၉ ရပ်ကွက်၊ ၈၀ ရပ်ကွက်တွေမှာဆိုရင် ရောင်းကောင်းနေပြီး လမ်းမတန်းအနီးပိုင်းက ပိုအရောင်းသွက်နေပါတယ်။ မြေကွက်ဈေးမှာ ပေ ၄၀x ပေ၆၀ မြေကွက်တွေကို နဂိုကျပ်သိန်း ၅၀ ကနေ သိန်း ၆၀၊ ၆၅ သိန်းအထိ တက်လာခဲ့ပါတယ်။

## စီမံကိန်းတွေကြောင့်

ဒဂုံလေးမြို့နယ်ရဲ့ အိမ်ခြံမြေအကျိုးဆောင် ကိုအောင်သူရက 'ဒဂုံလေးမြို့နယ် မြေကွက်အရောင်းအဝယ်ဈေးကွက်မှာ နေထိုင်သူတွေ ဝယ်တာထက် ဈေးကစားသူတွေ ဝယ်ရောင်းနေတာတွေ ပိုများနေတယ်၊ မြေဈေးကွက်မှာ မြေဈေးက လှုပ်နေတယ်၊ မြေကွက်ဝယ်သူတွေမှာ စီမံကိန်းတွေကြောင့် ပိုဝယ်လာတာဖြစ်တယ်' လို့ ပြောပါတယ်။

အိမ်ခြံမြေဈေးကွက်အခြေအနေမှာဆိုရင် ပွင့်လင်းရာသီဖြစ်တဲ့ သီတင်းကျွတ်ပြီးကစပြီး အရောင်းအဝယ်ပြန်လည်လှုပ်ခတ်လာခဲ့ပြီးတော့ ဒေါ်လာဈေးကျလာတာတွေကြောင့်လည်းလူအများစုက ဘဏ်ထဲမှာ စုထားတဲ့ငွေတွေကို အိမ်ခြံမြေဈေးကွက်မှာ ရင်းနှီးမြှုပ်နှံလာတာကို တွေ့ရတယ်လို့ သိ ရ ပါတယ်။

**မေသက်**

# ဘဏ်အရစ်ကျစနစ်ကြောင့် သိန်း ၂၀၀ ကနေ ၁၀၀၀ ကြား တိုက်ခန်းအချို့ အရောင်းအဝယ်ဖြစ်



ရန်ကုန်၊ ဒီဇင်ဘာ ၁၂– အရစ်ကျစနစ်နဲ့ ဝယ်ယူတာတွေကြောင့် ကျပ်သိန်း ၂၀၀ ကနေ သိန်း၁၀၀၀ ကြားရှိတဲ့ တိုက်ခန်းအချို့ နိုဝင်ဘာလကစပြီးတော့ အရောင်းထွက်နေတယ်လို့ shweproperty က သိရပါတယ်။

ရန်ကုန်မြို့ရဲ့ တိုက်ခန်းဈေးကွက်မှာ တန်ဖိုးသင့်တိုက်ခန်းတွေမှာ ဝယ်ယူမှုများနေပါတယ်။

'ပွင့်လင်းရာသီဖြစ်တဲ့ စက်တင်ဘာလကစပြီးတော့ တန်ဖိုးသင့်တိုက်ခန်းကို နေ့စဉ်နဲ့အမျှမေးကြ၊ ဝယ်ကြတယ်၊ သိန်း ၂၀၀ က ၆၀၀ လောက်က ပိုရောင်းကောင်းခဲ့တယ်၊ ဝယ်သူတွေမှာ ဆိုရင်လဲ ဈေးကစားဖို့ ဝယ်ယူသူတွေထက် နေထိုင်သူတွေပိုဝယ်ဖြစ်ကြတယ်' လို့ Shwe property ရဲ့ Founder &Director ဦးကောင်းသူဝင်းက ပြောပါတယ်။

အခုလို အရောင်းသွက်လာတာက အိမ်ခြံမြေကို ဝယ်ချင်ကြပေမဲ့ ဈေးကွက်ကျဆင်းဖို့ သုံး၊ လေးနှစ် စောင့် စားနေသူတွေက ဝယ်ယူလာကြတာကြောင့် ဖြစ်ပါတယ်။

'အရောင်းအဝယ်ပြန်ကောင်းလာတဲ့ အနေအထားကတော့ အဓိကကတော့ နိုင်ငံရဲ့ စီးပွားရေးအခြေကို အစိုးရကလဲ ဦးစားပေး လုပ်ကိုင်လာတာ တွေ့ရပါတယ်၊ ဒါကြောင့် စီးပွားရေးကောင်းလာရင် အိမ်ခြံမြေဈေးကွက်အခြေအနေက ကောင်းမွန်လာနိုင်တာကြောင့်လဲ ဖြစ်တယ်' လို့ i Myanmar house.com ရဲ့ မန်နေးဂျင်းဒါရိုက်တာဦးနေမင်းသူက ပြောပါတယ်။

အိမ်ခြံမြေဈေးကွက် ပြန်ကောင်းလာရခြင်းမှာ ဘဏ်တွေရဲ့ အိမ်ရာချေးငွေတွေနဲ့လည်း သက်ဆိုင်နေပါတယ်။ အိမ်ဝယ်သူတွေမှာ ငွေတစ်လုံးတစ်ခဲပေးစရာမလိုဘဲ အရစ်ကျစနစ်နဲ့ဝယ်သူတွေက ပိုများနေပါတယ်။ ဘဏ်တွေနဲ့ construction တွေနဲ့ ချိတ်ဆက်ပြီးတော့ ၃၀ ရာခိုင်နှုန်းပေးအရစ်ကျဝယ်လာနိုင်ကြတာကြောင့် ဝယ်သူပိုများလာပါတယ်။

'၂၀၁၈ အိမ်ခြံမြေဈေးကွက်မှာ သိသိသာသာ လှုပ်ခတ်ပြီး တိုက်ခန်းဝယ်သူတွေ များလာတယ်၊ နောက်ပိုင်းဆိုရင် ပိုကောင်းလာနိုင်တယ်၊ အရင်တုန်းက အိမ်ဝယ်မယ်ဆိုရင်ပိုင်ဆိုင်မှုပြရတယ်၊ ခုနောက်ပိုင်းမှာဆိုရင် ဘဏ်ချေးငွေစနစ်တွေလဲ ကောင်းမွန် လာတာကြောင့် အိမ်ခြံမြေဈေး ကွက်ပိုကောင်းလာနိုင်တယ်' လို့ ဦးမျိုးမင်းက ပြောပါတယ်။

**မေသက်**

# မြို့တွင်းခြောက်မြို့နယ် အိမ်ခြံမြေ အငှား ပိုသွက်လာ

ရန်ကုန်၊ ဒီဇင်ဘာ ၁၂– မြို့တွင်းခြောက်မြို့နယ်ရဲ့ အိမ်ခြံမြေဈေးကွက်က အခုလပိုင်းမှာ အငှားပိုသွက်လာတယ်လို့ သိရပါတယ်။

မြို့တွင်းပိုင်းတိုက်ခန်းတွေမှာ အဆောင်စငှားတာတွေ၊ ရုံးခန်းတွေအတွက် ငှားတာတွေ ရှိပြီးတော့ တိုက်ခန်းဈေးနှုန်းတွေမှာ ကျပ်နှစ်သိန်းကစပြီးတော့ ငါးသိန်း၊ ရှစ်သိန်းလောက်အထိ ရှိပါတယ်။ မီနီကွန်ဒိုတွေမှာဆိုရင် ကျပ်၁၀ သိန်းအထက်မှာ ရှိပြီးတော့ အငှားအဖြစ်ဆုံးက ကျပ်ငါးသိန်းအောက် ပိုအငှားဖြစ်နေတယ်လို့ သိရပါတယ်။

တိုက်ခန်းအငှားပိုင်းမှာဆိုရင် မြို့တွင်းဇရိယာတွေဖြစ်တဲ့ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ လမ်းမတော်၊ လသာ၊ ကျောက်တံတား၊ ပန်းဘဲတန်း စတဲ့ မြို့နယ်တွေမှာ [illegible]ဆောင်ငှားတာရော၊ တိုက်ခန်းရုံးခန်း အငှားတွေရော ဖြစ်နေပါတယ်။

'ဒီဇင်ဘာလအတွင်း တိုက်ခန်းအငှားပိုင်းမှာ တိုးတက်လာတာတွေ့ရပါတယ်၊ အဆောင်နေသူတွေက မြို့တွင်းမှာ ပိုများတယ်လေ၊ တချို့ဆိုရင် သူငယ်ချင်းတွေစုပြီး တိုက်ခန်းစုငှားနေကြတယ်၊ အောက်တိုဘာလလောက်ဆိုရင် အငှားပိုင်းမှာ အနည်းငယ်လျော့သွားတာမျိုးရှိတယ်၊ ဘာကြောင့်လဲဆိုရင် နယ်က တိုက်ခန်းစုငှားပြီးနေကြတာမှာဆိုရင် ကျောင်းသားတွေလဲရှိနေတော့ ကျောင်းပြန်တက်ရင် အခန်းအပ်ကြတာရှိတာကြောင့် အငှားပိုင်းမှာ အနည်းငယ်လျော့ကျခဲ့တယ်' လို့ အိမ်ခြံမြေအကျိုးဆောင် ဒေါ်ပြည့်က ပြောပါတယ်။

လက်ရှိမှာ ကျောင်းသားတွေဆိုရင်လည်း ကျောင်းတက် ပြန်ရောက်တာတွေကြောင့်လည်း အငှားပိုင်းပြန်ကောင်းလာခဲ့ပါတယ်။

အဆောင်စုငှားနေသူတွေမှာ အထပ်မြင့်တွေဖြစ်တဲ့ ဈေးနိမ့်တဲ့ နေရာတွေကိုငှားကြသလို ကုမ္ပဏီအငှားတွေမှာဆိုရင်လည်း အထပ်နိမ့်တွေကို ပိုစိတ်ဝင်စားငှားကြပါတယ်။

အရောင်းမှာဆိုရင်တော့ မြို့တွင်းတိုက်ခန်းတွေမှာ ဈေးများတာရယ်၊ တိုက်ခန်း၊ ကွန်ဒိုအသစ်ဆက်ထွက်တာမျိုးမရှိတာကြောင့် အရောင်းအဝယ်အေးနေပြီး အငှားသာပိုဖြစ်နေကြောင်း iMyanmar house. com မန်နေးဂျင်းဒါရိုက်တာ ဦးနေမင်းသူက ပြောပါတယ်။

**မေသက်**



www.free4readers.com








လုပ်ငန်းအကြောင်းပြပြီး ငွေကြေးထည့်ဝင်ဖို့ဆွယ်တဲ့ ပေ့ချ်တွေ ရှိသလို အတိုးနှုန်းအသေသတ်မှတ်ပြီး ရှယ်ယာရှင်တွေ ခေါ်ယူနေတာတွေလည်း ရှိပါတယ်။

# မတ်လုံးများများပေးတိုင်း ယုံရဝံ့မလား၊ အွန်လိုင်းပေ့ချ်အချို့ သတိထား

ရန်ကုန်၊ ဒီဇင်ဘာ ၁၂ - သင့်ရဲ့ငွေတွေ ရက်ပိုင်းအတွင်း နှစ်ဆတိုးလိုပါသလား။ အရင်းနည်းနည်းနဲ့ အမြတ်များများရဖို့ သည့်ပေ့ချ်မှာ ရင်းနှီးမြှုပ်နှံလိုက်ပါ။

အဲသည်စာသားကတော့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တွေ့မြင်နေရတဲ့ ငွေကြေးရင်းနှီးမြှုပ်နှံဖို့ ဆွဲဆောင်နေတဲ့ ပေ့ချ်တွေမှာ ရေးသားထားတာပါ။

အဲသည်ပေ့ချ်တွေက ခိုင်မာမှု ရှိမရှိဆိုတာတော့ ဘယ်သူမှ သေချာမပြောနိုင်ပါဘူး။ ဒါပေမဲ့ အဲသည်လို ရင်းနှီးမြှုပ်နှံဖို့ ဆွယ်နေတဲ့ ပို့စ်တွေရဲ့ အောက်မှာတော့ စိတ်ဝင်စားကြောင်း ရေးသားထားတဲ့ ကွန်မန့်တွေ ထောင်ချီတွေ့ရပါတယ်။

လုပ်ငန်းအကြောင်းပြပြီး ငွေကြေးထည့်ဝင်ဖို့ ဆွယ်တဲ့ ပေ့ချ်တွေ ရှိသလို အတိုးနှုန်းအသေသတ်မှတ်ပြီး ရှယ်ယာရှင်တွေ ခေါ်ယူနေတာတွေလည်း ရှိပါတယ်။

လုပ်ငန်းအကြောင်းပြပြီး ငွေကြေးထည့်ဝင်ဖို့မဲဆွယ်နေသူတွေရဲ့ လုပ်ငန်းလိုင်စင်၊ ကုမ္ပဏီလိုင်စင် ရှိမရှိဆိုတာ ပွင့်ပွင့်လင်းလင်းကြေညာထားတာ မဟုတ်သလို အတိုးနှုန်းအသေ သတ်မှတ်ပြီး ရှယ်ယာခေါ်တယ်ဆိုတာကလည်း တရားဝင်ခေါ်ယူခွင့်မရှိဘူးလို့ သိရပါတယ်။

အဲသည်လို လူမှုကွန်ရက် အသုံးပြုပြီး ငွေကြေးထည့်ဝင်ဖို့ စည်းရုံးတဲ့ ပေ့ချ်တစ်ခုကြောင့် ငွေကြေး သိန်းသောင်းချီပြီး လိမ်လည်ခံရတဲ့ အဖြစ်တွေလည်းရှိနေတဲ့အတွက် သတိထားဖို့ လိုတယ်လို့ လေ့လာသူတွေက ပြောပါတယ်။

အွန်လိုင်းပေါ်မှာ ရှယ်ယာခေါ်တဲ့ အလုပ်တွေက တချို့လည်း မှန်မှန်ကန်ကန် အပြင်မှာ တရားဝင်ကုမ္ပဏီ တစ်ခုအနေနဲ့ ရှိတာမျိုးလည်း ရှိပါတယ်။

တချို့ကျတော့ ရှယ်ယာခေါ်ခွင့်ရှိတဲ့ လုပ်ငန်းအမျိုးအစားမဟုတ်ဘဲ ရှယ်ယာခေါ်တာ၊ တချို့ကျတော့ ခေါ်ခွင့်ရှိတဲ့ ပမာဏထက်ပိုခေါ်တာတွေ ရှိတယ်။

MLM ဆန့်ကျင်ရေးလုပ်ကိုင်နေသူ ကိုဇင်ဇေလွင်က 'အဓိကကတော့ ရိုးရိုးရှယ်ယာ ခေါ်တယ်ဆိုတာထက် လုပ်ငန်းပြပြီး ငွေလှည့်ကစားကြတာ၊ ရှေ့မှာ ဖြစ်သွားတဲ့ ငွေသိန်းထောင်ချီ လိမ်လည်မှုဆိုတာအဲဒီလိုဖြစ်သွားတာ၊ ရှယ်ယာခေါ်ပြီးတော့ လုပ်ငန်းကို အောင်မြင်အောင် မလုပ်ဘဲနဲ့ ငွေတွေကို လှည့်လှည့်သုံးပြီး အတိုးပေးသွားတယ်ဆိုတာက အရမ်းအန္တရာယ်များပါတယ်' လို့ သုံးသပ်ပြောဆိုပါတယ်။

အတိုးနှုန်းများများပေးမယ်ဆိုပြီး လူမှုကွန်ရက်စာမျက်နှာကနေ ဆွဲဆောင်နေတဲ့ လုပ်ငန်းတွေကို ယုံကြည်ပြီး ငွေကြေးထည့်ဝင်မိတာကြောင့် ဆုံးရှုံးလိုက်ရသူတွေလည်း ရှိနေပါတယ်။

## ဟုတ်ပါ့မလား

သူကပဲ ဆက်ပြီး 'လုပ်ငန်းတစ်ခုက တစ်လကို ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း အတိုးပေးဖို့ဆိုတာ မဖြစ်နိုင်ဘူး။ တကယ့်လုပ်ငန်းရဲ့ အမြတ်ပမာဏက အဲဒီလောက် ရှိချင်မှ ရှိမယ်၊ ရှိရင်တောင် သူတို့ပြောတဲ့ တစ်လကို ၂၀ တိုး၊ ၃၀ တိုးမရနိုင်ဘူး' လို့ ဆိုပါတယ်။

ငွေကြေးထည့်ဝင်မယ့်သူတွေ အနေနဲ့ ကိုယ်ထည့်ဝင်မယ့် လုပ်ငန်းက ခိုင်မာမှုရှိမရှိ စုံစမ်းဖို့လိုသလို ချုပ်မယ့်စာချုပ်တွေ ခိုင်မာမှုရှိလားဆိုတာ ဥပဒေပညာရှင်တွေနဲ့ ဆွေးနွေးသင့်တယ်လို့ ပြောပါတယ်။

လက်ရှိအွန်လိုင်းမှာ လုပ်ကိုင်နေတဲ့ ငွေကြေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တိကျတဲ့ဥပဒေ မရှိသေးတဲ့အပြင် စိစစ်ပေးမှုတွေလည်း မရှိသေးတာကြောင့် နစ်နာမှုဖြစ်လာရင် ဖြေရှင်းဖို့ ခက်ခဲနေဆဲ ဖြစ်ပါတယ်။

အတိုးနှုန်းများများပေးပြီး ရှယ်ယာခေါ်ယူတဲ့ လုပ်ငန်းကို နိုင်ငံတကာမှာ Ponzi Scheme စနစ်အဖြစ် သတ်မှတ်ထားပြီး Multi Level Marketing စနစ်နဲ့ မတူပါဘူး။

Ponzi Scheme ဆိုတဲ့ စနစ်က တစ်လကို အတိုးနှုန်း ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်း အထိ ပေးမယ်ဆိုပြီး လူတွေကို ငွေကြေးထည့်ဝင်လာအောင် မက်လုံးပေးခေါ်ယူတာ ဖြစ်ပါတယ်။

MLM နဲ့ ကွာခြားတာက ကြားထဲမှာ အဆင့်ဆင့်ခံစားခွင့်တွေ၊ လူခေါ်ပေးရတာတွေ မရှိဘဲ သူကိုယ်တိုင်ကပဲ အတိုးပြန်ပေးတာမျိုး ဖြစ်တယ်လို့ လေ့လာသူတွေရဲ့ ပြောဆိုမှုတွေအရ သိရပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံခြားငွေကြေးအဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး ဗဟိုဘဏ်ရဲ့ မှတ်ပုံတင် လက်မှတ်မရှိဘဲ ကိုယ်စားလှယ်ရုံးဖွင့်ခွင့် မရှိကြောင်း ဥပဒေမှာပါရှိပြီး ဖြစ်ပါတယ်။

အဲသည်လို ဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်မပါရှိဘဲ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၃၆ ကို ချိုးဖောက်ရာရောက်ပြီး အနည်းဆုံး ထောင်ဒဏ် ငါးနှစ်ချမှတ်နိုင်ပါတယ်။ ဒဏ်ကြေးအဖြစ် ကျပ် သိန်း ၅၀၀ ပေးဆောင်ရမယ်လို့ သတ်မှတ်ထားပါတယ်။

ဆက်သွယ်ရေးကွန်ရက် အသုံးပြုပြီး လိမ်လည်မယ်ဆိုရင်တော့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၆၆/ဂ)အရလည်း တရားစွဲဆိုနိုင်တယ်လို့ သိရပါတယ်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၆၆/ဂ) မှာဆက်သွယ်ရေးကွန်ရက်တစ်ခုကိုအသုံးပြုပြီး ငွေကြေးနဲ့ ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူတာ၊ လိမ်လည်တာ၊ အလွဲသုံးစားပြုတာ၊ ဒါမှမဟုတ် အကျိုးပျက်စီးစေတာ စတဲ့ ပြစ်မှုထင်ရှားရင် ကျူးလွန်သူကို သုံးနှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်ဖြစ်၊ ငွေဒဏ်ဖြစ်ဖြစ် နှစ်ခုလုံးချမှတ်နိုင်တယ်လို့ ဖော်ပြပါရှိပါတယ်။

## အယုံမလွယ်ပါနဲ့

စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက 'အများအားဖြင့် အွန်လိုင်းပေါ်က ခေါ်ယူတဲ့ ငွေကြေးလုပ်ငန်းတွေက ယုံကြည်စိတ်ချရမှု အားနည်းတယ်၊ ဖြစ်နိုင်ရင် အထောက်အထား ခိုင်ခိုင်မာမာရှိရဲ့လားဆိုတာ သိဖို့လိုတယ်၊ ရှိတယ်ဆိုရင်လဲ ဘယ်လိုခွင့်ပြုထားလဲဆိုတာသိဖို့လိုတယ်၊ အဓိကကတော့ အလွယ်တကူ မယုံစားဖို့လိုတယ်' လို့ ပြောပါတယ်။

သူကပဲဆက်ပြီး ငွေရေးကြေးရေး လုပ်ငန်းတွေမှာ အွန်လိုင်းက ခေါ်တာတွေကတော့ အများစုစိတ်ချရမှုနည်းပါတယ်။ ဗဟိုဘဏ်ကနေ ခွင့်ပြုပြီး လုပ်ကိုင်ခွင့်ပေးထားတဲ့ ဘဏ်လုပ်ငန်းတွေကို မဆိုလိုပါဘူး။

အွန်လိုင်းတစ်ခုတည်းကနေ အတိုးနှုန်း များများပေးမယ်ဆိုတိုင်း အလွယ်တကူ ယုံလို့မရပါဘူးလို့ ဆိုပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ တရားဝင် ရှယ်ယာ ရောင်းချခွင့်ရှိတဲ့ ကုမ္ပဏီတွေက ၂၀၁၇ ခုနှစ် ဇူလိုင် လ ၃၁ ရက်နေ့အထိ ၅၅ ခုသာရှိပါတယ်။

လူမှုကွန်ရက်မှာအတိုးနှုန်းများများ ပေးပြီး ရှယ်ယာခေါ်ယူတာတွေအပြင် Bitcoin ခေါ် ကွန်ပျူတာနည်းပညာကို အသုံးပြုပြီး ငွေကြေးလိုမျိုး အသုံးပြုရတဲ့ ကုတ်တစ်မျိုးကို ဝယ်၊ ရောင်းလုပ်ရာမှာ ရင်းနှီးမြှုပ်နှံဖို့ မက်လုံးပေးခေါ်ယူနေတာတွေလည်း ရှိပါတယ်။

အဲသည်လို ရင်းနှီးမြှုပ်နှံဖို့ မက်လုံးပေး ခေါ်ယူရာမှာ မြန်မာငွေ ကျပ် ၂၀,၀၀၀ ကနေ စတင်ခေါ်ယူတာ ဖြစ်ပြီး အများဆုံးကျပ် ၂၅၀,၀၀၀ အထိ ရင်းနှီးမြှုပ်နှံရမှာဖြစ်ပါတယ်။

ထည့်ဝင်တဲ့ ငွေကြေးပမာဏအလိုက် အတိုးနှုန်း တွက်ပေးတာဖြစ်ပြီး ၁၀ ရက်ကို တစ်ကြိမ် အမြတ်ငွေလွှဲပေးတယ်လို့ ဆိုပါတယ်။

လူမှုကွန်ရက် စာမျက်နှာပေါ်မှာ ပေ့ချ်တစ်ခုအဖြစ် ဖွင့်လှစ်ကာ ခေါ်ယူနေတာဖြစ်ပြီး သူ့ရဲ့ပေ့ချ်မှာ အမြတ်ငွေလွှဲပေးထားသူတွေရဲ့စာရင်းကို အားကျစရာ ဖြစ်အောင် တင်ပေးထားပါတယ်။

အဲသည်လို အမြတ်ငွေလွှဲထားတဲ့ သူတွေကို တင်ပေးထားပေမဲ့ လုပ်ငန်းနဲ့ပတ်သက်တဲ့ ခိုင်မာမှုကို မေးကြည့်တဲ့အခါမှာ အချက်အလက် တိတိကျကျ မပြနိုင်တာကို တွေ့ရပါတယ်။

လူမှုကွန်ရက်ပေါ်က မက်လုံးပေး ခေါ်ယူနေတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အစပိုင်းမှာ ငွေတိုးမှန်အောင်ပေးနေပေမဲ့ နောက်ပိုင်းငွေကြေးထည့်ဝင်သူမရှိရင် ခိုင်မာဖို့ မလွယ်ကူပါဘူး။

ရှယ်ယာကို အလွန်မြင့်တဲ့ အတိုးနှုန်းပေးပြီး ခေါ်နေမယ်ဆိုရင်တော့ ကိုယ့်ကို အတိုးနှုန်းပေးဖို့ သူက တစ်လကို ၄၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်းလောက် အမြတ်တကယ်ရနေရဲ့လားဆိုတာ သိဖို့ လိုပါတယ်။

စုပေါင်းရင်းနှီးငွေတန်ဖိုးကိုလည်း မပြောပြဘဲ ထည့်ဝင်သလောက်ငွေကို လက်ခံတာ၊ လုပ်ငန်းလည်ပတ်စရိတ် အရှုံးအမြတ်စာရင်းရှင်းတမ်းတွေကို သေချာချမပြတာ၊ ရှေ့နေတွေ ရှေ့မှာ မှတ်ကျောက်တင် အစစ်ခံနိုင်တဲ့ စာချုပ်စာတမ်းချုပ်ဆိုမှုမျိုး မလုပ်တာ၊ လုပ်နေတယ်ဆိုတဲ့ လုပ်ငန်းတွေ လည်ပတ်အား၊ ရောင်းအားတိုးတက်နှုန်းကလည်း ပေးထားတဲ့ အတိုးနှုန်းနဲ့ယှဉ်လိုက်ရင် သိသာလောက်အောင် မရှိတာ၊ လုပ်ငန်းတွေက အပြောနဲ့သာ မြတ်နေပြီး စားသုံးသူဈေးကွက်မှာ နေရာမရတာ စတာတွေ ဖြစ်နေရင်တော့ အဲသည်လုပ်ငန်းကို ယုံကြည်ပြီး ရင်းနှီးမြှုပ်နှံသူတွေ ဆုံးရှုံးဖို့ ရာခိုင်နှုန်း များနေတယ်လို့ လေ့လာသူတွေက သတိပေးပြောဆိုကြပါတယ်။

မေသော်တာမောင်

www.free4readers.com





အိန္ဒိယသမ္မတရှရီရမ်နက်သ်ကိုဗင့်ဒ်နဲ့ သမ္မတဦးဝင်းမြင့်တို့ နှစ်နိုင်ငံကုန်သွယ်ရင်းနှီးမြှုပ်နှံမှုနဲ့ အကူအညီပေးရေးကိစ္စရပ်တွေ ဆွေးနွေးကြပါတယ်။

# အိန္ဒိယအစိုးရနဲ့ ပြည်သူတွေ မြန်မာဘက်က ရပ်တည်နေဟု အိန္ဒိယသမ္မတ ပြော

နေပြည်တော်၊ဒီဇင်ဘာ ၁၂-အိန္ဒိယအစိုးရနဲ့ ပြည်သူတွေက မြန်မာဘက်က ရပ်တည်နေကြတယ်လို့ အိန္ဒိယသမ္မတက ပြောကြားပါတယ်။

သည်သဘောထားရပ်တည်ချက်တွေနဲ့အတူကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအပါအဝင် ကုလားတန်မြစ်ကြောင်းဘက်စုံစီမံကိန်းနဲ့ မြန်မာနိုင်ငံက ပဲမျိုးစုံတင်ပို့နိုင်ရေးအတွက် သီးသန့်ခွဲတမ်းကိုတာ (Quota) ခွင့်ပြုရေးကိစ္စတွေကို နေပြည်တော်တွေ့ဆုံမှုမှာ ထည့်သွင်းဆွေးနွေးခဲ့ကြပါတယ်။

သမ္မတဦးဝင်းမြင့်ရဲ့ဖိတ်ကြားချက်အရမြန်မာနိုင်ငံကို ပထမဆုံးတရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိလာတဲ့အိန္ဒိယနိုင်ငံသမ္မတရှရီရမ်နက်သ်ကိုဗင့်ဒ်နဲ့ဇနီးရှရီမတီဆာဗီးတာကိုဗင့်ဒ်တို့ဟာ ဒီဇင်ဘာလ ၁၁ ရက်နေ့က နိုင်ငံတော်သမ္မတအိမ်တော်မှာ သမ္မတဦးဝင်းမြင့်နဲ့ တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။

တွေ့ဆုံစဉ်မှာ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံတင်ပို့နိုင်ရေးအတွက် သီးသန့်ကိုတာ(Quota) ခွင့်ပြုရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများအကူအညီပေးရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစတဲ့ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒါ့အပြင် နေရောင်ခြည်စွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသပြည်သူများရဲ့ ဘဝလုံခြုံအေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ ဒေသတွင်းနဲ့ နိုင်ငံတကာမှာ အိမ်နီးချင်းကောင်း စိတ်ဓာတ်ဖြင့် အပြန်အလှန်ရိုင်းပင်းကူညီရေးတို့အတွက် အကူအညီပေးရေး၊ ကုလားတန်မြစ်ဘက်စုံစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ရေး စတဲ့ကဏ္ဍတွေကိုလည်း ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ရခိုင်အရေးနဲ့ပတ်သက်ပြီးတော့လည်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် အိန္ဒိယသမ္မတနိုင်ငံဘက်က ကူညီထောက်ပံ့ပေးနေမှုအခြေအနေတွေကို ဆွေးနွေးကြပါတယ်။ ရခိုင်အရေးမှာဆိုရင် နေရပ်စွန့်ခွာသွားသူတွေပြန်လည်နေရာချထားရေးအတွက်လည်း အိန္ဒိယဘက်က ထောက်ပံ့ပေးလျက်ရှိတဲ့ Prefabricated Houses အလုံး ၂၅၀ အနက် တည်ဆောက်ပြီးဖြစ်တဲ့ အိမ်အလုံး ၅၀ ကို PB Board ဖြင့် အိန္ဒိယသမ္မတနိုင်ငံကိုယ်စား သံအမတ်ကြီးက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးဆီ လွှဲပြောင်းပေးအပ်ခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုမှာ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ ပုဂံဘုရားများပြုပြင်မွမ်းမံရေးမှာအကူအညီပေးနေတဲ့ကိစ္စ၊ နှစ်နိုင်ငံပြည်သူများ ပိုမိုရင်းနှီးချစ်ကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ခိုင်မြဲတိုးတက်စေရေး အိန္ဒိယနိုင်ငံသားခရီးသွားများအတွက် မြန်မာနိုင်ငံဘက်က ဆိုက်ရောက်ဗီဇာထုတ်ပေးခဲ့ခြင်းကိစ္စတွေကိုလည်း ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ဒီဇင်ဘာလ ၁၁ ရက်နေ့ဂုဏ်ပြုညစာစားပွဲမှာလည်း အိန္ဒိယနိုင်ငံရဲ့ 'အရှေ့နှင့် ထိတွေ့ဆက်ဆံရေး' နှင့် 'အိမ်နီးချင်းဦးစားပေးရေး' ဆိုတဲ့မူဝါဒတွေအပေါ် အခြေခံပြီး နိုင်ငံခြားဆက်ဆံရေးကဏ္ဍမှာ မြန်မာနိုင်ငံကို ဦးစားပေးအဖြစ် သတ်မှတ်ပြီး ဆက်ဆံဆောင်ရွက်နေတဲ့အတွက် ကျေးဇူးတင်ရှိကြောင်းနဲ့မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံနဲ့ မဟာဗျူဟာမြောက် နီးကပ်တည်ရှိနေပြီး အိန္ဒိယနိုင်ငံနဲ့ အာဆီယံအကြား ကုန်းမြေပေါင်းကူးတံတားသဖွယ်တည်ရှိနေတဲ့အနေအထားကြောင့် အိန္ဒိယနိုင်ငံရဲ့'အရှေ့နှင့်ထိတွေ့ဆက်ဆံရေး' မူဝါဒနဲ့အပြန်အလှန်အထောက်အကူပြုစေမှာဖြစ်တယ်လို့ သမ္မတဦးဝင်းမြင့်က ပြောကြားပါတယ်။

အိန္ဒိယနိုင်ငံသမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်ကလည်း ဂုဏ်ပြုညစာစားပွဲမှာ မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့စီးပွားရေးပြန်လည်ကောင်းမွန်ရေးအတွက် ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို အိန္ဒိယနိုင်ငံအနေနဲ့ သတိပြုမိကြောင်းနဲ့ အိန္ဒိယအစိုးရနဲ့ပြည်သူများက မြန်မာနိုင်ငံဘက်မှ ရပ်တည်နေကြကြောင်းပြောကြားခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ညီညွတ်ရေး ဆောင်ရွက်ခြင်းတွေကို အိန္ဒိယနိုင်ငံအနေနဲ့ အပြည့်အဝထောက်ခံကြောင်းနဲ့ အဆိုပါအချက်များဟာ မိမိတို့အားလုံးအတွက် အခြေခံအကျိုးစီးပွားများလည်းဖြစ်ပါကြောင်း၊ အဆိုပါအချက်များမရှိဘဲ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနဲ့ထိစပ်နေတဲ့ အရှေ့မြောက်ဒေသရှိမိမိတို့ပြည်သူများဖွံ့ဖြိုးတိုးတက်ရေးနှင့်ချမ်းသာကြွယ်ဝရေးတို့ကို ဖော်ဆောင်နိုင်မည်မဟုတ်ကြောင်းလည်း ပြောကြားပါတယ်။

## စာချွန်လွှာလက်မှတ်ထိုး

သမ္မတဦးဝင်းမြင့်နဲ့ အိန္ဒိယသမ္မတတို့ တွေ့ဆုံချိန်မှာ နားလည်မှုစာချွန်လွှာနှစ်ရပ် လက်မှတ်ရေးထိုးခဲ့ပါတယ်။

ပထမတစ်ခုကတော့ မြန်မာနိုင်ငံရှိ တရားသူကြီးများနဲ့ တရားရေးအရာရှိပေါင်း ဦးရေ ၄၀၀ ကို အိန္ဒိယနိုင်ငံရှိ တရားရေးဆိုင်ရာကဏ္ဍတွေကို လေ့လာနိုင်ဖို့ စေလွှတ်နိုင်ရေးနားလည်မှုစာချွန်လွှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက တရားသူကြီးတွေနဲ့ တရားရေးအရာရှိတွေ အိန္ဒိယကိုစေလွှတ်ပြီး သင်တန်းပေးတာနဲ့ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနဲ့အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့က လက်မှတ်ရေးထိုးခဲ့ကြတာဖြစ်ပါတယ်။

နားလည်မှုစာချွန်လွှာရဲ့သက်တမ်းက လက်မှတ်ရေးထိုးတဲ့နေ့ရက်ကနေ ငါးနှစ်ဖြစ်ပြီး မြန်မာနိုင်ငံမှ တရားသူကြီးများနဲ့ တရားရေးအရာရှိများကို အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေးအကယ်ဒမီကို စေလွှတ်ပြီး တရားစီရင်ရေးဆိုင်ရာဘာသာရပ်များ၊ တရားမနှင့်ရာဇဝတ်ဥပဒေများ၊ လူ့အခွင့်အရေးဆိုင်ရာဥပဒေ၊ ဆေးပညာနှင့်ဥပဒေသိပ္ပံပညာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပစ္စည်းဆိုင်ရာဥပဒေနှင့် ပဋိညာဉ်ဥပဒေဆိုင်ရာများကို လေ့လာသင်ယူခွင့်ရရှိမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှတရားသူကြီးများနဲ့ တရားရေးအရာရှိများကို စေလွှတ်ရာမှာ တစ်နှစ်လျှင် ဦးရေ ၈၀ အထိဖြစ်ပြီး တစ်ကြိမ်လျှင်ဦးရေ ၄၀ အထိ နှစ်ကြိမ်ခွဲကာ စေလွှတ်မှာဖြစ်ပါတယ်။ ငါးနှစ်ဖြစ်တဲ့အတွက် တရားသူကြီးများနဲ့ တရားရေးအရာရှိ စုစုပေါင်း ၄၀၀ ကို စွမ်းဆောင်ရည်မြှင့်တင်ပေးသွားနိုင်မှာဖြစ်တယ်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရဲ့ သတင်းထုတ်ပြန်ချက်အရသိရပါတယ်။

နောက်တစ်ခုကတော့ ၂၀၁၈ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ ဆောင်ရွက်မယ့် အိန္ဒိယအစိုးရနဲ့မြန်မာအစိုးရတို့အကြား သိပ္ပံနှင့်နည်းပညာပူးပေါင်းရွက်မှုအစီအစဉ်နားလည်မှုစာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ သည်စာချွန်လွှာကိုတော့ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနဲ့အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးရှရီဗစ်ခရမ်မစ်ဆရီတို့က လက်မှတ်ရေးထိုးခဲ့ကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်ရောက်ရှိလာတဲ့ အိန္ဒိယသမ္မတရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ ငါးရက်တာ ကြာမြင့်မှာ ဖြစ်ပါတယ်။ မာရီနိုင်

www.free4readers.com



# ဒေါ်လာတွေ အလုံးအရင်းနဲ့ ဗဟိုဘဏ် ဝယ်တာ ဘာကြောင့်လဲ



ကျတဲ့အချိန်မှာ အကျသက်သာအောင် တက်တဲ့အချိန်မှာလဲ အတက်သက်သာအောင် ပြုလုပ်တာ ဖြစ်တယ်။

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂ –** စမ်းချောင်းပဒုမ္မာလမ်းအတွင်းမှာရှိတဲ့ ရွှေမြို့တော် လက်ဖက်ရည်ဆိုင်မှာ အသက် ၆၀ တန်းအရွယ် ငယ်သူငယ်ချင်း သုံးယောက် လက်ဖက်ရည်သောက်ရင်း ငြင်းခုံနေကြပါတယ်။ အချိန်က မနက် ၈း၀၀ နာရီပါ။

အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဦးနီက 'ဒေါ်လာဈေးတက်နေတုန်းကတော့ ဗဟိုဘဏ်ဆိုတာ ဘယ်ရောက်နေမှန်းမသိဘူး၊ အားလုံးက ဝိုင်းပြောကြ ပြုကြတော့မှ ဈေးကွက်ထဲ ရောင်းပေးတယ်၊ အခုကျရိပ်ပြရုံရှိသေး အူယားဖားယားနဲ့ ထဝယ်တယ်၊ ဝယ်တော့လဲ ဈေးက ၅၀ လောက် ပိုပေးပြီး ဝယ်တယ်၊ ၁.၅ ဘီလျံဆိုတာ နည်းတဲ့ငွေမှတ်လို့၊ ဘဏ်တွေက အချိန်ပိုင်းလေးအတွင်း ဘီလျံနဲ့ချီပြီး မြတ်သွားတယ်၊ ပြည်သူတွေက ခံဘက်ကပဲ၊ ရွှေဈေး၊ စက်သုံးဆီဈေး၊ ကုန်ဈေးနှုန်းတွေ ကျရမယ့်ဟာ မကျတော့ဘူး၊ ကိုယ်တွေက စီးပွားရေးမလုပ်တတ်တော့ ဘဏ်မှာပဲထားတာ၊ မြန်မာငွေကြေးတန်ဖိုးကျတာကိုတော့ လက်မခံဘူး' လို့ ပြောပါတယ်။

သူငယ်ချင်းဖြစ်သူ ဦးမြတ်အောင်ကတော့ လက်ဖက်ရည်တစ်ကျိုက်သောက်လိုက်ရင်း 'ကျဈေးနဲ့ ဆက်မကျအောင် ထွက်ဝယ်ပြီး ရောင်းသူဆက်မရောင်းနိုင်အောင် ဝယ်တာကမှ ဈေးထိန်းတာပါ၊ ဈေးချရောင်းနေတုန်း အမြင့်ဈေးဖွင့်ပြီး ဝယ်နေတာက ဈေးကိုမြှောက်ပေးသလိုဖြစ်သွားတယ်၊ တစ်ခုရှိတာက နိုင်ငံခြားပို့ကုန်အများကြီးမရှိပေမဲ့ ဆန်ကြမ်းတွေတော့ တင်ပို့နေတယ်၊ ဆန်ဈေးတွေကျရင်တော့ တောင်သူတွေအထိ ထိခိုက်နိုင်တာမျိုးတော့ရှိတယ်၊ ငွေကြေးဈေးကွက်ဆိုတော့လဲ နားမလည်ရင် မှန်းဆရခက်ခဲပါတယ်' လို့ ဆိုတယ်။

နောက် သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ငွေကြေးဈေးကွက်လေ့လာသူ ဦးကျော်က 'ဒေါ်လာဈေး နည်းနည်းပြန်ကျတာကို ကျတယ်လို့ ပြောနေကြတာလား၊ ၂၀၀၈ ခုနှစ် မေလမှာ ဒေါ်လာဈေးဟာ ကျပ် ၁၃၅၀ အောက်မှာပဲရှိတယ်၊ အခု ခုနစ်လအတွင်းမှာ ဒေါ်လာဈေး တစ်ဒေါ်လာကို ၂၀၀ ကျော်အထိ မြင့်တက်ခဲ့တယ်၊ အခု နည်းနည်းလေး ဈေးပြန်ကျတာကို ကျတယ်လို့ ပြောနေကြတာလား၊ တစ်ဒေါ်လာကို ကျပ် ၁၀၀၀ အထိ ကျအောင် ချရမှာ၊ အခြားအဝေးကြီး မကြည့်နဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံကိုပဲ ကြည့်ပါ၊ ၁၉၉၀ ခုနှစ်မှာ တစ်ဒေါ်လာကို ၂၅ ဘတ်ရှိတယ်၊ အခုလက်ရှိ တစ်ဒေါ်လာကို ၃၆ ဘတ်ဆိုတော့ နှစ်ပေါင်း ၂၈ နှစ်မှာ ထိုင်းနိုင်ငံရဲ့ ဒေါ်လာဈေးက ၁၁ ဘတ်ပဲတက်တယ်၊ သူတို့နိုင်ငံရဲ့ငွေတန်ဖိုးကို အရမ်းထိန်းကြတယ်၊ အဲဒီ ၁၉၉၀ တုန်းက အမေရိကန်တစ်ဒေါ်လာကို မြန်မာကျပ်ငွေ ၅၀ ပဲ ရှိတယ်၊ အခု ၁၅၈၀ ကျပ်ဆိုတော့ ၂၈ နှစ်အတွင်းမှာ မြန်မာငွေတန်ဖိုး ဘယ်လောက်အထိ ကျဆင်းသွားပြီလဲ' လို့ ညည်းညူတယ်။

ဦးနီကတော့ 'တော်တော်စိတ်မကောင်းဖြစ်မိတယ်၊ ဒီကိစ္စကိုကြောက်လဲ ကြောက်မိတယ်၊ တက်နေရင် လျှော့ရောင်း၊ ကျနေရင် တက်ဝယ်၊ ဖြေရှင်းနည်းကို လုံးဝသဘောမကျဘူး၊ ဒီလိုပဲ ဖြေရှင်းနေရင် ဒေါ်လာအရောင်းအဝယ်လုပ်သူတွေ ချမ်းသာပြီး ကျန်တဲ့သူ အလိုလို အကြွေးတင်တော့မယ်၊ အလိုက်သင့် စီးမျောပြီး အားနည်းချက်တွေကို ကိုယ့်မှာရှိတဲ့ အားသာချက်နဲ့ ခုခံချေဖျက်တဲ့နည်းနဲ့ ဖြေရှင်းဖို့ စဉ်းစားသင့်တယ်၊ အခုဟာက ပဲ့မပါတဲ့လှေကြီးလို ဖြစ်နေတယ်၊ ဝဲချာဝဲချာနဲ့ အစုန်မှာ မျောတာတောင် ကောင်းကောင်းရှေ့မရောက်ချင်ဘူး၊ ကျောက်ဆောင်မှာ ကန့်လန့်တင်မယ့်ကိန်း၊ လုပ်လိုက်ရင် ကျားရှေ့မှောက် လျက်လဲလဲနေကြတယ်၊ ဒီကိစ္စက ဒီတစ်ရက်နဲ့လဲပြောလို့ မကုန်နိုင်ဘူး၊ အလုပ်ချိန် လဲ နီးပြီ၊ သွားကြစို့' လို့ ပြောရင်း သူငယ်ချင်း သုံးယောက်ရဲ့ လက်ဖက်ရည်ဝိုင်းလေးကို ရုပ်သိမ်းလိုက်ကြပါတယ်။

## ၁.၅ ဘီလျံ

အဲသည်ကိစ္စနဲ့ပတ်သက်ပြီး ငွေကြေးဈေးကွက်ကျွမ်းကျင်သူ ဒေါက်တာ စိုးထွန်းကတော့ 'ပြင်ပမှာ အိတ်စပို့တာတွေရဲ့ဒေါ်လာဈေး ၁၅၀၀–၁၅၁၅ ကျပ် ဖြစ်နေချိန်မှာ ဗဟိုဘဏ်က တစ်ဒေါ်လာ ၁၅၇၀ လောက်နဲ့ သန်း ၃၀ (သိန်း ၃၀၀)ကို ပုဂ္ဂလိကဘဏ်တွေက ဝယ်ပေးတယ်၊ တစ်ဒေါ်လာကို ၄၀၊ ၅၀၊ ၆၀ ကျပ်အကွာနဲ့ ဝယ်ပေးတယ်၊ အရှုံးခံပြီးတော့ကို ဝယ်ပေးတယ်၊ ၅၀ ကျပ် × သန်း ၃၀= ကျပ်သန်း ၁၅၀၀ (၁.၅ ဘီလျံပါ)၊ ပုဂ္ဂလိကဘဏ်တချို့က အိတ်စပို့တာတွေဆီက ဒေါ်လာဈေးသက်သက်သာသာနဲ့ဝယ်ပြီး ဗဟိုဘဏ်ကို ပြန်သွင်းကြတာပေါ့၊ အင်း ဘယ်လိုပြောရမလဲ၊ တည်ငြိမ်မှုအတွက် လုပ်တယ်လို့ ယူဆရပါတယ်' လို့ ဆိုတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက ဒေါ်လာဈေးကျခဲ့တာဖြစ်ပြီး ဗဟိုဘဏ်ဟာ ဈေးကွက်ထဲက အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်ဖိုး ဝယ်ယူပေးလိုက်တယ်ဆိုတဲ့သတင်း ထွက်ပေါ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၄ ရက်နေ့က ဒေါ်လာဈေး ကျပ် ၁၅၀၀ အထိ ကျဆင်းခဲ့ပြီး သည်ကနေ့မှာတော့ ဒေါ်လာဈေးဟာ ကျပ် ၁၅၈၀ အထိ ပြန်လည်မြင့်တက်လာပါတယ်။ ဒေါ်လာဈေး ကျဆင်းတဲ့အချိန် ဗဟိုဘဏ်ရဲ့လုပ်ဆောင်ချက်ကို စီးပွားရေးအသိုင်းအဝန်းက မှန်ကန်တဲ့လုပ်ဆောင်ချက်ဖြစ်တယ်လို့ သုံးသပ်တာတွေရှိသလို ဒေါ်လာဈေး ဆက်လက်ကျဆင်းစေဖို့ မဝယ်သင့်ဘူးလို့ ဝေဖန်တာတွေလည်း ရှိနေပါတယ်။



## လုပ်ရိုးလုပ်စဉ်

အဲသည်ကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက 'ဒါက Banking နဲ့ ပတ်သက်လို့ အော်ပရေးရှင်းတစ်ခုပါပဲ၊ မားကက်ထဲဝင်ပြီး ထိန်းသိမ်းတာပါ၊ မားကက်အင်တာဗင်းရှင်းလို့ခေါ်တယ်၊ ကျတဲ့အချိန်မှာ အကျသက်သာအောင် တက်တဲ့အချိန်မှာလဲ အတက်သက်သာအောင် ပြုလုပ်တာဖြစ်တယ်၊ ဒါဟာ ဗဟိုဘဏ်ရဲ့ လုပ်ရိုးလုပ်စဉ်လုပ်ငန်းတစ်ခုပဲဖြစ်တယ်' လို့ ပြောပါတယ်။

> "ငွေကြေးစနစ်တည်ငြိမ်အောင်လုပ်တာက အဓိကထားလိုက်တာ၊ အမြတ်က အဓိက မဟုတ်ဘူး"

သူက ဆက်ပြောရာမှာ ဗဟိုဘဏ်အနေနဲ့ ကိုယ့်ရဲ့အရန်ငွေကြေးတောင့်တင်းလာအောင် ဈေးကွက်ထဲမှာ ဝယ်ပြီး စုဆောင်းတာမျိုးလည်း ရှိတယ်။ ရှုထောင့်အမျိုးမျိုးက ကြည့်ရင်တော့ လုပ်ရမယ့် အော်ပရေးရှင်းတစ်ခုပါပဲ။ ဒါပေမဲ့ တိုင်မင်ကိုတော့ မသိဘူးပေါ့။ သည်အချိန်မှာ သည်လောက်ဝယ်သင့်သလား၊ မဝယ်သင့်ဘူးလားဆိုတာတော့ တစ်ယောက်နဲ့တစ်ယောက် ဆုံးဖြတ်တာချင်းတော့ မတူပါဘူး။ အဲသည်အချိန်က ဈေးနှုန်းအတက်အကျဟာ ပုံမှန်အခြေအနေဆိုရင်တော့ ဘာမှပြဿနာမရှိပါဘူး။ ဒါပေမဲ့ အဲသည်နေ့ တစ်နေ့တည်းကို ကြည့်ရင် ဈေးက အကျကြမ်းနေပါတယ်။ အဲသည်လို အကျကြမ်းတဲ့အချိန်မှာတော့ ဆုံးဖြတ်ချက်က မှန်ချင်လည်းမှန်တယ်လို့ ဆုံးဖြတ်တဲ့သူ ရှိချင်ရှိမယ်။ တချို့ကျတော့လည်း သည်လိုအချိန်မျိုးမှာ မဝယ်သင့်ဘူးဆိုတာမျိုးလည်း ရှိနိုင်ပါတယ်။ လူတွေရဲ့အမြင်က ကွဲပြားနိုင်ပါတယ်။

ဒါပေမဲ့ ကျွန်တော်ဆိုလိုတာက အများက မီဒီယာတွေမှာ ပြောနေကြသလို ဗဟိုဘဏ်က နံပါတ် (၁) အနေနဲ့ ဈေးကျမှာစိုးလို့ ဝယ်တယ်ဆိုတာ မဟုတ်ပါဘူး။ နောက်နံပါတ် (၂) အချက်က ဘဏ်တွေကို အကျိုးရှိအောင် တမင်တကာလုပ်ပေးတယ်ဆိုတဲ့ စွပ်စွဲချက်ကလည်း လုံးဝမမှန်ပါဘူး။ ဒါကိုတော့ ကျွန်တော်လုံးဝ ငြင်းလို့ ရတယ်။ သို့ပေမဲ့လို့ ဆုံးဖြတ်ချက်မှန်တယ်၊ မမှန်ဘူးဆိုတာက လုပ်တဲ့ဆုံးဖြတ်ချက်တိုင်းဟာ အမြဲမှန်ချင်မှ မှန်မယ်။ နောက်ပြီး မှန်တယ် မမှန်ဘူးဆိုတဲ့သုံးသပ်ချက်ဟာ ကြည့်တဲ့သူပေါ်မှာလည်း မူတည်တယ်။

သည်အော်ပရေးရှင်းတွေဟာ အခါအားလျော်စွာ လုပ်ရမှာပါ။ လုပ်တဲ့အခါမှာ ဆုံးဖြတ်ချက်တွေ ပိုကောင်းလာအောင် ဈေးကွက်ကို ပိုမြင်လာအောင်တော့ ကျွန်တော်တို့ဘက်ကလည်း ကြိုးစားရမယ်။ ဒါပေမဲ့ စွပ်စွဲထားသလို ကျမှာစိုးလို့ ကာတာတို့ သူများအကျိုးရှိအောင်လုပ်တာတို့ မဟုတ်ပါဘူး။ ဗဟိုဘဏ်ရဲ့ မိုးတစ်ဟာ အဓိက အမြတ်မဟုတ်ဘူး။ အမြတ်မဟုတ်ဘူးဆိုလို့ ဆုံးရှုံးသွားတာတွေ ဂရုမစိုက်ဘဲ အဟောသိကံလုပ်ဖို့လည်း မဟုတ်ဘူး။ ဥပမာ ဒီပို့စ်ဆစ်အော့ပရှင်းတွေ လုပ်နေတယ်။ ဒီပို့ဆစ်အော့ပရှင်းလုပ် တယ်ဆိုတာ ဘဏ်တွေမှာ အရှုံးသက်သာအောင်၊ ငွေဖောင်းပွမှု နည်းသွားအောင် လုပ်ရတာဖြစ်တယ်။ အဲဒါအတွက် အတိုးသပ်သပ်ပေးရတယ်။ ဒါတွေကိုလည်း နောက်ပိုင်း တိုးလုပ်သွားမှာပါ။ ဆိုလိုတာက ငွေကြေးစနစ်တည်ငြိမ်အောင် လုပ်တာက အဓိကထားလိုက်တာ၊ အမြတ်က အဓိက မဟုတ်ဘူးလို့ ဦးစိုးသိန်းက ပြောပါတယ်။

**အောင်ထွန်းဦး**

www.free4readers.com












Photo- Master Chef Myanmar

စားဖိုမှူးပြိုင်ပွဲအတွက် ပြင်ဆင် ချက်ပြုတ်နေစဉ်။

ရှိတယ်။ သူတို့က လူစိတ်ဝင်စားအောင် လုပ်တာမှန်ပေမဲ့ ကျွန်မအတွက် ထိခိုက်မှုတွေရှိနိုင်တယ်ဆိုတာထည့်ပြီး တွေးပေးသင့်တယ်။

**မော်ဒန်။ ။တီဗီကနေလာတဲ့ ပြိုင်ပွဲထုတ်လွှင့်မှုကြောင့် ဘယ်လို ထိခိုက်မှုတွေ ရှိလဲ။**

**မအေးအေးသိန်း။** ။အခုလိုမျိုး ပရိသတ်ကိုချပြလိုက်တဲ့အချိန်မှာ ကျွန်မကို အသုံးချလိုက်တာက ကျွန်မတို့အပေါ်မှာ အများကြီး ရိုက်ခတ်ပြီး နစ်နာခဲ့တယ်ဆိုတာ သိစေချင်ပါတယ်။

သူတို့ အစီအစဉ်အောင်မြင်ဖို့ ကျွန်မကိုအသုံးချပြီးတော့ သည်လိုတွေ လုပ်လိုက်တဲ့ အပေါ်မှာအရမ်းထိခိုက်မိပါတယ်။ အဆဲခံရတယ်။ အပြောခံရတယ်။ ကျွန်မမိသားစုအပေါ်မှာ ရိုက်ခတ်လာတော့ အရမ်းကို ခံစားရတယ်။ ဖြစ်ခါစကဆို ကျွန်မ အိပ်ရာထဲလဲတဲ့အထိပါ ဖြစ်ခဲ့ရတယ်။

သည်လိုမျိုးတွေ လိုချင်တဲ့ အပိုင်းကိုဖြတ်ပြီး လုပ်လိုက်တော့ ကျွန်မတို့အတွက် အရမ်းနစ်နာတယ်။

**မော်ဒန်။ ။ကိုယ်က မိခင်တစ်ယောက်ဖြစ်နေတော့ကလေးတွေကိုရော သည်ကိစ္စအတွက် ဘယ်လိုအားပေးထားသလဲ။**

**မအေးအေးသိန်း။** ။ကလေးတွေရဲ့ စိတ်ကိုတော့ မြှင့်တင်ပေးရတယ်။ သားသမီးတွေကို ဆုံးမတာတော့ အမှန်တရားကိုပဲပြောပြထားတယ်။ မေမေ့ဘက်ကမှန်တယ်ဆိုတဲ့ အကြောင်းပြောထားတယ်။ ကိုယ့်သားသမီးလေးတွေအပြောခံရတော့စိတ်ထဲမကောင်းဘူး။ ဒါပေမဲ့ ကျွန်မ ကလေးတွေရှေ့မှာမငိုဘူး။ သည်ကိစ္စတွေပေးမသိဘူး။ အိမ်မှာပျော်ပျော်ပဲနေတယ်။ ကိုယ်ကတော့ ခံစားရတယ်။ ကျွန်မတို့အိမ်မှာ အဲသည် အကြောင်းအရာကို မဆွေးနွေးဘူး။ အဲသည်ကိစ္စတွေကို အိမ်ထဲကို အဝင်မခံဘူး။

**မော်ဒန်။ ။ဝေဖန်ဆဲဆိုတဲ့ သူတွေကိုရော ဘယ်လို တုံ့ပြန်ဖို့ ရှိလဲ။**

**မအေးအေးသိန်း။** ။ဘယ်လိုမျိုးမှ မတုံ့ပြန်ပါဘူး။ အဲသည် အပေါ်မှာလည်းစိတ်မဆိုးတော့ဘူး။ လူဆိုတာကိုယ်ထင်ရာကိုပြောကြတာပဲလေ။ ပထမပိုင်းတုန်းကတော့ ရိုက်ကွင်းနောက်မှာ ဖြစ်တာလေးတွေပြောသေးတယ်။ အခုနောက်ပိုင်းတော့ မပြောတော့ဘူး၊ ဖြစ်တာလည်းဖြစ်ပြီးပြီ၊ ပြီးတာလည်းပြီးသွားမှာပဲဆိုပြီး အဲသည်စိတ်နဲ့ပဲနေလိုက်တယ်။

ရိုက်ကွင်းနောက်ကွယ်က ဟာတွေသူတို့မသိဘူးလေ။ မသိတော့ ဆဲကြဆိုကြ ပြောကြတယ်။ အဲသည်အပေါ်မှာတော့ လူတွေကိုကျွန်မအပြစ်မတင်ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဖန်သားပြင်တစ်ကွက်ပဲမြင်တာလေ။ သူတို့ ဂယနဏမှ မသိတာ။ အဲသည်အချိန်မှာ ကြည့်တဲ့သူတွေကလည်း အဲသည်တစ်ကွက်ကိုပဲ မြင်ပြီးပြောကြတာပေါ့။

ကျွန်မက အဲဒါတွေကို ကြည့်လည်းမကြည့်ဘူး။ သိလည်းမသိချင်တော့ဘူး။ ကိုယ့်ဘာသာ အေးအေးဆေးဆေးလေးပဲ နေလိုက်တော့တယ်။ ကိုယ့်စိတ်ကိုကိုယ်အားပေးတယ်။ မိသားစုတွေက အားပေးတယ်။ ကျွန်မ အတွက်တော့ သင်ခန်းစာပါပဲ၊ စောစောစီးစီး မြန်မြန်ပြုတ်ခဲ့ရင် ပြီးရောဆိုပြီးတွေးမိတယ်။ ကျွန်မ အမျိုးသားဆိုလည်း စိတ်မကောင်းဖြစ်ပြီး ကျွန်မကို အားပေးတယ်။ ဘယ်သူမပြု မိမိမှုပဲကိုယ်က သွားပြိုင်မိတာကိုး။ နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုပဲ သုံးသပ်ပါတယ်။ သွားပြိုင်မိတာကိုက မှားတာ။ သည်လိုအပြောခံအဆိုခံဖြစ်ဖို့ သွားပြိုင်မိတယ်။ ဘဝမှာ သင်ခန်းစာရပါတယ်။

**မော်ဒန်။ ။နောက်ပြိုင်ပွဲမှာဝင်ပြိုင်မယ့်သူတွေ အတွက် ဘာများပြောချင်လဲ။**

**မအေးအေးသိန်း။** ။နောက်ကို လာပြိုင်မယ့်သူတွေကျွန်မလိုစိတ်ခံစားမှုပြင်းထန်တဲ့သူတွေ သူတို့မေးတာတွေကို စိတ်ရောကိုယ်ရော နှစ်ပြီးမဖြေပါနဲ့ မပြောပါနဲ့လို့။ သူများကိုထိခိုက်နစ်နာပြီးမှ သည်အစီအစဉ် အောင်မြင်အောင် လုပ်လိုက်တယ်ဆိုတာ ကျွန်မကိုနမူနာယူပြီးတော့ စိတ်ရောကိုယ်ရော နှစ်ပြီး မဖြေကြပါနဲ့လို့ ပြောချင်ပါတယ်။

ကျွန်မကတော့ အိမ်ထောင်သည်လည်းဖြစ်တယ်။ ကိုယ့်မိသားစုနဲ့ နေနေတဲ့သူ ဖြစ်နေလို့ သည်လောက်ပဲခံရတာ။ တကယ်လို့သာ သည်လမ်းကို လျှောက်ပြီးတော့တကယ်ကိုစားဖိုမှူး လုပ်ပြီး လျှောက်မယ့်သူတွေအတွက် အရမ်းကိုထိခိုက်နစ်နာမှုတွေရှိတယ်ဆိုတာပြောချင်တယ်။

> “ဘယ်လိုမျိုးမှ
> မတုံ့ပြန်ပါဘူး။
> အဲသည်
> အပေါ်မှာလည်း
> စိတ်မဆိုးတော့ဘူး။
> လူဆိုတာ
> ကိုယ်ထင်ရာကို
> ပြောကြတာပဲလေ။”

သည်ပြိုင်ပွဲကို လာပြိုင်ကြမယ်ဆိုရင်စိတ်ခံစားမှု ဦးစားပေးပြီးသူတို့မေးတဲ့မေးခွန်းတွေကိုမဖြေပါနဲ့လို့ ပြောချင်ပါတယ်။

**မော်ဒန်။ ။ဖြည့်စွက်ပြောချင်တာရှိရင် ပြောပေးပါဦး။**

**မအေးအေးသိန်း။** ။သည်ပြိုင်ပွဲနဲ့ ပတ်သတ်ပြီး စိတ်ထဲမှာဘာမှမထားတော့ဘူး။ ဘယ်သူ့ဘာပြောပြော နားမထောင်တော့ဘူး။

ဝါသနာအရ ဆိုင်လေးဖွင့်ထားတယ်။ ကလေးတွေကျောင်းကပြန်လာရင် အိမ်အလုပ်လေးတွေ လုပ်ပေးတယ်။ သည်အကြောင်းအရာကို လုံးဝမဆွေးနွေးဘူး။ အခုနောက်ပိုင်း ဒီအစီအစဉ်ကိုတောင် မကြည့်တော့ဘူး။

ကိုယ်ထွက်သွားတော့လည်း ပြီးသွားမှာပဲ။ မကြည့်တော့ဘူး၊ မခံစားတော့ဘူး၊ စိတ်ခံစားမှုအတိုင်း မပြောရဘူးဆိုတာ သင်ခန်းစာရတယ်။

သည်ပြိုင်ပွဲကို ဝင်ပြိုင် မိလို့ ကျွန်မ အတွက်ရလာတဲ့ အကျိုး အမြတ်က နောင်တပါပဲ။

**မော်ဒန်။ ။အချိန်ပေး ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

မေသော်တာမောင်




# မုံ့ဒုံမြို့နယ်မှာ ခွေးဝေဟာ တည်ထောင်သူတစ်ဦး အသတ်ခံရ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**–မုံ့ဒုံမြို့နယ်၊ တာပတွန်ကျေးရွာ၊ ရော်ဘာခြံအနီး လမ်းဘေးမှာ ခွေးဂေဟာ တည်ထောင်သူ အသတ်ခံရတယ်လို့သိရပါတယ်။

မုံ့ဒုံမြို့နယ်ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက 'လည်ဂုတ်ပြတ်ရှဒဏ်ရာ၊ ယာဘက်လက်ပြတ်ရှဒဏ်ရာတွေနဲ့ လမ်းဘေးမှာ သေဆုံးနေတာကို တွေ့ရှိခဲ့တာပါ၊ ဘာကြောင့်သတ်ခံရတာကတော့ ပြစ်မှုကျူးလွန်သူမိမှပဲ သိရမှာပေါ့၊ ဖမ်းဆီးရမိရေးအတွက် လုပ်ဆောင်နေပါတယ်၊ သေဆုံးသူမှာက လမ်းဘေးခွေးတွေကို မွေးစားထားတာပေါ့၊ အကောင် ၄၀၀ ကျော်လောက်ရှိတယ်' လို့ ပြောပါတယ်။

ဦးကြည်မိုးဟာ မုံ့ဒုံမြို့နယ်၊ တာပတွန်ကျေးရွာမှာနေထိုင်ပြီး ဒီဇင်ဘာ ၁၂ ရက်၊ နံနက် ၇း၀၀ နာရီအချိန်ခန့်က ၄င်းခွေးဂေဟာရဲ့အနီး ရော်ဘာခြံလမ်းဘေးမှာ ပြတ်ရှဒဏ်ရာများနဲ့ သေဆုံးနေတာ ဖြစ်ပါတယ်။

သေဆုံးသူဟာ လမ်းဘေးခွေးများကို စုဆောင်းပြီး 'ဖြူစင်သောအလှူ' နာမည်နဲ့ ခွေးဂေဟာ တည်ထောင်ထားတာလို့ သိရပါတယ်။ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး မုံ့ဒုံမြို့မရဲစခန်းမှာ (ပ)၁၉၅၉/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၀၂ နဲ့ အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

နှင်းနှင်း

www.free4readers.com



“ မူးယစ်ဆေးပြားတွေ ဈေးနှုန်းလျော့လာတာကြောင့် သုံးစွဲသူတွေ ပိုမို များပြားလာကြတယ် ”



ဖမ်းဆီးရမိတဲ့မူးယစ်ဆေးဝါးအချို့ကို တွေ့ရစဉ်။

# တိုင်းရင်းသားဒေသ ကျေးရွာအချို့မှာ မူးယစ်ဆေးဝါး ဈေးပေါပေါနဲ့ ပျံ့နှံ့နေ

ရန်ကုန်၊ ဒီဇင်ဘာ ၁၂- လက်ဖက်ရည်တစ်ခွက် ကျပ် ၄၀၀၊ ကော်ဖီမစ်တစ်ခွက် ၂၀၀ ဖြစ်နေတဲ့အချိန် ကျွန်တော်တို့ဒေသမှာ ဒါတွေက ဈေးကြီးလို့တဲ့၊ လူကြီး လူငယ်တွေ မသောက်နိုင်ကြဘူးဗျာ။ သည်ထက်ဈေးပေါတဲ့ စိတ်ကြွဆေးပြားတွေပဲသုံးကြတာပေါ့လို့ ရင်ဖွင့်လာသူက ရှမ်းပြည်နယ်မြောက်ပိုင်း မြို့တွေနဲ့အလှမ်းဝေးတဲ့ကျေးရွာတွေမှာမူးယစ်ဆေးဝါး သုံးစွဲမှုလျော့နည်းရေးအတွက် ပညာပေးစည်းရုံးနေတဲ့ သူတစ်ယောက် ဖြစ်ပါတယ်။

အဲသည်ဘက်က ကျေးရွာတွေမှာWYဆေးပြားတစ်ပြားဟာ ကော်ဖီမစ်တစ်ခွက်ထက်ဈေးပေါနေလို့ မူးယစ်ဆေးပြားတွေကိုသာ သုံးစွဲနေသူတွေများလာကြတယ်လို့ ဆိုလာကြပါတယ်။ အထုပ်လိုက် အလုံး ၂၀၀ ပါတဲ့ ကျွတ်ကျွတ်အိတ် တစ်အိတ်ကို ကျပ် ၃၀,၀၀၀ နဲ့ဝယ်ယူလို့ရလို့ ဆေးပြားတွေရဲ့ဈေးနှုန်းဟာ တစ်လုံးကို ၁၅၀ ကျပ်လောက်ပဲ ကျသင့်တော့တယ်လို့ ပြောပြလာသူက ကျောက်မဲမြို့ မြန်မာနိုင်ငံမူးယစ်ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်သိန်းပါ။

“ မူးယစ်ဆေးပြားတွေကို အများဈေးနဲ့ ဝယ်ရင် ကြက်ဥတစ်လုံး စာလောက် ဈေးနှုန်း ရှိပါတယ် ”

သူက ‘ဘာကော်ဖီမစ်ဖြစ်ဖြစ် လက်ဖက်ရည်ဆိုင်မှာသောက်ရင် ရှီးရှီးပလိန်းဆိုရင် ၂၀၀ ကျတယ်လေ၊ ဆေးပြားက ၁၅၀ ဆိုတော့၊ လက်ဖက်ရည်တွေက ၃၀၀၊ ၄၀၀ လောက်ဖြစ်နေပြီလေ’ လို့ သူတို့ဒေသတစ်ဝိုက်က မူးယစ်ဆေးပြားတွေ ပေါများလာပုံကို နိုင်းနှိုင်းပြပါတယ်။

ဒါကြောင့် သည်ဒေသကလူငယ်တွေဟာ စုပြီးမူးယစ်ဆေးပြားဖြန့်ချိတဲ့နေရာမှာဆေးပြားတွေကို အများဈေးနဲ့ဝယ်ရင် ကြက်ဥတစ်လုံးစာလောက်ဈေးနှုန်းရှိနေတဲ့ ပမာဏဖြစ်နေပါတယ်။သည်ဈေးနှုန်းဟာ သည်နှစ်အတွင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်လို့ ဆေးပြားရဲ့အရည်အသွေးကလည်း ကျဆင်းလာနေတယ်လို့ ဆိုပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်တွေထိန်းချုပ်ရာဒေသနဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ နေရာတွေမှာ ပင်ရင်းဖြန့်ချိသူတွေဟာ တိုက်ကြီးတွေ အခိုင်အမာတည်ဆောက်ထားကြပြီး အနီးအနားဝန်းကျင်ကရွာတွေကနေ လာယူတဲ့လူတွေကိုအလုံး ၂၀၀ ပါ အိတ်တွေနဲ့ထုပ်ပြီး ဆန်အိတ်အရွယ်အိတ်တွေနဲ့ထည့်ကာ ဖြန့်ချိလာနေကြတယ်လို့ ကျောက်မဲမြို့နယ်ထဲက ရပ်ရွာအုပ်ချုပ်ရေးမှူးအချို့က ပြောပါတယ်။

‘လာယူတဲ့သူတွေက ယူတဲ့ဆေးပြားအိတ်ကြီးတွေဆို လူသုံးယောက်လောက် မ,တာတောင် မနိုင်ကြဘူး၊ လက်ကားဒိုင်တွေကို တစ်ခါလာပို့ရင် အနည်းဆုံး ခုနစ်အိတ်တဲ့၊ လက်ကားဖြန့်ချိတဲ့ ရွာတွေဆိုရင်လေ မုဆိုးမအိပ်တွေက အစ တိုက်ကြီးတွေဆိုဟိန်းနေကြတာပဲ၊ ဒီရွာကနေ ဖောက်သည်လာယူတဲ့သူတွေက သူနိုင်သလောက် အရေအတွက်နဲ့ လာယူနေကြတယ်၊ တစ်ချို့က သိန်း၁၀၀ ဖိုး၊ ၂၀၀ ဖိုးကို တစ်ပတ်အတွင်း ကုန်အောင် သူ့ရွာတွေမှာပြန်ဖြန့်ကြတာတဲ့’ လို့ ကျောက်မဲမြို့နယ် ကျေးရွာတစ်ခုက ရွာသူကြီးတစ်ဦးက သူကိုယ်တိုင်ကြုံတွေ့ရတာကို ပြန်ပြောပါတယ်။

သည်ဒေသကို သွားဖမ်းဖို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ရဲတွေနဲ့မလုံလောက်လို့ တပ်အင်အားနဲ့ဖမ်းဆီးမှရတဲ့ အနေအထားမျိုးဖြစ်နေတယ်လို့ ကျောက်မဲမြို့နယ်အတွင်း ကျေးရွာက ရွာသူကြီးတစ်ဦးက ပြောပါတယ်။

သည်လိုရဲအင်အား၊ တပ်အင်အား ပူးပေါင်းအဖွဲ့တွေနဲ့အတူ ရပ်ရွာအုပ်ချုပ်ရေးမှူးတွေက မျက်နှာတွေမမြင်အောင် ဖုံးကွယ်ပြီးသွားရတယ်လို့ တပ်အပါအဝင်ပူးပေါင်းအဖွဲ့တွေနဲ့အတူ လိုက်ပါဖမ်းဆီးဖို့ ကူညီခဲ့ရတဲ့ကျေးရွာသူကြီးတစ်ဦးက ပြောပြပါတယ်။

သူက ‘ဦးထုပ်တွေပါ ဆောင်းသွား၊ နှာခေါင်းစည်းတွေပါ သုံးပြီး လူမသိအောင်လုပ်ရတာ၊ သူတို့တွေက ပိနံအိတ်ကြီးတွေသုံးပြီး ကားနဲ့လာပို့တာ၊ ဒါတွေက လက်နက်ကိုင်တွေ ထိန်းချုပ်ထားတဲ့ဒေသ၊ လက်ကားဖြန့်ချိသူတွေကို လက်နက်ကိုင်အဖွဲ့တွေက ဂုန်နီအိတ်ကြီးတွေနဲ့လာပို့ကြတာ၊ အဲဒီရွာက တစ်ရွာလုံး ဆေးရောင်းတဲ့ရွာ’ လို့ ပြောပါတယ်။

မူးယစ်ဆေးပြားတွေဈေးနှုန်းလျော့လာတာကြောင့် သုံးစွဲသူတွေ ပိုမိုများပြားလာကြတယ်လို့ ဆိုပါတယ်။ ဆေးသုံးပြီးရင် မသောက်ရ မနေနိုင်ဖြစ်လာကြကာ ပါးစပ်နဲ့လျှာတွေမှာ အနာတွေပေါက်လာတယ်လို့ ရှမ်းပြည်နယ်အတွင်းဒေသတွေမှာ မူးယစ်ဆေးပြားသုံးစွဲမှုလျှော့ချရေးပညာပေးနေတဲ့ Justic Drum အဖွဲ့က ကိုအောင်ဇေက ပြောပါတယ်။

သူက ‘ကျွန်တော်တို့အဖွဲ့က သုတေသနစာတမ်းတစ်ခုလုပ်ထားပါတယ်၊ ဒီထဲက စာတွေကို လက်ကမ်းစာစောင်လေးလုပ်ထားပြီး မူးယစ်ဆေးဝါးပြန့်ပွားခြင်းသည် လက်နက်ကိုင်ပဋိပက္ခနဲ့ တစ်ဝက်တစ်ပျက်ငြိမ်းချမ်းရေးက အဓိကပြဿနာဖြစ်နေတယ်လို့ ကျွန်တော်တို့ ရေးထားတယ်၊ ဘာလို့ပြန့်ပွားနေရသလဲဆိုလက်နက်ကိုင်အဖွဲ့အစည်းအချို့က ဒါကို စီးပွားရေးတစ်ခုလိုလုပ်နေကြတယ်၊ အဖွဲ့အတွက်လုပ်တာမဟုတ်ဘဲ တစ်ဦးချင်းစီးပွားရေးအတွက်လုပ်နေကြတော့ လက်နက်ကိုင် ပဋိပက္ခဖြစ်နေတဲ့ တောနယ်တွေမှာ ပိုဆိုးလာတယ်’ လို့ လက်ရှိကြုံနေရတာကို ပြောပြပါတယ်။

## လက်ကြီးသမား မမိသေး

သည်ဒေသမှာ နေ့စဉ်လိုလို မူးယစ်ဆေးပြားဖမ်းမိတဲ့ သတင်းတွေက အမြဲလိုတွေ့နေရပေမဲ့ တကယ့်စီးပွားဖြစ်ထုတ်လုပ်နေသူတွေကိုတော့ ဖမ်းဆီးရမိတာမျိုး မရှိသေးဘူးလို့ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေး ပညာပေးနေတဲ့ အဖွဲ့တွေနဲ့ ဒေသခံပရဟိတအဖွဲ့အစည်းအချို့က ပြောပါတယ်။

သည်ဘက်ခေတ်တွေမှာ မူးယစ်ဆေးဝါးထုတ်လုပ်ရတာလွယ်တာရယ်၊ စက်ရုံမဟုတ်ဘဲ ၁၀ ပေ ပတ်လည်လောက်ရှိတဲ့ အခန်းလေးကနေထုတ်လုပ်လို့ရတယ်ဆိုပေမဲ့ သန်းနဲ့ချီတဲ့အရေအတွက်ကို ထုတ်လုပ်ဖို့နေရာကတော့ မြို့ပြနဲ့ဝေးတဲ့နေရာက အုပ်ချုပ်ရေးတွေ လက်လှမ်းမမီတဲ့နေရာတွေမှာ အများဆုံးထုတ်လုပ်နေကြတယ်လို့ သိရပါတယ်။

ရှမ်းပြည်နယ်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့က ရဲအရာရှိကြီးတစ်ဦးက ‘မူးယစ်ဆေးဝါး ဥပဒေကလဲ လက်ဝယ်ရှိမှပဲ ဖမ်းဆီးအရေးယူလို့ရတာပေါ့၊ လက်ဝယ်မရှိဘဲနဲ့ နောက်ကွယ်က

www.free4readers.com



# ကလေးလုပ်သား ခြောက်သိန်းကျော် အန္တရာယ်ရှိလုပ်ငန်းခွင်မှာ လုပ်ကိုင်နေကြရ

**နေပြည်တော်၊ ဒီဇင်ဘာ ၁၂-** မြန်မာနိုင်ငံမှာ ငါးနှစ်နဲ့၁၇ နှစ်ကြား စုစုပေါင်း ကလေးဦးရေ ၁၂သန်းကျော်ရှိနေပြီး အဲသည်ထဲကမှ အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်တွေမှာ မိသားစုစားဝတ်နေရေးအခြေအနေအရ အလုပ်လုပ်နေရတဲ့ ကလေးအလုပ်သမား ခြောက်သိန်းကျော်ပါဝင်နေတာကို ၂၀၁၇ ခုနှစ် ပထမသုံးလပတ် အလုပ်သမားအင်အားစစ်တမ်းတွေအရ သိရပါတယ်။

အန္တရာယ်ရှိတဲ့ အလုပ်အကိုင်တွေ လုပ်ကိုင်နေကြတဲ့ ၁၈ နှစ်အောက်ကလေး ခြောက်သိန်းကျော်ကို ကာကွယ်စောင့်ရှောက်ပေးဖို့နဲ့ အမျိုးသားအဆင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေက ပြောကြားခဲ့ပါတယ်။



ကလေးအလုပ်သမားနဲ့ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့နဲ့လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း သိရပါတယ်။

သဘာဝဘေးအန္တရာယ်အမျိုးမျိုးနဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခမှုတွေရဲ့ အကျိုးဆက်တွေဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှု၊ အစားအစာဖူလုံမှုမရှိခြင်း၊ စီးပွားရေးအကျပ်အတည်းတွေ ဖြစ်ခြင်းကြောင့်ကလေးအလုပ်သမားတွေဖြစ်ရခြင်းရဲ့ အဓိကအခြေခံအကြောင်းတရားတွေဖြစ်ကြောင်း သိရပါတယ်။

ကလေးအလုပ်သမားနဲ့ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ် (ILO)၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)တို့နဲ့လည်း ပူးပေါင်းဆောင်ရွက်နေကြောင်းသိရပါတယ်။ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ကဏ္ဍအသီးသီးတွေမှာ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေသလို ကလေးအလုပ်သမားနဲ့ပတ်သက်လို့လည်း ကာကွယ်စောင့်ရှောက်မှုတွေကို အလေးထားဆောင်ရွက်နေကြောင်း သိရပါတယ်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးမှာ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားအဆင့် လုပ်ငန်းစီမံချက်(မူကြမ်း)၊ လုပ်ငန်းကော်မတီရှစ်ရပ်နဲ့ အဲသည့်ကော်မတီတွေရဲ့ လုပ်ငန်းတာဝန်တွေအပေါ်မှာ အတွင်းရေးမှူးအဖွဲ့ရဲ့ သဘောထားအကြံပြုချက်တွေနဲ့ နောက်ဆုံးအကြိမ် ပြင်ဆင်ဖြည့်စွက်ရေးဆွဲခဲ့တာဖြစ်ကြောင်း သိရပါတယ်။

အဲသည် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(မူကြမ်း)မှာဆိုရင် ကလေးအလုပ်သမားနဲ့ဆိုင်တဲ့ ဗဟုသုတအခြေခံတွေပြန့်ပွားစေဖို့ အသိပညာနဲ့ ဗဟုသုတတွေ တိုးမြင့်စေဖို့၊ နိုင်ငံတကာစံနှုန်းတွေနဲ့ အညီ ဥပဒေတွေ ပြင်ဆင်ရေးဆွဲနိုင်ဖို့၊ ကလေးအလုပ်သမားပြဿနာတွေပေါ်မှာ ကဏ္ဍစုံက နေ ပါဝင်ဖြေရှင်းနိုင်ဖို့ ပြည်ထောင်စုအဆင့်၊တိုင်းဒေသကြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းတွေရဲ့စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့၊ တာဝန်ဝတ္တရားများ သတ်မှတ်ပေးဖို့နဲ့ အကောင်အထည်ဖော်နိုင်ဖို့ စီမံကိန်းတွေချမှတ်ပြီး ရေရှည်မှာ ကလေးအလုပ်သ မားပပျောက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေကြောင်း သိရပါတယ်။

> “ ရေရှည်မှာ ကလေးအလုပ်သမား ပပျောက်ရေးအတွက် ရည်ရွယ် ဆောင်ရွက်နေကြောင်း သိရပါတယ် ”

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေနေနဲ့ကိုက်ညီပြီး ရှုထောင့်မျိုးစုံကနေစဉ်းစားလက်တွေ့အကောင်အထည်ဖော်နိုင်မယ့်ပြည့်စုံတဲ့ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်မူကြမ်းထွက်ပေါ်လာရေးနဲ့ ကလေးတွေအတွက် ပညာရေး၊ အလုပ်အကိုင်တွေနဲ့ သူတို့မိသားစုတွေရဲ့ အခြေအနေ ဆင်းရဲနွမ်းပါးမှုတွေကိုပါ ထည့်စဉ်းစားပြီး နိုင်ငံရဲ့ဖြစ်နိုင်ခြေအရှိဆုံး အသင့်လျော်ဆုံး အခြေအနေတွေကို အလေးထားစဉ်းစားစေပြီး ဝိုင်းဝန်းဆွေးနွေးစေလိုကြောင်း သိရပါတယ်။ **KKT**

# ဆိုက်ဘာလောတစ်ရပ် ပေါ်ထွက်လာရေး ဆောင်ရွက်နေ

**နေပြည်တော်၊ဒီဇင်ဘာ ၁၂-** ဆိုရှယ်မီဒီယာအသုံးပြုပြီး ညစ်ညမ်းစွာရေးသားပြောဆိုခြင်းအပါအဝင် အလွဲသုံးစွဲတာတွေကို ဟန့်တားနိုင်ဖို့ဥပဒေ၊ နည်းဥပဒေတွေရှိနေပေမဲ့လည်း မပြည့်စုံမလုံလောက်သေးတာကြောင့် CyberLaw တစ်ရပ် ပေါ်ထွက်လာဖို့ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

ဒီဇင်ဘာလ ၁၂ ရက်နေ့က ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၆) လွှတ်တော်ကိုယ်စားလှယ်ဦးဖေတင်ရဲ့ ယနေ့လူမှုကွန်ရက်စာမျက်နှာ (Facebook)ပေါ်မှာ ရေးသားအသုံးပြုကြသူများအနက် အချို့မှာ အကောင့်နှစ်မျိုးသုံးမျိုးသုံးပြီးပုဂ္ဂိုလ်ရေးတိုက်ခိုက်ဆဲဆိုခြင်း၊ မိသားတစ်စု၊ မောင်နှင့်နှမ မဖတ်သင့်တဲ့ အလွန်ညစ်ညမ်းသောအသုံးအနှုန်းနဲ့ အမနာပ ဝေဖန်ပုတ်ခတ်တိုက်ခိုက်လာခြင်း၊ ၎င်းကို Like လုပ်ပေးခြင်း၊ Comment ပေးခြင်းစသဖြင့် အတင့်ရဲစွာလုပ်ဆောင်လာကြခြင်းဟာ ကြာလျှင် အရှိန်းကို အယဉ်မှတ်ထင်လာပြီး ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ်ဟု ပင်လွဲမှားစွာခံယူထင်မြင်ကျင့်သုံးလာခြင်းမျိုးမဖြစ်စေရန်အတွက် သက်ဆိုင်ရာမှကန့်သတ်ထိန်းချုပ်တားမြစ်ပေးရန်(သို့မဟုတ်)အရေးယူပေးရန်အစီအစဉ်ရှိ၊မရှိနှင့်စပ်လျဉ်းပြီး မေးမြန်းခဲ့မှုအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးသာဦးက ပြန်လည်ဖြေကြားရာမှာ အခုလို ပြောကြားခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံအနေနဲ့ဆိုရှယ်မီဒီယာသုံးစွဲခြင်းဖြင့်ပြည်တွင်း၊ ပြည်ပသတင်းတွေကို အချိန်နဲ့တစ်ပြေးညီသိရှိလာနိုင်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းမှဖေ့စ်ဘုတ်ခ်အကောင့် နှစ်မျိုးသုံးမျိုး ဖွင့်လှစ်အသုံးပြုပြီးပဲ ဖြစ်ဖြစ်၊ မမှန်ကန်တဲ့ အကောင့်အတုတွေနဲ့ပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်ခြင်း၊ ညစ်ညမ်းစွာပြောဆိုခြင်း၊ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခတွေ ဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ လောင်းကစားမှုများပြုလုပ်ခြင်း၊ ငွေကြေးလိမ်လည်မှုများပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးများရောင်းဝယ်ဖောက်ကားခြင်းစတာတွေကို လွဲမှားစွာဆောင်ရွက်နေတာတွေ့ရတယ်လို့ ဒုဝန်ကြီးက ပြောကြားသွားပါတယ်။



ပြည်သူလူထုကို အကာအကွယ်ပေးနိုင်မယ့် Cyber Lawတစ်ရပ် ပေါ်ထွက်လာနိုင်ရေး ဆောင်ရွက်နေတယ်။

လက်ရှိမှာ နိုင်ငံတော်အနေနဲ့ ဆိုရှယ်မီဒီယာသုံးစွဲမှုနှင့် သက်ဆိုင်တဲ့ community standards များချမှတ်ထားခြင်းနဲ့ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ အီလက်ထရွန်းနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေစတဲ့တည်ဆဲဥပဒေများနဲ့ ဆိုရှယ်မီဒီယာအလွဲသုံးစွဲမှုကို ဟန့်တားထိန်းကျောင်းလျက်ရှိပါတယ်။ ဒါပေမဲ့ ပြည့်စုံလုံလောက်တဲ့ဟန့်တားထိန်းကျောင်းနိုင်မှုမရှိသေးဘူးလို့ သိရပါတယ်။

ဒါ့ကြောင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ တိုးတက်မြင့်မားလာမယ့် အွန်လိုင်းဝန်ဆောင်မှုများကို လုံခြုံစိတ်ချစွာသုံးစွဲနိုင်ရေး၊ အရေးကြီးသော သတင်းအချက်အလက် အခြေခံအဆောက်အအုံများကို ကာကွယ်နိုင်ရေး၊ ပုဂ္ဂလိကဆိုင်ရာ သတင်းအချက်အလက်များကို ကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် နိုင်ငံတကာအခြေခံစံနှုန်းများနှင့် ကိုက်ညီပြီး မြန်မာနိုင်ငံနဲ့ သင့်လျော်ကာပြည်သူလူထုကို အကာအကွယ်ပေးနိုင်မယ့် Cyber Lawတစ်ရပ် ပေါ်ထွက်လာနိုင်ရေး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ **မာရီနိုင်**

www.free4readers.com





ပဲမျိုးစုံလိုလို အကျဈေးနဲ့ပဲ ရှိနေတဲ့အပြင် ပြီးခဲ့တဲ့တစ်ပတ်ထက် ဈေးအနည်းငယ်စီ ထပ်ကျနေပါတယ်။

# ပဲမျိုးစုံ ဈေးဆက်ကျ၊ နှမ်းဈေးလည်း ပြန်ကျ

နေပြည်တော်၊ဒီဇင်ဘာ ၁၂ - သည်တစ်ပတ်မှာတော့ ပဲမျိုးစုံလိုလို ဈေးတွေ ဆက်ကျနေဆဲဖြစ်ပြီး နှမ်းဈေးတွေလည်း ပြန်ကျလာပါတယ်။

## ပဲမျိုးစုံ

သည်တစ်ပတ်တော့ ပဲမျိုးစုံလိုလို အကျဈေးနဲ့ပဲ ရှိနေတဲ့အပြင် ပြီးခဲ့တဲ့တစ်ပတ်ထက် ဈေးအနည်းငယ်စီ ထပ်ကျနေပါတယ်။

ပဲစင်းငုံဆို အသစ်ဆိုရင် အရင်တစ်ပတ်က တစ်တင်းကိုကျပ် ၂၄,၀၀၀ ဖြစ်ပြီး အခုတစ်ပတ်မှာ ကျပ် ၂၃,၅၀၀ သာ ရှိပါတယ်။ တစ်တင်းကိုကျပ် ၅၀၀ အထိ ဈေးကျလာတာပါ။ အဟောင်းကလည်း အရင်တစ်ပတ်က တစ်တင်းကို ကျပ် ၂၄,၆၀၀ ကနေ အခုတစ်ပတ်မှာ တစ်တင်းကို ကျပ် ၂၃,၈၀၀ အထိ ပြန်ကျလာတဲ့အတွက် ကျပ် ၈၀၀ အထိ ဈေးကျလာတယ်လို့ ပြည်တွင်း ပဲဈေးကွက်က သိရပါတယ်။

ကုလားပဲ (929) ဆိုရင်လည်း အရင်တစ်ပတ်က ၁၉ ပိဿာဝင် တစ်အိတ်ကို ကျပ် ၂၆,၅၀၀ ကနေ အခုတစ်ပတ်မှာ ကျပ် ၂၅,၃၀၀ သာ ရှိတယ်လို့ သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်က အတွင်းရေးမှူး ဦးကျော်သွင်က 'ပဲဈေးကွက် မကောင်းသေးဘူးလို့ပဲ ပြောရမယ်၊ နည်းနည်းထပ်ကျတယ်၊ အရောင်းအဝယ်က ပုံမှန်ရှိနေတော့ ပြန်တက်လာမယ်လို့ ထင်တယ်ပေါ့နော်' လို့ ပြောပါတယ်။

လက်ရှိမှာ မတ်ပဲဈေးဆိုရင်လည်း အရင်တစ်ပတ်က ၂၀ ပိဿာဝင် တစ်တင်းကို ကျပ် ၂၆,၅၀၀ အထိရှိခဲ့ပြီး အခုတစ်ပတ်မှာ ကျပ် ၂၆,၀၀၀ အထိ ကျဆင်းလာပါတယ်။

## နှမ်းမျိုးစုံ

ပြီးခဲ့တဲ့တစ်ပတ်က ဈေးအနည်းငယ်ပြန်တက်လာတဲ့ နှမ်းမျိုးစုံ ဈေးကွက်ဟာ သည်တစ်ပတ်မှာတော့ ဈေးတွေကျနေပါတယ်။

ပြီးခဲ့တဲ့တစ်ပတ်က စမုံနက်နှမ်း ၄၅ ပိဿာဝင်တစ်အိတ်ကို ကျပ် ၂၃၅,၀၀၀ ရှိခဲ့ပြီး သည်တစ်ပတ်မှာ ၂၂၃,၀၀၀ အထိ ဈေးတွေကျလာပါတယ်။ နှမ်းဖြူဆိုရင်လည်း အရင်တစ်ပတ်က ကျပ် ၁၈၀,၀၀၀ အထိ ဖြစ်ခဲ့ပြီး သည်တစ်ပတ်မှာ ကျပ် ၁၆၀,၀၀၀ အထိ ထိုးကျလာပါတယ်။ ဂွနက်ရိုးရိုးကတော့ အရင်တစ်ပတ်က တစ်အိတ်ကို ကျပ် ၁၉၀,၀၀၀ အထိ ဖြစ်ခဲ့ပြီး လက်ရှိမှာတော့ ကျပ် ၁၈၀,၀၀၀ အထိသာ ရှိပါတော့တယ်။

နှမ်းနီကတော့ သည်တစ်ပတ်မှာ တစ်အိတ်ကို ၁၆၅,၀၀၀ ကျပ်အထိရှိခဲ့ပြီး သူလည်း အရင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၈၀၀၀ အထိ ကျဆင်းသွားပါတယ်။ နှမ်းညိုကတော့ တစ်အိတ်ကို ကျပ် ၁၆၀,၀၀၀ အထိရှိပြီး ပြီးခဲ့တဲ့အပတ်ထက် ကျပ် ၃၀၀၀ ခန့် ဈေးတွေ ကျဆင်းနေတယ်လို့ မကွေးကုန်စည်ဒိုင်က သိရပါတယ်။

မကွေးကုန်စည်ဒိုင်မှာ လက်ရှိတစ်နေ့ကို နှမ်းမျိုးစုံအိတ် ၂၅၀ ကနေ ၃၀၀ ကြားအထိ အရောင်းအဝယ်ဖြစ်ပြီး ဆောင်းနှမ်းတွေကတော့ လက်ရှိအချိန်အထိ ဈေးကွက်ထဲကို ဝင်ရောက်နေဆဲ ဖြစ်ပါတယ်။

## မြေပဲ

လက်ရှိဈေးကွက်ထဲကို အများအပြားဝင်ရောက်နေဆဲဖြစ်တဲ့ မြေပဲဆန်ဈေးကတော့ လက်ရှိအချိန်အထိ အတက်အကျ သိပ်မရှိဘဲ ဈေးငြိမ်နေပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာဆိုရင် သည်တစ်ပတ်မှာ မြေပဲလုံးဆန် (နီ) က တစ်ပိဿာကို ကျပ် ၂၈၅၀ ရှိပြီး ပြီးခဲ့တဲ့တစ်ပတ်နဲ့ယှဉ်ရင် တစ်ပိဿာကို ကျပ် ၅၀ ဝန်းကျင်လောက်သာ ဈေးကျလာတယ်လို့ သိရပါတယ်။ မြေပဲလုံးဆန် (ဖြူ) ကလည်း တစ်ပိဿာကိုကျပ် ၁၇၀၀ ဝန်းကျင်နဲ့ ဈေးငြိမ်နေဆဲ ဖြစ်ပါတယ်။

နယ်ဘက်တွေမှာတော့ မြေပဲအတောင့်တွေပါ ရောင်းဝယ်မှုတွေရှိနေပြီး မြေပဲတောင့် တစ်တင်းကို ကျပ်၁၁,၀၀၀ အထိ ဈေးရှိတယ်လို့လည်း သိရပါတယ်။

## ကြက်သွန်နီဈေး

ကြက်သွန်နီဈေးကတော့ သည်တစ်ပတ်မှာ အသစ်တွေက အဟောင်းတွေထက် အနည်းငယ်ဈေးပိုသွားပြီဖြစ်တယ်လို့ ဘုရင့်နောင် ကြက်သွန်နီဈေးကွက်က သိရပါတယ်။

လက်ရှိမှာ ကြက်သွန်နီအသစ်ကတော့ တစ်ပိဿာကို ၇၀၀ ကျပ်၊ ၉၀၀ ကျပ်၊ ၁၀၀၀ ကျပ်၊ ၁၁၀၀ ကျပ်အထိ အစားစားရှိတယ်။ အဟောင်းကတော့ တစ်ပိဿာကို ကျပ် ၂၈၀ ကနေ အမြင့်ဆုံး ကျပ် ၁၀၀၀ အထိ ဈေးရှိတယ်လို့ သိရပါတယ်။

ပျော်ဘွယ်မြို့နယ်က ကြက်သွန်နီကုန်သည် ဦးအေးဆွေက 'အဟောင်းကုန်ရင် အသစ်ကတော့ ၁၅၀၀ အထိ ရှိလာနိုင်တယ်၊ ဒီလမကုန်ခင် အထိပေါ့၊ အဟောင်းကတော့ ကျလမ်းပဲရှိပါတော့တယ်၊ အဝင်လဲလျော့သွားပြီ' လို့ ပြောပါတယ်။

ဒီဇင်ဘာလ ၁၂ ရက်နေ့က ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီ ၁၂ ဘီးကားအစီးရေ ၁၇ စီး ဝင်ရောက်ပြီး ကြက်သွန်နီအသစ်က အိတ် (၂၅ ပိဿာဝင်) ရေ ၁၀၀ အထိ ဝင်လာပြီလို့ သိရပါတယ်။ လက်ရှိဈေးကွက်ထဲကို ဝင်ရောက်နေတဲ့ အသစ်တွေဟာ မိတ်စားကြက်သွန်နီတွေဖြစ်ပြီး ပျိုးထောင်ကြက်သွန်နီတွေကတော့ ဇန်နဝါရီလလောက်မှ ဝင်မှာပါ။

## ဖရဲဈေး

ဖရဲဈေးကတော့ တရုတ်ပြည်မှာ ရာသီဥတုအေးနေတဲ့ သူတို့ဘက်မှာလည်း ဖရဲသီးတွေထွက်ရှိနေတဲ့ အတွက် အရောင်းအဝယ်အေးပြီး ဈေးကျနေတယ်လို့ သိရပါတယ်။

လက်ရှိမှာ 855 ဖရဲသီးတစ်တန်ကို အမြင့်ဆုံးယွမ် ၂၀၀၀ အထိရှိပြီး ပုံမှန်အရွယ်အစားဆိုရင်တော့ တစ်တန်ကို ˙˙ ˚ ၁၅၀၀ ပတ်ချာလည်မှာရှိတယ်လို့ သိရပါတယ်။

မူဆယ် ၁၀၅ မိုင်ရှိ ခွာညီသစ်သီးပွဲရုံက ကိုစိုင်းမင်းသူနိုင်က 'အရောင်းအဝယ်အေး ဈေးကျနေတာကတော့ တစ်ပတ်ကျော်လောက်ရှိပြီ၊ ဒါပေမဲ့ မကြာခင်တော့ ဈေးပြန်ကောင်းလာမှာပါ၊ တရုတ်ဘက်ကလဲ ရာသီဥတုပြန်ပွင့်တော့မယ်လို့ သိရတယ်၊ အခုက သူတို့ဘက်လဲ ဖရဲတွေထွက်နေတဲ့အချိန်ဆိုတော့ အရောင်းအဝယ်လဲ အေးတာပေါ့' လို့ ပြောပါတယ်။

## စပါးဈေး

စပါးဈေးကတော့ လက်ရှိမှာ အတက်ဈေးနဲ့ပဲ ငြိမ်နေပါတယ်။

အခု စပါးအစို တင်း ၁၀၀ ကို ၅၈၀,၀၀၀ ကျပ်ကနေ ၆၀၀,၀၀၀ ကျပ်ခန့်ဈေးရှိပြီး အခြောက်ကတော့ တင်း ၁၀၀ ကို ၆၂၀,၀၀၀ ကျပ်ခန့် ပေါက်ဈေးရှိတယ်လို့ သိရပါတယ်။

နေပြည်တော်က တောင်သူဦးကိုကိုက 'ဧရာဝတီဘက်တို့တော့ သူတို့က ရောင်းအားများလို့ တစ်တင်းကို ၅၅၀၀ ဝန်းကျင်လောက်ပဲရှိတယ်လို့ ကြားတယ်၊ ကျန်တဲ့ဘက်တွေကတော့ ဈေးကောင်း ရကြပါတယ်၊ ဒီထက်တော့ မတက်နိုင်တော့ဘူးရယ်၊ ဒါဈေးအကောင်းဆုံးပဲ၊ ဆန်အိတ်စပို့တင်ပို့မှု ကောင်းနေရင်တော့ ဈေးကောင်းနဲ့ ကြာကြာငြိမ်နေနိုင်မှာပေါ့' လို့ ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က အခုလိုအချိန်မှာ စပါးအစိုဈေးဟာ တင်း၁၀၀ ကို ၅၅၀,၀၀၀ ကျပ်ဝန်းကျင်သာရှိနေပြီး အခြောက်ဆိုရင် ၆၀၀,၀၀၀ ကျော်ရုံသာ ရှိပါတယ်။ သည်နှစ်မှာတော့ မိုးစပါးတွေ စပေါ်ချိန်က စပါးပြည်ပမှောင်ခိုတင်ပို့မှု ထိန်းချုပ်လာတာကြောင့် တင်း ၁၀၀ ကို ကျပ် ၅၀၀,၀၀၀ ဝန်းကျင်လောက်သာ ရရှိခဲ့ပြီး အခုနောက်ပိုင်းမှ ဈေးကောင်းရရှိလာတာပါ။

လက်ရှိမှာ မိုးစပါးတွေ တော်တော်များများ ရိတ်သိမ်းပြီးပြီဖြစ်ပြီး သက်ကြီးစပါးတွေလောက်သာ ရိတ်သိမ်းဖို့ ကျန်ရှိတော့တယ်လို့ သိရပါတယ်။

## ရှောက်

ရှောက်ပွခြောက်တွေဟာ အရောင်းအဝယ်အေးနေပြီး လက်ရှိမှာ တစ်ပိဿာကို ကျပ် ၁၅,၀၀၀ အထိသာ ဈေးရှိတော့တယ်လို့ သိရပါတယ်။ အရင်လက တစ်ပိဿာကို ကျပ် ၁၈,၀၀၀ အထိ ရှိခဲ့တာဖြစ်တယ်လို့ ပျော်ဘွယ်မြို့နယ်ရှိ ရှောက်စိုက်တောင်သူအချို့ရဲ့ ပြောပြချက်အရ သိရပါတယ်။

'မိုးထောင်ရှောက်လဲအိန္ဒိယက ဝင်လာတဲ့ ရှောက်သီးအခြောက်နဲ့ မယှဉ်နိုင်လို့ ဈေးကျတယ်၊ ဒါပေမဲ့ သူက မဆိုးသေးဘူး၊ တစ်ပိဿာကို ကျပ် ၃၉၅၀ အထိ ရှိတယ်၊ နယ်ဈေးပေါ့' လို့ ပျော်ဘွယ်မြို့နယ်ရှိ ရှောက်သီးစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

မိုးထောင်ရှောက်သီးခြောက်ဟာ စပေါ်တဲ့ ပြီးခဲ့တဲ့ ဇူလိုင်လလောက်က တစ်ပိဿာကို ကျပ် ၄၁၀၀ ကနေ ကျပ် ၄၂၀၀ အထိ ဈေးရှိခဲ့တာပါ။

မာနီနိုင်

www.free4readers.com



# တရုတ်ကြက်သွန်နီကြောင့် ကြာလာရင် ပြည်ပက ဝယ်စားရတဲ့ဘဝ ရောက်သွားနိုင်

မန္တလေး၊ ဒီဇင်ဘာ ၁၂- တရုတ်ကြက်သွန်နီတွေ ပြည်တွင်းဈေးကွက်ဝင်ရောက်နေရင် ရေရှည်မှာ ကြက်သွန်နီစိုက်တောင်သူတွေ၊ ကုန်သည်တွေ ပြည်ပတင်ပို့မှုပါ ပျောက်ကွယ်နိုင်ပြီး ကြက်သွန်ကို ပြည်ပက ဝယ်စားရတဲ့ ဘဝကို ရောက်နိုင်တယ်လို့ မန္တလေးတိုင်းဒေသကြီး ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သူများအသင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်က သုံးသပ်ပါတယ်။

သူက 'တရုတ်ကြက်သွန်နီက အခုလဲ ဝင်နေတာပဲ သက်ရောက်မှုကတော့ မြန်မာပြည်ဈေးကွက်ထက် တောင်သူတွေဈေးကွက်ကို ဖျက်ဆီးနေတာပေါ့၊ တောင်သူတွေအတွက်ရော၊ ကုန်သည်တွေအတွက်ရော ဈေးကွက်ပျက်စီးစေတာပေါ့၊ ရေရှည်မှာ ဆယ်စုနှစ်တစ်စုရောက်ရင်တော့ အကြီးကြီး ဒုက္ခရောက်ပြီ၊ ပြီးရင်တော့ ကျွန်တော်တို့နိုင်ငံက ပြန်ဝယ်စားရတဲ့ ဘဝကို ရောက်သွားမယ်' လို့ ပြောတယ်။

မြန်မာနိုင်ငံအလယ်ပိုင်းက တိုင်းသုံးတိုင်းမှာ စိုက်တဲ့ ကြက်သွန်တောင်သူတွေရော၊ ပွဲစားတောင်သူတွေရော အလုပ်လက်မဲ့ဖြစ်သွားနိုင်ပြီး အဲဒီအချိန်မှာ မြန်မာနိုင်ငံမှာ အောက်ခြေလူတန်းစားနဲ့ အလတ်တန်းစားလူတန်းစားတွေ အများကြီးဒုက္ခရောက်သွားနိုင်တယ်' လို့ ဆိုပါတယ်။



တရုတ်ကြက်သွန်နီက အခုလဲ ဝင်နေတာပဲ၊ တောင်သူတွေအတွက်ရော၊ ကုန်သည်တွေအတွက်ရော ဈေးကွက်ပျက်စီးစေတာပေါ့။

## ဈေးကွက်ပျောက်

မြစ်သားမြို့က ကြက်သွန်စိုက်တောင်သူတစ်ဦးက 'ကြက်သွန်

တင်မဟုတ်ဘူး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစရိတ်က တက်နေတယ်၊ ပြည်တွင်းကြက်သွန်က အရသာနဲ့ အရည်အသွေးပိုင်းကောင်းတော့ စားသုံးသူတွေကြိုက်တယ်၊ ဒါပေမဲ့ ဈေးနှုန်းအရဆိုရင်တော့ တရုတ်ကြက်သွန်က ထက်ဝက်ကျော်လောက် ကွာနေတာက တောင်သူတွေအတွက် ဈေးကွက်ပျောက်သွားရင် ဘာစိုက်ရမလဲ ဖြစ်လာမယ်' လို့ ပြောပါတယ်။

ပြည်တွင်းကြက်သွန်ဈေးနှုန်းတွေကို ကြက်သွန်ဒိုင်ရှိတဲ့ ပခုက္ကူနဲ့ ရန်ကုန်တို့က နေ့စဉ်ကြက်သွန်ပေါက်ဈေးကို မူတည်ပြီး အရောင်း အဝယ်ပြုလုပ်နေကြပါတယ်။ လက်ရှိအချိန်မှာ တရုတ်နိုင်ငံမှာ ကြက်သွန်ပေါ်ချိန်ဖြစ်နေတယ်လို့ သိရပါတယ်။

မန္တလေးတိုင်းအတွင်းမှာတော့ ဒီဇင်ဘာလကုန်လောက်မှ ကြက်သွန်ပေါ်မယ်လို့ သိရပါတယ်။

တရုတ်ကြက်သွန်ဖြူတွေ ပြည်တွင်းကို စတင်ဝင်ရောက်လာစဉ်က အောက်ဈေး (ဈေးနှုန်းချိုသာစွာ) နဲ့ ဝင်ရောက်လာခဲ့ပေမဲ့လည်း အခုအချိန်မှာတော့ ပြည်တွင်းကြက်သွန်ဖြူနဲ့ ဈေးနှုန်းတန်းတူဖြစ်သွားပြီး ကြက်သွန်နီကလည်း အလားတူဖြစ်လာနိုင်တယ်လို့ မန္တလေးတိုင်းကြက်သွန်ကုန်သည်အချို့က သုံးသပ်ပါတယ်။

> "ပြည်တွင်းကြက်သွန်ဈေးနှုန်းတွေကို ပခုက္ကူနဲ့ ရန်ကုန်တို့က နေ့စဉ်ကြက်သွန်ပေါက်ဈေးကို မူတည်ပြီး အရောင်းအဝယ် ပြုလုပ်နေကြပါတယ်"

နိုင်စာနည်မောင်

# ပယင်းဖန်စီပစ္စည်းတွေ အွန်လိုင်းဈေးကွက်မှာ ရောင်းအားကောင်းလာ

မန္တလေး၊ ဒီဇင်ဘာ ၁၂ - ပယင်းက အခုအချိန်မှာ ခေတ်စားလာပြီးတော့ သက်လတ်ပိုင်းနဲ့ လူငယ်ပိုင်းက ဖန်စီပစ္စည်းအဖြစ် အွန်လိုင်းဈေးကွက်မှာ အဝယ်များလာကြတယ်လို့ အွန်လိုင်းမှာ ပယင်းပစ္စည်းတွေ ရောင်းချတဲ့ရွှေမျိုးတော် ပယင်းပစ္စည်းအမျိုးမျိုး ရောင်းချတဲ့ဆိုင်က သိရပါတယ်။

သက်လတ်ပိုင်း အမျိုးသမီးတွေက နိုင်းတူးဖိုက်၊ ငွေထည်တို့နဲ့ ပြုလုပ်ထားတဲ့ပယင်းပစ္စည်းတွေကို ဝယ်ယူမှုများပြီးတော့ လူငယ်ပိုင်းကတော့ လက်ကောက်ဖန်စီပစ္စည်းအသေးလေးတွေကို အဝယ်များတယ်လို့ သိရပါတယ်။

Amber, Jade & Jewellery online shop ဆိုင်ပိုင်ရှင်က 'လူလတ်ပိုင်းဆိုရင် ငွေထည်နဲ့ ကွပ်ထားတဲ့ ဆွဲသီးလေးတွေ နိုင်းတူးဖိုက်နဲ့လုပ်ထားတဲ့ ပယင်းပစ္စည်းလေးတွေ လူငယ်ပိုင်းတွေကလဲ ဖန်စီပုံစံပစ္စည်းလေးတွေကို ဝယ်ယူမှု များလာတယ်' လို့ ပြောပါတယ်။

ရောင်းအားတက်လာတယ်။

ပယင်းပစ္စည်းတွေကလည်း အခုတော်တော်လေးကို ခေတ်စားလာတော့ အရင်ကထက် ရောင်းအားနှစ်ဆလောက်အထိ တက်လာတယ်လို့ ရွှေမျိုးတော်ပယင်းပစ္စည်းအမျိုးမျိုးရောင်းချတဲ့ဆိုင်က ဆိုင်ပိုင်ရှင် မသဉ္ဇာခြည်ထွန်းက ပြောပါတယ်။

ပယင်း အရည်အသွေးပေါ်မူတည်ပြီးတော့ ဈေးနှုန်းကွာခြားမှုရှိပြီး ပယင်းကို ဆွဲသီး၊ လက်ကောက်၊ ကျန်းမာရေးအသုံးအဆောင်၊ နားဆွဲ အစရှိတဲ့ပစ္စည်းအမျိုးမျိုးကို ဝတ်ဆင်မှု များလာတယ်လို့ သိရပါတယ်။

အွန်လိုင်းဈေးကွက်မှာ ဖန်စီပယင်းထည်တွေ ရောင်းအားကောင်းပြီး အပြင်ဈေးကွက်မှာတော့ တရုတ်ဘက်က အဝယ်များပြီး ကျန်းမာရေးအသုံးအဆောင်ပယင်းထည်တွေ ရောင်းအားကောင်းတယ်လို့ သိရပါတယ်။

'မြန်မာပြည်တွင်းက လူတွေက အပြင်ဈေးကွက်မှာ ဆေးဖက်ဝင်တဲ့ပစ္စည်းတွေအဖြစ်နဲ့ လာဝယ်ကြတယ်၊ နိုင်ငံတော်အတိုင်



ဆွဲသီး၊ လက်ကောက်၊ ကျန်းမာရေးအသုံးအဆောင်၊ နားဆွဲ အစရှိတဲ့ ပစ္စည်းအမျိုးမျိုးကို ဝတ်ဆင်မှု များလာတယ်။

ပင်ခံပုဂ္ဂိုလ်အမေစုက ပယင်းထည်ကို ဝတ်ပြီးတဲ့နောက်ပိုင်းမှာ ရောင်းအားတော်တော်ကောင်းလာတယ်၊ အွန်လိုင်းဈေးကွက်မှာတော့ အလှဝတ်တဲ့ဒီဇိုင်းတွေ ရောင်းအားသွက်တယ်၊ ဈေးမြင့်တဲ့ပစ္စည်းတွေကတော့ အပြင်ဈေးကွက်က ဆိုင်မှာလာကြည့်ပြီး ဝယ်ကြတာများတယ်' လို့ မသဉ္ဇာခြည်ထွန်းက ပြောပါတယ်။

ပယင်းကျောက်တွေဟာ အရောင်အသွေးကြည်လေ ပိုကောင်းလေဖြစ်ပြီးတော့အရောင်နီရဲတယ်ဆိုရင်လည်း အရည်အသွေးကောင်းပြီး ဈေးကောင်းတယ်လို့ ဆိုပါတယ်။ နိုင်စာနည်မောင်

# မန်းတိုင်းအစိုးရအဖွဲ့ပိုင် ပစ္စည်းများ ငှားရမ်းရောင်းချဆိုင်ရာ ဥပဒေကြမ်းပြီးစီး

မန္တလေး၊ ဒီဇင်ဘာ ၁၁-မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ပိုင်ပစ္စည်းတွေ ငှားရမ်းရောင်းချရာမှာ ပွင့်လင်းမြင်သာစွာသိလာနိုင်မယ့်တိုင်းဒေသကြီး အစိုးရအဖွဲ့ပိုင်ပစ္စည်းများ ငှားရမ်းခြင်း၊ ရောင်းချခြင်းဥပဒေကြမ်းကို လာမယ့် တိုင်းဒေသကြီးလွှတ်တော်ပုံမှန်အစည်းအဝေးမှာ တင်ပြနိုင်ဖို့ မျှော်မှန်းထားတယ်လို့ သိရပါတယ်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ပိုင် ပစ္စည်းများ ငှားရမ်းခြင်း၊ ရောင်းချခြင်းဥပဒေကြမ်းကို ရေးဆွဲပြီးသွားပြီလို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက သိရတယ်။

အခြေခံဥပဒေဇယား ၂ ပါ ဘဏ္ဍာရေးနှင့် စီမံကိန်းအမှတ်စဉ် ၁(ဆ)၌ ပါသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းဖြင့် ဆောင်ရွက်ခြင်းဆိုင်ရာဥပဒေကြမ်းတစ်ရပ် ရေးဆွဲရန် တိုင်းအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်းအဆိုကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ကျင်းပတဲ့တိုင်းဒေသကြီးလွှတ်တော်၊ အဌမအကြိမ် ပုံမှန်အစည်းအဝေးမှာ အတည်ပြုတိုက်တွန်းခဲ့တာဖြစ်ပါတယ်။

ရေးဆွဲပြီးဥပဒေကြမ်းမှာ အစိုးရပိုင်ပစ္စည်းများအတွက် တန်ဖိုးနှုန်းထားသတ်မှတ်တာ၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းတွေအတွက် အဖွဲ့အစည်းဖွဲ့ ဆောင်ရွက်နိုင်တာ စတဲ့အချက်တွေပါဝင်တယ်။ သည်ဥပဒေကြမ်းကို လာမယ့် တိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် တင်ပြနိုင်မယ်လို့ ယူဆရတယ်လို့ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်အောင်က ပြောပါတယ်။

သည်ဥပဒေကို မပြဋ္ဌာန်းနိုင်ခဲ့လို့ အစိုးရပိုင်ပစ္စည်းတွေ ငှားရမ်းရောင်းချတဲ့အခါမှာ ပွင့်လင်းမြင်သာမှုအားနည်းချက်တွေရှိခဲ့သလို အချို့ငှားရမ်းခနှုန်းထားတွေဟာ အဆမတန် နည်းပါးလွန်းတဲ့အတွက် ဝေဖန်ပြောဆိုမှုတွေရှိခဲ့ပါတယ်။

မိုးမြင့်ထွန်း

www.free4readers.com





# မန္တလေးမြို့တော်ဝန် မီနီမာရသွန် ပြိုင်ပွဲဝင်လိုသူတွေ ၁၅ ရက်နေ့ စတင် လျှောက်ထားနိုင်



မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ ၂၀၁၉ မှာ အလွတ်တန်း (ကျား၊မ) ပြိုင်ပွဲ၊ လူသစ်တန်း (ကျား၊မ) ပြိုင်ပွဲ စတဲ့ ပြိုင်ပွဲတွေ ပါဝင်မယ်။

မန္တလေး ဒီဇင်ဘာ ၁၂-မန္တလေးမြို့တော်ဝန်မီနီမာရသွန်ပြိုင်ပွဲကို(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပါဝင်ယှဉ်ပြိုင်လိုသူတွေအနေနဲ့ ပြိုင်ပွဲဝင် စည်းမျဉ်း၊ စည်းကမ်းလျှောက်လွှာပုံစံတွေကို တစ်စောင်ကျပ်၃၀၀နှုန်းနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၅ရက်မှ၃၁ရက်နေ့အထိနေ့စဉ်နံနက်၉း၃၀နာရီမှညနေ၄း၀၀နာရီအထိဝယ်ယူလျှောက်ထားနိုင်တယ်လို့သိရပါတယ်။

ပြိုင်ပွဲဝင်ပုံစံဝယ်ယူခဲ့တဲ့ဌာနဆိုင်ရာနေရာတွေမှာ ဝယ်ယူထားတဲ့လျှောက်လွှာတွေနဲ့ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၇ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ရက်အ ဒိနေ့ာက်ဆုံးထား လဲလှယ်ထုတ်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

သည်ပြိုင်ပွဲကိုမန္တလေးမြို့မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ရက်မှာ ကျင်းပမှာ ဖြစ်ပါတယ်။

လျှောက်လွှာဝယ်ယူနိုင်တဲ့နေရာတွေကတော့ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ် စတဲ့ မြို့နယ်အလိုက်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွေ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန(မနော်ရမ္မဥယျာဉ်)၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဗထူးကွင်းနှင့်မြို့တော်စည်ပင်ရုံးကြီးရှေ့တို့မှာဝယ်ယူ၍ လျှောက်လွှာတင်နိုင်တယ်လို့ သိရပါတယ်။

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ ၂၀၁၉မှာအလွတ်တန်း (ကျား၊မ)ပြိုင်ပွဲ၊ လူသစ်တန်း (ကျား၊မ)ပြိုင်ပွဲ စတဲ့ပြိုင်ပွဲတွေပါဝင်မယ်လို့ သိရပါတယ်။

အလွတ်တန်း(ကျား၊မ)ပြိုင်ပွဲမှာပထမဆုကနေ ဒသမဆုအထိ ချီးမြှင့်သွားမှာ ဖြစ်ပြီး နှစ်သိမ့်ဆု ငါးဆုလည်း ချီးမြှင့်မယ်လို့ သိရပါတယ်။

ပထမဆု ငွေကျပ် သိန်း၃၀ နဲ့ ဒသမဆု ငွေကျပ် ၂၅၀,၀၀၀ နှုန်းနဲ့ ဆုချီးမြှင့်မှာ ဖြစ်တယ်။ နှစ်သိမ့်ဆု တစ်ဆုကို ကျပ် ၁၀၀,၀၀၀ ချီးမြှင့်မှာ ဖြစ်ပါတယ်။

လူသစ်တန်း(ကျား၊မ)ပြိုင်ပွဲမှာလည်း ပထမဆုကနေ ဒသမဆုအထိ ချီးမြှင့်သွားမှာဖြစ်ပြီး နှစ်သိမ့်ဆု ၂၀ဆု ကို ချီးမြှင့်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ပထမဆု ငွေကျပ် သိန်း၃၀ နဲ့ ဒသမဆု ငွေ ကျပ် ၆၀၀,၀၀၀ နှုန်းနဲ့ ဆုချီးမြှင့်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ နှစ်သိမ့်ဆုတစ်ဆုကို တစ်သိန်းနှုန်း ချီးမြှင့်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

နှစ်သိမ့်ဆုကိုတစ်ကနေ ငါးအထိတစ်ဦးကိုငွေကျပ်၁၅၀,၀၀၀၊ ၆ ကနေ ၁၀အထိတစ်ဦးကိုငွေကျပ် ၁၀၀,၀၀၀ နှုန်း၊ နှစ်သိမ့်ဆု ၁၁ ကနေ ၁၅အထိ တစ်ဦးလျှင် ငွေကျပ် ၈၀,၀၀၀နှုန်း၊ ၁၆ကနေ ၂၀အထိကို တစ်ဦး ကျပ်၆၀,၀၀၀နှုန်း ချီးမြှင့်သွားမှာဖြစ်ပါတယ်။

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ ၂၀၁၉ ကိုမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့မှ နံနက် ၆း၃၀ နာရီမှာ စတင် တာလွှတ်မှာဖြစ်တယ်လို့ သိရပါတယ်။

ပြိုင်ပွဲလမ်းကြောင်းကတော့ ၂၆ လမ်းအတိုင်းလမ်း ၈၀ အထိ၊ ၎င်းမှလမ်း ၈၀အတိုင်း ၁၂ လမ်းအထိ၊ ၎င်းမှ ၁၂လမ်းအတိုင်း ၇၃ လမ်းအထိ၊ ၇၃လမ်းမှ မြောက်ဘက်မန္တလေးတောင်ပတ်လမ်း၊ ၁၀လမ်းမှအရှေ့သို့ ၆၂လမ်းအထိ၊ ၎င်းမှ၆၂လမ်းအတိုင်းငှက်ထွေဝါလမ်းအထိ၊ ငှက်ထွေဝါလမ်းမှ ၆၈လမ်းအထိ၊ ၆၈လမ်းအတိုင်းမန္တလာသီရိအားကစားကွင်း၊ ထိုမှ မန္တလာသီရိအားကစားကွင်းအရှေ့ဘက်ပေါက်မှပန်းဝင်ရမည်ဖြစ်ပြီးပြိုင်ပွဲပြေးလမ်းမှာ၃မိုင်ခန့်ကွာဝေးတယ်လို့ သိရပါတယ်။ **နိုင်စာနည်မောင်**

> “မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ ၂၀၁၉ ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့မှ နံနက် ၆း၃၀ နာရီမှာ စတင် တာလွှတ်မှာ ဖြစ်တယ်”

# မန္တလေး တောင်တက်တောင်ဆင်း စက်ဘီးပြိုင်ပွဲ ဆုတွေမှာ G-Shock နာရီတွေ ပါမည်



တောင်တက်စက်ဘီးစီးပြိုင်ပွဲနဲ့ တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲဆုတွေမှာ G-Shock နာရီတွေ ထည့်သွင်းချီးမြှင့်မယ်။

မန္တလေး၊ ဒီဇင်ဘာ ၁၂ - မန္တလေးတောင် ဖိတ်ခေါ် Mountain Bike တောင်တက်စက်ဘီးစီးပြိုင်ပွဲနဲ့ Downhill တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲဆုတွေမှာ G-Shock နာရီတွေ ထည့်သွင်းချီးမြှင့်မယ်လို့ သိရပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်တို့ ကြီးမှူးပြီး Mandalay Free Rider (MFR) က စီစဉ်ကျင်းပမယ့် သတ္တမအကြိမ် ဖြစ်ပါတယ်။

၃၅ နှစ်ပြည့် G-Shock နာရီ ထုတ်လုပ်ခြင်းအထိမ်းအမှတ်အဖြစ် ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှာမန္တလေးမြို့မှာ ပြုလုပ်မှာပါ။

ပထမဆု ကျပ် တစ်သိန်းနဲ့ ကျပ် နှစ်သိန်းဝန်းကျင်တန် G-Shock နာရီ၊ ဒုတိယဆု ကျပ် ၇၀,၀၀၀ နဲ့ G-Shock နာရီ၊ တတိယဆု ကျပ် ၅၀,၀၀၀ နဲ့ G-Shock နာရီ၊ စတုတ္ထဆုနဲ့ ပဉ္စမဆုတို့ကို G-Shock တစ်လုံးစီ ဆုချီးမြှင့်သွားမယ်လို့ သိရပါတယ်။

Mandalay Free Rider (MFR)က ကိုအောင်နိုင်ထွန်းက ‘ဒီပြိုင်ပွဲကို ခုနစ်ကြိမ်မြောက်ကျင်းပမှာပါ၊ ဒီပွဲမှာ တောင်တက်စက်ဘီးစီးပြိုင်ပွဲ (Mountain Bike)နဲ့တောင်အဆင်းလမ်းကြမ်း (Downhill) ပါမယ်၊ တောင်တက်ပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ၆၀၀ဦးဝန်းကျင်၊ တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ၄၀ဦးလောက်ပါဝင်ယှဉ်ပြိုင်မယ်လို့ခန့်မှန်းထားပါတယ်’ လို့ပြောပါတယ်။

သတ္တမအကြိမ် မန္တလေးတောင်ဖိတ်ခေါ် Mountain Bike တောင်တက်စက်ဘီးစီးပြိုင်ပွဲနဲ့ Downhill တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲမှာ Pro 1 ပြိုင်ပွဲ (မြန်မာလက်ရွေးစင်တန်း)၊ Pro 2 ပြိုင်ပွဲ(စက်ဘီးပြိုင်ပွဲတွေမှာ ဆုရရှိထားသူများတန်း)၊ ၂၅ နှစ်အောက်ပြိုင်ပွဲ၊ ၂၅ နှစ်မှ ၃၅ နှစ်ကြားပြိုင်ပွဲ၊ ၃၅ နှစ်မှ ၄၅ နှစ်ကြားပြိုင်ပွဲ၊ ၄၅ နှစ်အထက်ပြိုင်ပွဲ၊ ၆၀ နှစ်အထက်ပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲတွေပါ ထည့်သွင်းပြုလုပ်မှာပါ။

ပြိုင်ပွဲဝင်လိုသူတွေအနေနဲ့ ၇၈ လမ်း၊ ၃၃ လမ်းထောင့် ရှိ အိုးစတိုးနဲ့ ၃၇ လမ်း၊ ၇၇ လမ်းနဲ့ ၇၈ လမ်းကြားရှိ ဗိုးစွံကဖေးတို့မှာ ပြိုင်ပွဲဝင် လျှောက်လွှာတွေ အခမဲ့ထုတ်ယူနိုင်တယ်လို့ သိရပါတယ်။

ပြိုင်ပွဲဝင်တွေအနေနဲ့ တစ်ဦးလျှင် အသက်အာမခံကြေးကျပ် ၅၀၀၀ ပေးသွင်းရမှာဖြစ်ပါတယ်။

မျိုးဆက်သစ် အားကစားသမားတွေ ပေါ်ထွက်လာစေဖို့နဲ့ စက်ဘီးစီးအားကစားနည်းကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိလာပြီး စိတ်ဝင်စားမှု ပိုများလာဖို့ရည်ရွယ်ပါတယ်။

Mountain Bike တောင်တက်စက်ဘီးစီးပြိုင်ပွဲကို ၂၆ လမ်းနဲ့ ၈၂ လမ်းထောင့် နံနက် ၆း၀၀ နာရီက စတင် တာလွှတ်မှာပါ။ ၂၆ လမ်းအတိုင်း ၆၆ လမ်းအထိ အဲသည်ကမှ ၁၉ လမ်း၊ အဲသည်ကမှ ရန်ကင်းတောင်၊ အဲသည်ကမှ ရန်ကင်းတောင်အဆင်းလမ်းအတိုင်း လယ်တောလမ်းအထိ၊ အဲသည်ကမှ မန္တလေးတောင်၊ အဲသည်ကမှ မန္တလေးတောင်အဆင်းလမ်းမှ မန္တလေးတောင်ဓာတ်လှေကားအနီး ပန်းဝင်မှာဖြစ်ပါတယ်။

Downhill တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲကို မန္တလေးတောင် ယာဉ်ရပ်နားကွင်းကနေ စတင်တာလွှတ်မှာ ဖြစ်ပါတယ်။

**နိုင်စာနည်မောင်**

# မြန်မာ – တရုတ်ကုန်သွယ်ရေးမှာ ကုန်စည်တွေသုံးစွဲအညွှန်းကို မြန်မာ – အင်္ဂလိပ် တစ်မျိုးမျိုးဖော်ပြဖို့ တိုက်တွန်း

နေပြည်တော်၊ ဒီဇင်ဘာ ၁၂- မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရာမှာ အစားအသောက်၊ ဆေးဝါး၊ ဓာတ်မြေဩဇာစတဲ့ ကုန်စည်တွေရဲ့ သုံးစွဲအညွှန်းတွေကို မြန်မာဘာသာဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြစ်စေ ဘာသာစကားတစ်ခုခုနဲ့ ဖော်ပြကြဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက တိုက်တွန်းပြောကြားပါတယ်။

ဒီဇင်ဘာလ ၁၂ ရက်နေ့ မူဆယ်မြို့မှာ ပြုလုပ်တဲ့ ၁၇ ကြိမ်မြောက် မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားမိန့်ခွန်းပြောကြားရာမှာ ဒုဝန်ကြီးက အခုလို ထည့်သွင်းပြောကြားသွားတာ ဖြစ်ပါတယ်။



မြန်မာ– တရုတ်နယ်စပ်ကုန်သွယ်ရေးအတွက် နယ်စပ်စခန်းငါးခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။

### တိုက်တွန်းပြောကြား

မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှု ပြုရာမှာ စားသုံးသူတွေ ဘေးအန္တရာယ်ကင်းရှင်းရေးမှာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် စားသုံးသူတွေ ဘေးအန္တရာယ်ကင်းရှင်းစေပြီး ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် နယ်စပ်ရှိကူးသန်းရောင်းဝယ်ရေးစခန်းတွေက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးရုံးများ ဖွင့်လှစ်ထားတဲ့အတွက် ဆေးဝါးများ၊ စားသောက်ကုန်များနဲ့ ဓာတ်မြေဩဇာတွေမှာပါတဲ့ သုံးစွဲရန် အညွှန်းတွေကို မြန်မာဘာသာဒါမှမဟုတ် အင်္ဂလိပ်ဘာသာနဲ့ ဖော်ပြကြဖို့ ဒုဝန်ကြီးက တိုက်တွန်းပြောကြားတာ ဖြစ်ပါတယ်။

၁၂ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ ကျင်းပမယ့် ၁၇ ကြိမ်မြောက် မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲမှာတော့ ပြခန်းပေါင်း ၃၇၀ ကျော် ပါဝင်ပြသမှာဖြစ်ပြီး မြန်မာနိုင်ငံကပြခန်းပေါင်း ၁၂၀ ကျော်နဲ့ တရုတ်နိုင်ငံဘက်က ပြခန်းပေါင်း ၂၅၀ ကျော် ပါဝင်ပြသကြမှာ ဖြစ်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံဘက်မှ သစ်အချောထည်ပစ္စည်းတွေ၊ ကျောက်မျက်လက်ဝတ်ရတနာပစ္စည်းတွေ မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းတွေ၊ ရေထွက်ကုန်ပစ္စည်းတွေ၊ လက်ဖက်ခြောက်နှင့် စားသောက်ကုန်ပစ္စည်းတွေပါ ပြသသွားမှာဖြစ်ပါတယ်။ တရုတ်ဘက်ကတော့ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ နည်းပညာသုံးပစ္စည်းနဲ့ အဝတ်အထည်တွေကို အဓိကပြသမယ်လို့ သိရပါတယ်။

'ဖွင့်ပွဲမှာတော့ ဘာမှ ဆွေးနွေးကြတာ မရှိခဲ့ဘူး။ နောက်ရက်တွေတော့ ဘဏ်ကိစ္စတွေ ဆွေးနွေးမယ်၊ နှစ်နိုင်ငံကြားကုန်သွယ်မှုမှာ အခက်အခဲဖြစ်တာလေးတွေ ဆွေးနွေးကြမယ်'လို့ မူဆယ်မြို့ကပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ဦးချမ်းသာဦးက ပြောပါတယ်။

လက်ရှိမှာတော့ မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးအတွက် နယ်စပ်စခန်း ငါးခုဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး စခန်းငါးခုအနက် မူဆယ်–ကျယ်ဂေါင်–ရွှေလီကုန်သွယ်မှုစခန်းမှ ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၅.၈ ဘီလျံအထိ ရှိတဲ့အတွက် မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးရဲ့ ၈၅ ရာခိုင်နှုန်းအထိ ကုန်သွယ်မှု ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။

မာရီနိုင်

# ကုမ္ပဏီသတင်းများ

ရန်ကုန်၊ ဒီဇင်ဘာ ၁၂ – VOD TEL Communications, Inc. (MOSA) ကို ၁၉၉၉ ခုနှစ် Taiwan, Taipei မြို့မှာ တည်ထောင်ခဲ့ပြီး VOIP Gateway, IP-PBX, IP Phone နဲ့ပတ်သက်တဲ့ ပစ္စည်းတွေကို တီထွင်ထုတ်လုပ်ဖြန့်ချိနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ Engineer တွေက Taiwan Alcatel. lucent မှာ လုပ်သက်ရှိခဲ့တဲ့ အင်ဂျင်နီယာတွေဖြစ်ပါတယ်။

အင်တာနက်ရှိရုံနဲ့ ရုံးခွဲတွေကို အခမဲ့ ဖုန်းခေါ်ဆိုနိုင်တာရယ်၊ operator ရဲ့ တရားဝင် ပရိုမိုးရှင်း အစီအစဉ်တွေကို ချေးသက်သက်သာသာနဲ့ auto အသုံးပြုနိုင်တာရယ်၊ SIP (Fixed IP Phone, Wi Fi IP Phone, APP/Soft Phone) အမျိုးမျိုးကို plug & play အသုံးပြုနိုင်တာကြောင့် office နဲ့ branch စရိတ်သက်သက်သာသာနဲ့ one number Pass ဆက်သွယ်နိုင်တာရယ်၊ customer service တွေအတွက် auto attendant/မက်ဆေ့ချ်ထားရှိနိုင်တာရယ်၊ ဖုန်းခေါ်လာသူကို မိတ်ဆက်စကားပြောခြင်း၊ DISA နဲ့ ဖုန်း call တွေကို recording ပြုလုပ်နိုင်တဲ့ တွေ funtion ပါဝင်ပါတယ်။

### Cisco

Cisco ကို American Silicon Valley ဗဟို San Jose, California ပြည်နယ်မှာ ဖွင့်လှစ်တည်ထောင်ခဲ့ပါတယ်။ Cisco မှာ networking devices, telecommunication ပစ္စည်းကိရိယာတွေနဲ့ အခြားသောနည်းပညာမြင့်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကို ထုတ်လုပ်ဖြန့်ချိနေပါတယ်။

### LILIN

LILIN ဟာ ကမ္ဘာပေါ်မှာ IP camera, video recoeder နဲ့ အတူ ဆက်စပ်တဲ့ software application တွေကို အဓိက ဦးဆောင်ထုတ်လုပ်နေတဲ့ နှစ်ပေါင်း ၃၀ ကျော်သက်တမ်းရှိ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ်မှာ ထိုင်ဝမ်မှာ တည်ထောင်ခဲ့ပြီး ထုတ်ကုန်တွေက AHD ကင်မရာ၊ ONVIF ကင်မရာ၊ IP Fisheye ကင်မရာ၊ low-light high resolution ကင်မရာ၊ WDR ကင်မရာ၊ DUR/NVR recorder တွေနဲ့ တွေနဲ့ Central Management System (CMS), Smart Intelligent & NVR Software တွေကို ပူးတွဲထုတ်လုပ်ဖြန့်ချိနေပါတယ်။

### ET&T

ET&T ကို ၁၉၉၂ ခုနှစ်ထိုင်ဝမ်မြို့မှာ စတင်တည်ထောင်ခဲ့ပြီး Portable Digital Video recorder (DVR) တွေ ဖြစ်တဲ့ Car DVR နဲ့ body worn DVR နှစ်မျိုးကို ထုတ်လုပ်ထားပြီး ကုမ္ပဏီသုံးရုံးကားတွေ၊ police ကားတွေ၊ ကွန်တိန်နာကားတွေ၊ ဆေးရုံကားတွေ-သင်္ဘောတွေ၊ ရထားတွေနဲ့ ဘတ်စ်ကားတွေမှာ 1 to 8 channel အထိ တပ်ဆင်အသုံးပြုနိုင်ပါတယ်။

### 999 Job

999 Job မှာ မြန်မာနိုင်ငံရဲ့ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခု ဖြစ်ပါတယ်။ စီမံခန့်ခွဲမှုဆိုင်ရာ ရာထူးမြင့်ဝန်ထမ်းတွေ၊ အမှုဆောင်အဆင့်ဝန်ထမ်းတွေကို ရှာဖွေပေးတဲ့ ကုမ္ပဏီဖြစ်ပါတယ်။

999 Job ရဲ့ ဝန်ဆောင်မှုကို အသုံးပြုရင် အချိန်ကုန်သက်သာတာရယ်၊ ရေတိုအသုံးစရိတ်သက်သာတာရယ်၊ ရေရှည်အသုံးစရိတ်သက်သာတာတွေ၊ ဝန်ထမ်းကောင်းတွေ ခန့်အပ်နိုင်တာရယ်၊ အလုပ်ခေါ်စာအတွက် ကြော်ငြာစရိတ် မကုန်ကျတာတွေကို ရရှိမှာဖြစ်ပါတယ်။

မေသက်



www.free4readers.com



# သရုပ်ဆောင်မိုးအောင်ရင် ထောင်ဒဏ် ၁၇ နှစ်ဖြစ်သွားပြီ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂** – မူးယစ်ဆေးဝါးမှုနဲ့ တရားစွဲဆိုခံထားရတဲ့ သရုပ်ဆောင်မိုးအောင်ရင်ကို ဒီဇင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းက ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံးက နေ ထောင်ဒဏ် ၁၂ နှစ် ချမှတ်လိုက်တာကြောင့် စုစုပေါင်း၁၇နှစ်ကျခံရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့နိုဝင်ဘာလ ၂၆ ရက်ကလည်း သရုပ်ဆောင်မိုးအောင်ရင်ကို မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ ပဲပုဇွန်တောင်တရားရုံးကနေထောင်ဒဏ် ငါးနှစ် ချမှတ်ခဲ့ပါတယ်။

ဒါကြောင့် သရုပ်ဆောင်မိုးအောင်ရင်ဟာ ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံးကနေ ထောင်ဒဏ် ၁၂ နှစ်ချမှတ်တာနဲ့ဆိုရင်စုစုပေါင်းထောင်ဒဏ် ၁၇ နှစ်ကျခံရမှာ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွင်းက မိုးအောင်ရင်နေထိုင်တဲ့အိမ်မှာ မူးယစ်ဆေးဝါးအချို့နဲ့အတူ မိုးအောင်ရင်ရဲ့သူငယ်ချင်းဖြစ်သူနှစ်ဦးကို ဖမ်းဆီးမိခဲ့ပါတယ်။ အဲသည့်နောက် ပုဇွန်တောင်မြို့နယ်က တိုက်ခန်းတစ်ခန်းမှာ မိုးအောင်ရင်ကို မူးယစ်ဆေးဝါးအချို့နဲ့အတူ ထပ်မံဖမ်းမိခဲ့တဲ့အတွက် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုတို့နဲ့ တရားစွဲဆိုခဲ့ရပါတယ်။



သရုပ်ဆောင် မိုးအောင်ရင်ဟာ စုစုပေါင်း ထောင်ဒဏ် ၁၇ နှစ် ကျခံရမှာဖြစ်ပါတယ်။

သရုပ်ဆောင် မိုးအောင်ရင်ဟာ နှစ်နှစ်နီးပါးကြာတဲ့အထိ အမှုရင်ဆိုင်ခဲ့ရပြီးနောက် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုပုဒ်မ ၁၉(က)နဲ့အရှေ့ပိုင်းခရိုင်တရားရုံးက ထောင်ဒဏ်၁၂နှစ်ချမှတ်လိုက်တာဖြစ်ပါတယ်။

မိုးအောင်ရင်နဲ့အတူ တရားစွဲခံရသူနှစ်ဦးအနက် တစ်ဦးကို မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှု၊ သုံးစွဲမှုတို့နဲ့ထောင်ဒဏ် ၁၅ နှစ်၊ ကျန်တစ်ဦးကို မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ထောင်ဒဏ်သုံးနှစ်လည်း ချမှတ်ခဲ့ပါတယ်။

**စောလီထွန်း**

# မြို့တော်စည်ပင် အပလီကေးရှင်း မိတ်ဆက်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၀** – ပြည်သူလူထုနဲ့ Development Affairs Organization (DAO) အကြား တိကျမှန်ကန်ပြီး ပွင့်လင်းမြင်သာရှိတဲ့ သတင်းအချက်အလက်တွေကို အချိန်နဲ့ တစ်ပြေးညီမျှဝေသွားနိုင်ဖို့ ရည်ရွယ်ပြီး မြို့တော်စည်ပင် အပလီကေးရှင်း (Myo Taw app) ကိုမိတ်ဆက်ပါတယ်။

DAO (တောင်ကြီး၊ မန္တလေးနဲ့ မော်လမြိုင်တို့ရှိ မြို့တော်စည်ပင်သာယာရေးအဖွဲ့) တွေရဲ့ မြို့တော် အပလီကေးရှင်းဖြစ်တယ်။ အဲသည်မြို့တော် အပလီကေးရှင်းကို အာရှဖောင်ဒေးရှင်းရဲ့အကူအညီနဲ့ မြန်မာနိုင်ငံအခြေစိုက်ကုမ္ပဏီဖြစ်တဲ့ Koe Koe Tech က တာဝန်ယူရေးဆွဲပေးပါတယ်။

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိဖြစ်သူ ဦးအေးကိုက 'ကျွန်တော်တို့ဘက်က တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာ အကောင်းဆုံးဖြစ်အောင် အစဉ်အမြဲကြိုးစားနေသလို ပြည်သူတွေဆီကို တိကျပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ သတင်းအချက်အလက်တွေ အချိန်နဲ့ တစ်ပြေးညီ မျှဝေနိုင်ရေးဆိုတဲ့ ခံယူချက်အတိုင်း ဒီအပလီကေးရှင်းက ဆောင်ကြဉ်းပေးနိုင်မယ်လို့ ပြောလို့ ရပါတယ်' လို့ ဆိုတယ်။ အဲဒါ့အပြင် သည်အပလီကေးရှင်းကတစ်ဆင့် ရေခွန်တွေနဲ့ အိမ်ခြံမြေခွန်တွေ ပေးဆောင်နိုင်တော့မှာဖြစ်တယ်လို့လည်း ဆိုတယ်။

မြောင်းပိတ်ဆို့နေတာ၊ ရေကြီးရေလျှံဖြစ်ပေါ်နေတာ၊ လမ်းချိုင့်ခွက်တွေရှိနေတာ၊ ရေပိုက်တွေယိုစိမ့်တာနဲ့တရားမဝင် အမှိုက်စွန့်ပစ်တာတွေကို အဲသည်အပလီကေးရှင်းကတစ်ဆင့် ဓာတ်ပုံနဲ့ ဖြစ်ပွားနေတဲ့နေရာကို သတင်းပေးပို့နိုင်မှာဖြစ်တယ်။ တောင်ကြီးနဲ့ မော်လမြိုင်မြို့မှာရှိတဲ့ ဒေသခံ ပြည်သူတွေအနေနဲ့ မြို့တော် အပလီကေးရှင်းကို နိုဝင်ဘာ ၁၇ ရက်နဲ့ နိုဝင်ဘာ ၂၄ ရက်တို့မှာ အသီးသီး ဒေါင်းလုပ်ဒ်ဆွဲအသုံးပြုနိုင်ပြီ ဖြစ်တယ်။ မန္တလေး ဒေသခံ ပြည်သူတွေကတော့ ၂၀၁၉ ဇန်နဝါရီမှာ စတင်အသုံးပြုနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။



Development Affairs Organization (DAO) ဟာ လူမှုဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးတာ၊ ဒေသန္တရစီးပွားရေးလုပ်ငန်းတွေကို လိုင်စင်နဲ့ ခွင့်ပြုချက်တွေ စိစစ်ချမှတ်ပေးတာတွေ ဆောင်ရွက်ပေးတဲ့ မြို့ပြစီမံခန့်ခွဲရေးအဖွဲ့ဖြစ်တယ်။ **အောင်ထွန်းဦး**

# မန္တလေး အသေးစားစက်မှုလက်မှုပြပွဲမှာ ပန်းဆယ်မျိုး လက်မှုအနုပညာထုတ်ကုန်ပစ္စည်းတွေ ပြသမည်

**မန္တလေး၊ ဒီဇင်ဘာ ၁၂** – မန္တလေးဟာ ပန်း၁၀မျိုး ဖွံ့ဖြိုးတဲ့ ဒေသဖြစ်ခဲ့ပေမဲ့လည်း အခုအချိန်မှာ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတာကြောင့် ပန်း၁၀မျိုး လက်မှုပစ္စည်းတွေကို ဈေးကွက်ရရှိလာစေဖို့ တတိယအကြိမ်မြောက် အသေးစားစက်မှုလက်မှုပြပွဲမှာ ပထမဆုံးအကြိမ်အဖြစ် မြန်မာ့ရိုးရာပန်း၁၀မျိုး လက်မှုအနုပညာထုတ်ကုန်ပစ္စည်းတွေ ပြသမယ်လို့ သိရပါတယ်။

သည်ပြပွဲမှာ ဆိုင်ခန်းပေါင်း ၁၂၀ပြသမှာပါ။ ပန်း၁၀မျိုး လက်မှုအနုပညာပြခန်းတွေကို အခန်းရေအများဆုံး အခန်းပေါင်း ၆၀ ခန်းအထိ ပြသမယ်လို့ သိရပါတယ်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၇၃) လမ်းရှိမင်္ဂလာ မန္တလေးမှာ ပန်း ၁၀ မျိုးကို ထည့်သွင်းပြသမှာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်ကနေ ၂၄ ရက်အထိ တတိယအကြိမ်မြောက် အသေးစားစက်မှုလက်မှုနှင့် မြန်မာ့ရိုးရာပန်း၁၀မျိုး လက်မှုအနုပညာထုတ်ကုန်ပစ္စည်းပြပွဲ၊ ဈေးရောင်းပွဲ (မန္တလေး) ကို ပြုလုပ်မှာ ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သင်းက 'ပန်း၁၀မျိုး ဆိုတာက မြန်မာလူမျိုးရယ်လို့ မပေါ်ပေါက်ခင် ပျူခေတ်ကတည်းက စတင် ပေါ်ပေါက်လာခဲ့တာပါ၊ ခေတ်အဆက်ဆက်တိုးတက်လာပြီးတော့ အထင်ကရရှိတဲ့ နေရာကတော့ မန္တလေးရွှေနန်းတော်ကြီးပါ၊ မန္တလေးမှာရှိတဲ့ ပန်း ၁၀ မျိုးက တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်နေပါပြီ၊ အဲဒီလို ပျောက်ကွယ်လို့ ကျွန်တော်တို့က ပြည်တွင်းပြည်ပ ဈေးကွက်ရလာအောင်လို့ ဖော်ထုတ်ပေးတာပါ' လို့ ပြောပါတယ်။

ပန်း၁၀မျိုး လက်မှုအနုပညာပြခန်း ၆၀ ခန်း၊ စားသောက်ကုန်ပြခန်း ၂၇ ခန်း၊ လူသုံးကုန်နှင့် အလှကုန်ပြခန်း ၁၆ ခန်းနဲ့ အထွေထွေစက်မှုလက်မှုလုပ်ငန်း ၁၇ ခန်း စုစုပေါင်း ပြခန်း ၁၂၀ ခန်း ပြသသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ပြပွဲမှာ ဟောပြောဆွေးနွေးပွဲတွေ၊ ဖျော်ဖြေရေးနဲ့ ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးအစီအစဉ်တွေ ပါဝင်မယ်လို့ သိရပါတယ်။

**နိုင်စာရည်မောင်**



www.free4readers.com








# စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်ချင်သူတိုင်း မွေးမြူသင့်တဲ့ အရည်အချင်းများ

စွန့်ဦးတီထွင်လုပ်ငန်းရှင်ဆိုတာက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို စတင် တည်ထောင်သူတွေပါ။ သူတို့ဟာ အကြံဉာဏ်ကောင်းတွေရှိနေပြီး စွန့်စားမှုတွေကနေတစ်ဆင့် လုပ်ငန်းကို အောင်မြင်မှုရအောင် လုပ်ဆောင်တတ်ကြသလို အခြားသူတွေနဲ့မတူဘဲ ကွဲထွက်နေတဲ့ တီထွင်ဆန်းသစ်မှုတွေနဲ့ လုပ်ငန်းတူတွေကို အနိုင်ယူတတ်ကြသူတွေပေါ့။ လုပ်ငန်းတစ်ခုကို စတင်တည်ထောင်သူတိုင်းက စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေဆိုပေမဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်မှာ မဖြစ်မနေ ရှိသင့်တဲ့အရည်အချင်းတွေရှိမှ လည်း လုပ်ငန်းကိုအောင်မြင်အောင် ဦးစီးလုပ်ဆောင်နိုင်မှာပါ။ စတိဗ်ဂျော့က သူများနဲ့မတူတဲ့အမြင်ရှိလို့ အောင်မြင်ခဲ့တာဖြစ်သလို မက်ခ်ဇူကာဘတ်ဟာလည်း သူမတူတဲ့ တီထွင်ဆန်းသစ်မှုကြောင့် စွန့်ဦးတီထွင်သူအဖြစ် နာမည်ရ ကျော်ကြားလာကြတာပါ။

**စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ဖြစ်စေဖို့ မွေးမြူပျိုးထောင်သင့်တဲ့ အရည်အချင်းတွေက**

**Creative Thinking**
**(တီထွင်ဆန်းသစ်တွေးခေါ်နိုင်စွမ်း)**

စွန့်ဦးတီထွင်လုပ်ငန်းရှင်တိုင်းက ကိစ္စတိုင်းကို ဘောင်အပြင်ဘက်ကနေ တွေးတတ်ရမှာဖြစ်ပါတယ်။ သူများတွေလုပ်နေတဲ့အလုပ်ကို လုပ်မယ်ဆိုရင်တောင်မှ လက်ရှိလုပ်နေတဲ့သူတွေမတွေးမိတဲ့အရာမျိုး ဒါမှမဟုတ် သူတို့မတွေးမိသေးတဲ့အရာမျိုးကို ကိုယ်က ဖော်ဆောင်လုပ်ကိုင်နိုင်ရပါမယ်။ သည်လိုသူမတူတဲ့တွေးခေါ်မှုက စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကို အောင်မြင်စေတဲ့အဓိကအချက်တွေထဲက တစ်ခုပါ။

**Leadership (ဦးဆောင်နိုင်စွမ်း)**

စွန့်ဦးတီထွင်လုပ်ငန်းရှင်တော်တော်များများက သည်အရည်အချင်းကို ပိုင်ဆိုင်ထားကြသူတွေပါ။ သူတို့ဟာ နေရာတိုင်းမှာ ဦးဆောင်ဆုံးဖြတ်နိုင်စွမ်းရှိကြပါတယ်။ သည်အရည်အချင်းက မွေးမြူလို့ရတယ်ဆိုပေမဲ့ မွေးရာပါအရည်အချင်းတစ်ခုအနေနဲ့ ပါလာတတ်ကြတာက များပါတယ်။ ဦးဆောင်နိုင်စွမ်းရှိသူတွေက လုပ်ငန်းတစ်ခုကို အကောင်းဆုံး ဦးဆောင်ပြီး အောင်မြင်အောင် လုပ်နိုင်ကြပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် အောင်မြင်ဖို့ မျိုးစေ့ပါလာကြသူတွေပေါ့။

**Risk Taking (စွန့်စားလုပ်ကိုင်နိုင်စွမ်း)**

စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေက စီးပွားရေးလုပ်ငန်းရှင်တွေထက် ပိုပြီး စွန့်စားလုပ်ကိုင်နိုင်စွမ်းရှိကြပါတယ်။ သူတို့က အရှုံးနဲ့ရင်ဆိုင်ရရင်တောင်မှ အလွယ်တကူ လက်လျှော့တာမျိုးမလုပ်ဘဲ အရှုံးကို ယာယီပဲခံယူပြီး အောင်မြင်မှုရရှိအောင် လုပ်ဆောင်ကြသူတွေပါ။ ရေရှည်အောင်မြင်ဖို့ ယာယီဆုံးရှုံးမှုကို အန်တုနိုင်ကြသူတွေပေါ့။

**Strong Work Ethic**
**(ဖွဲ့နပဲကြိုးကြတယ်)**

စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေက လူအများကြားမှာ ထင်ပေါ်ကျော်ကြားပြီး လူအများအားကျသူတွေဖြစ်နေပေမဲ့ သူတို့ဟာ သည်လိုအောင်မြင်မှုရဖို့အတွက် လမ်းသစ်ထွင်ဖောက်မှုကို အချိန်အတော်ကြာ ကြိုးပမ်းပြီး မဆုတ်မနစ် လုပ်ဆောင်ခဲ့တာပါ။ သူတို့ဟာ လုပ်ငန်းကို စတင်ခဲ့စဉ်က မနက်နေထွက်ကနေ စလို့ ညသန်းခေါင်ယံအချိန်အထိကို အပတ်တကုတ် အလုပ်လုပ်ခဲ့ကြရသူတွေပါ။ အောင်မြင်တဲ့စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်ချင်တယ်ဆိုရင် အစဉ်တစိုက် ဖွဲ့သန်သန်နဲ့ ကြိုးစားပေးပါ။

သူတို့ဟာ သည်အရည်အချင်းတွေအပြင် ဆုံးဖြတ်ချက်ချနိုင်စွမ်း၊ စီမံခန့်ခွဲနိုင်စွမ်းတွေအပြင် စိတ်ကူးတွေကို လူတွေကို ပြနိုင်တဲ့အထိ ဖော်ဆောင်နိုင်စွမ်းလည်း ပိုကောင်းတတ်ကြပါတယ်။ အောင်မြင်တဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်ဖြစ်ချင်တယ်ဆိုရင်တော့ သည်အရည်အချင်းလေးတွေကို ပျိုးထောင်မွေးမြူဖို့ အရေးကြီးပါတယ်။

**မအေးသီမွန်**

[ref: thebalancecareers.com.]

# ဗီဒီယိုဖိုင်တစ်စုတည်း ကြည့်ရှုနိုင်ပြီး ပြည်တွင်းပြည်ပအသုံးပြုနိုင်တဲ့ ZANN Application မိတ်ဆက်

**ရန်ကုန်၊ ဒီဇင်ဘာ ၈** – ဗီဒီယိုဖိုင်တွေ တစ်စုတစ် စည်းတည်းကြည့်ရှုနိုင်ပြီး မြန်မာနိုင်ငံသာမက ပြည်ပမှာပါ အသုံးပြုနိုင်တဲ့ social video plaform တစ်ခုဖြစ်တဲ့ ZANN application ကို စတင်မိတ်ဆက်ပါတယ်။

ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံရှေ့မှာ ဒီဇင်ဘာ ၇ရက်နေ့ မွန်းလွဲပိုင်းက မိတ်ဆက်တာပါ။

ZANN Application software Development Manager ကိုညီညီထွန်းက 'ZANN application ကတော့ ဆိုရှယ်ပလက်ဖောင်းတစ်ခုပါ၊ မြန်မာပြည်ကလူတွေသုံးလို့ရအောင် ရည်ရွယ်ပြီး ပြုလုပ်ထားတာပါ၊ ဒီမှာဆိုရင် story လေးတွေ တင်လို့ရမယ်၊ သူများလုပ်ထားတာတွေကို လဲ followလုပ်လို့ရမယ်၊ ဖေ့စ်ဘုတ်ခ်လို အလားသဏ္ဍာန်တူတဲ့ ပုံစံမျိုးပါ၊ ဒါပေမဲ့ ဓာတ်ပုံတော့ တင်လို့မရသေးဘူးပေါ့၊ ယူကျူ့လိုဆင်တူပါတယ်' လို့ ပြောပါတယ်။

ZANN application ဟာ လူမှုဘ၀ ဗီဒီယိုတွေ မျှဝေတဲ့ ဆိုရှယ်ဗီဒီယိုတစ်ခုဖြစ်ပြီး မိမိရိုက်ကူးထားတဲ့ ဗီဒီယိုတွေကို ဝေမျှနိုင်ခြင်း၊ အသုံးပြုသူတွေ အနေနဲ့လည်း မိမိကြည့်ရှုလိုတဲ့ ဗီဒီယိုကို search box တွင် အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ပြီး reaction နဲ့ comment တွေ ပေးနိုင်တဲ့အပြင် အခြားလူမှုကွန်ရက် စာမျက်နှာတွေမှာလည်း မျှဝေနိုင်တယ်လို့ သိရပါတယ်။

'အကောင့် လုပ်မယ်ဆိုရင် ဖုန်းနံပါတ်ရှိရင် ဖုန်းနံပါတ်နဲ့ လုပ်လို့ရတယ်၊ ဖေ့စ်ဘုတ်ခ်ရှိရင် ဖေ့စ်ဘုတ်ခ်နဲ့ လုပ်လို့ရတယ်၊ User တွေရဲ့ လုံခြုံရေးပိုင်းနဲ့ ပတ်သက်ပြီးတော့လဲ ဂရုတစိုက်ဆောင်ရွက်ပေးထားပါတယ်၊ ကိုယ့်ဖုန်းကို သူများသိလို့ ဝင်ရင်လဲ မရပါဘူး၊ ဖုန်းနဲ့ဆို auto code လှမ်းပို့ပေးတယ်၊ ကိုယ်တိုင် သုံးတယ်ဆိုရင်တော့ လွယ်လွယ်ကူကူ သုံးလို့ရပါတယ်၊ User တွေ သုံးမယ်ဆိုရင် အကုန်လုံးက အခမဲ့ သုံးခွင့်ရမှာပါ၊ run တာက အောက်တိုဘာကစပြီး လုပ်တာပါ၊ မြန်မာနိုင်ငံသာမက အင်တာနေရှင်နယ်မှာပါသုံးလို့ရပါတယ်၊ သတင်းဌာနတွေအတွက် ချန်နယ်တစ်ခုမှာ သူ့ရဲ့ အင်ဖော်မေးရှင်းတွေ အပြင်ကနေပေးပြီး upload လုပ်ဖို့ အစီအစဉ်ရှိပါတယ်၊ user တွေကဖောလိုးလုပ်ထားရင် ဘာသတင်းတွေရှိတယ်ဆိုတာ Up to date ဖြစ်နေမှာပါ၊ အကြီးမားဆုံးစိန်ခေါ်မှုကတော့တချို့က ပြောကြတယ်၊ ဖေ့စ်ဘုတ်ခ်ရှိနေတာပဲ၊ ဘာလုပ်မှာလဲဆိုပြီး ပြောကြတယ်၊ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က အဓိကက ဒီအပလီကေးရှင်းမှာ ဗီဒီယိုတွေကို တစ်စုတစ်စည်းတည်း ကြည့်ရှုနိုင်ဖို့အတွက် ရှာရဖွေရလွယ်ကူအောင် ဆောင်ရွက်ပေးထားတာဖြစ်ပါတယ်' လို့ ကိုညီညီထွန်းက ပြောပါတယ်။

လက်ရှိမှာတော့ ZANN Application ကို အသုံးပြုသူနှစ်သောင်းကျော်ရှိနေပြီလို့ သိရပါတယ်။

ZANN ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ အသုံးပြုနိုင်ပြီး လူကြိုက်များတဲ့ ချန်နယ် ၂၃ ခုကိုလည်း ဖန်တီးတည်ဆောက်ပေးထားပါတယ်။ ZANN application ကို ရယူဖို့ အန်းဒွိုက်ဖုန်းမှာပလေးစတိုးကနေ အခမဲ့ ဒေါင်းလုပ်ဒ်ရယူနိုင်ပါတယ်။

မကြာမီ live လွှင့်နိုင်တဲ့ ဝန်ဆောင်မှုကိုလည်း ထည့်သွင်းသွားမှာဖြစ်ပြီး မိမိဗီဒီယိုဖိုင်တွေကို ကြည့်ရှုသူများလာတဲ့အခါ revenue sharing လုပ်သွားမယ့် business plan ကိုလည်း ဝန်ဆောင်မှုပေးမယ်လို့ သိရပါတယ်။

**စာလီထွန်း**

www.free4readers.com





# လွန်ခဲ့သော နှစ် နှစ်ဆယ်ကျော်က သူငယ်ချင်း

ခင်မောင်ဝင်း (စစ်တွေ)

ပလက်တီနမ်ကုန်တိုက်ကြီး၏ အပေါ်ထပ်သို့တက်သော စက်လှေကားပေါ်တွင် ကျွန်တော့်ဘေးမှ အတူယှဉ်တွဲ၍တက်လာသော သူကို ကျွန်တော် ရင်းနှီးခဲ့ဖူးသလို ခံစားနေမိသည်။ လူတူမရှား။ သူများနိုင်ငံမှာဆိုတော့ နှုတ်ဆက်ရအခက်။ မနှုတ်ဆက်တော့လည်း အခက်။ မှားရင်လည်း အရင်းပေါ့၊ မမှားရင် ငယ်သူငယ်ချင်းနဲ့ ပြန်ဆုံရတာပေါ့ဟူသော အတွေးကို မွေးယူကာ...

'ကျေးဇူးပြုပြီးတစ်ခုမေးပါရစေ၊ မစ္စတာဖောင်လားလို့'

'ဟုတ်ပါတယ်'

'Ran Sit ယူနီဗာစီတီ'

'ဩော်...မစ္စတာဝင်းကို။ မှတ်မိပြီ မှတ်မိပြီ၊ တိုက်ဆိုင်လွန်းတယ်ဗျာ၊ ကျွန်တော်တို့ မတွေ့တာတောင် နှစ် ၂၀ကျော်ကြာခဲ့ပြီပဲ'

'ဟုတ်တယ်'

'ရော့ လိပ်စာကတ်၊ ကျွန်တော့်ဆိုင်ကို မရောက်ရောက်အောင် လာခဲ့နော်၊ ခုတော့ ကျွန်တော့်မှာ အလုပ်ကိစ္စလေးတွေ ရှိနေလို့'

မြို့ကြီးပြကြီးသားတို့ သဘာဝအတိုင်း စက်လှေကားဆုံးသည်နှင့် မပြေးရုံတစ်မည် ကျွန်တော့်အနားက ထွက်သွားသည်။ ရန်ကုန်က လူများထက် ဘန်ကောက်က လူများက လမ်းလျှောက်မြန်သည်။ ဘန်ကောက်ထက် ဟောင်ကောင်၊ ဟောင်ကောင်ထက် တိုကျိုဆိုတာလို။

သူများနိုင်ငံက မြို့ကြီးတွေ ထားပါဦး၊ ရန်ကုန်မြို့ကလူတွေတောင် တစ်နေ့ထက်တစ်နေ့ ပိုမြန်လာကြပြီ။ ကျွန်တော်တို့ နယ်မြို့တွေမှာတော့ အေးအေးဆေးဆေး။ ရန်ကုန်က ကားဆရာတွေကလည်း မျက်နှာချင်းဆိုင်၊ ဘေးတိုက်ကလာတဲ့ ကားတွေကို လက်ညှိုးကလေးတစ်ချောင်းထောင်ပြပြီး ကိုယ်သွားလိုသည့် လမ်းကြောသို့ တိုးဝင် မောင်းနှင်နေကြသည်မှာ ယဉ်ကျေးမှုတစ်ခုလို ဖြစ်နေပြီ။

*

'မစ္စတာဝင်း ကျွန်တော် စားသောက်ဆိုင်ဖွင့်ထားလို့ အံ့ဩနေလား'

'အံ့ဩစရာပဲလေ၊ ကျွန်တော်တို့ Ran Sit ယူနီဗာစီတီမှာ မဟာတန်းတက်ခဲ့ကြတုန်းက အိုင်တီ'

'ဟုတ်တော့ဟုတ်ပါတယ်၊ ဒါကြောင့် သင်ခဲ့တဲ့ ပညာရပ်နဲ့ ဆက်စပ်တဲ့ အလုပ်တွေ အများကြီး ကျွန်တော်လုပ်ခဲ့တယ်၊ လူတစ်ယောက်ဟာ အလုပ်လုပ်တဲ့နေရာမှာ စိတ်ပူပန်နေရတယ်၊ မပျော်ရွှင်ဘူးဆိုရင် အဲဒီအလုပ်နဲ့ အံမဝင်လို့ပဲ မဟုတ်လား၊ ကိုယ်လုပ်တဲ့အလုပ်မှာ ပျော်နေမှ မှန်ကန်တဲ့အလုပ်၊ သူများထုတ်တဲ့ စည်းကမ်းတွေ ဘောင်တွေထဲမှာ ကျွန်တော် အလုပ်မလုပ်တတ်ဘူး၊ လုပ်လဲ မလုပ်ချင်ဘူး မစ္စတာဝင်း'

'ဒါ အမှန်ပဲပေါ့'

'ကျွန်တော် အမှန်တကယ် ဝါသနာပါတာ၊ ပျော်ရွှင်တာက ဒီ စားသောက်ဆိုင်လုပ်ငန်းပဲ'

'အင်း...ခုမှ သတိရမိတာတစ်ခု ပေါ်လာတယ်၊ ကျွန်တော်တို့ အိမ်က ပိုက်ဆံရောက်တဲ့ လတွေမှာ ဘန်ကောက်မြို့ထဲက နာမည်ကြီးဆိုင်တွေ သွားသွားစားကြတာ မှတ်မိလာတယ်'

'ဟုတ်တာပေါ့၊ အခုခေတ်ပြောင်းလာတာကို မစ္စတာဝင်း သတိထားမိရဲ့လား၊ မျက်မှောက်ခေတ် လူနေမှုစနစ်မှာ လူတွေဟာ မိမိတို့အိမ်ရဲ့ ပြင်ပမှာပိုပြီးစားသောက်လာကြတယ်၊ ဒါကြောင့် နိုင်ငံတကာ အစားအသောက်တွေ၊ အလေ့အကျင့်တွေ ရောယှက်လာကြတယ်'

'မစ္စတာဖောင်ပြောမှ သတိထားမိတယ်၊ ခုဆို ရန်ကုန်မှာ အရှေ့တိုင်းရော အနောက်တိုင်းအစားအစာ စားသောက်တဲ့ အလေ့အကျင့်တွေ ရောယှက်လာကြတယ်၊ ခု မြင်ရတာ ဆိုင် အတော်ရောင်းကောင်းပုံပဲ'

'ဆိုင်မှာ လူတွေလာပြီးအားပေးကြတဲ့ အကြောင်းရင်းကတော့ စားပွဲထိုးကလေးတွေရဲ့ ကျွမ်းကျင်မှု၊ ဆက်ဆံရေးနဲ့ စေတနာတွေကြောင့်ပဲ၊ စားပွဲထိုးတွေ မကျေနပ်ရင် ဆိုင် ဘယ်လိုဖြစ်သွားမယ်ဆိုတာ မစ္စတာဝင်း စဉ်းစားကြည့်ပေတော့၊ ကိုယ့်စားသုံးသူကို နွေးနွေးထွေးထွေးဆက်ဆံဖို့ အမြဲသင်ပေးနေလို့ ခုလိုအခြေအနေရောက်လာတာပါ'

'အစားအသောက်တော့ အမယ်များအောင် ဖဲတော်တော့်ကို စီစဉ်ရမယ်နော်'

'ဟုတ်တယ် မစ္စတာဝင်း၊ ဆိုင်ရဲ့ အဆင့်အတန်းကို ဆိုင်မှာရှိတဲ့ မီနူးကပြတယ်ဆိုပေမဲ့ ခုတော့ ဆိုင်ရဲ့ စပါယ်ရှယ်ဆိုပြီး သုံးလေးမျိုးလောက် အဓိကပါရင် အဆင်ပြေပါတယ်၊ အရင်တုန်းက လက်သုတ်ပဝါကို ခေါက်ရိုးတွေ အများကြီးနဲ့ လှလှပပ ပုံဖော်တယ်၊ ခုတော့ ရိုးရိုးကလေးပဲ ခေါက်ကြတော့တယ်၊ ပြီးတော့ စားသောက်ခန်းရဲ့ အဲကွန်းအပူချိန်ကလဲ အရေးကြီးသေးတယ်၊ ပုံမှန်ထားရင် အဆင်မပြေဖြစ်တတ်တယ်'

'ဘယ်လောက်ထားရင် ကောင်းမလဲ'

'၁၉ က ၂၅ အတွင်း စားသောက်သူ အနည်းအများနဲ့ ချိန်ရတယ်'

'စားသောက်ဆိုင်ဖွဲ့စည်းပုံကျတော့ကော'

'ဖွဲ့စည်းပုံနဲ့ပတ်သက်ရင်တော့ ပြင်သစ်စားသောက်ဆိုင်ကြီးတွေကို နည်းယူတယ်၊ ဖွဲ့စည်းပုံက ကျစ်လျစ်ပြီး စနစ်ကျတယ်၊ အစားအသောက် အခေါ်အဝေါ်တွေမှာတောင် ပြင်သစ်နာမည်တွေက လွှမ်းမိုးနေတုန်းပဲ'

'ဘယ်လို လွှမ်းမိုးနေတာလဲ'

'a' la earte အာလကာဆိုတာ ဧည့်သည်က ရွေးချယ်ပြီး စားရတဲ့စနစ်ကို ခေါ်တာ၊ table d'hote ထာဗယ်ဒိုဆိုတာက ဆိုင်က ဖွယ်ဖွယ်ရာရာတည်ခင်းဧည့်ခံတဲ့ အစားအသောက်'

'ကြိုတင်အကြောင်းကြားပြီး အုပ်စုလိုက် လာစားကြတာမျိုး၊ မိသားစုလိုက်လာစားကြတာမျိုးရောရှိလား'

'ရှိတယ်၊ အဲဒီလို အော်ဒါရှိရင် ဝန်ဆောင်မှုပေးရမယ့်အချိန်မရောက်ခင် တစ်နာရီ ကြိုတင်ပြီး အသင့်ဖြစ်နေအောင်ကို လုပ်ထားရတာ'

'ဒါဆို မစ္စတာဖောင် အလုပ်တွေနဲ့ အချိန်အားမှာ မဟုတ်ဘူးပေါ့'

'အဆင့်ဆင့်အုပ်ချုပ်တဲ့စနစ်ကြောင့် ထွက်ပေါက်ရပါတယ်၊ အားကစားခန်းမလဲ မှန်မှန်သွားရသေးတယ်၊ ကျန်းမာရေးလိုက်စားတဲ့ လုပ်ငန်းရှင်ဟာ မလိုက်စားတဲ့သူထက် speed ၅၃ ရာခိုင်နှုန်းပိုတင်နိုင်တယ်လို့ သုတေသနတစ်ခုက ဆိုထားတယ် မစ္စတာ ဝင်း၊ စကားမစပ် ကျောင်းတက်ခဲ့တဲ့ကာလတွေကို တစ်ခါတစ်ခါ သတိရမိတယ်'

'အတန်းထဲက ကွင်း(အလှဘုရင်မ) ဗီယက်နမ်မလေးကိုလား၊ ခုဆို ဗီယက်နမ်မှာ အိမ်ထောင်ကျပြီး ကလေးတစ်ဒါဇင်လောက် ရနေလောက်ပြီ၊ အဲဒီဗီယက်နမ်မလေးက အတော်လှတာနော်၊ ပြစ်မျိုး မှည့်မထင်ပဲ'

'လှလို့ပဲ နှစ်ယောက်စလုံး ကြိုက်ခဲ့ကြတာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်ပ့ါ ဟုတ်ပ့ါ'

ကျွန်တော် ညနေစာ သူ့ဆိုင်ရှိ အထူးခန်းမတွင် သူနှင့်အတူ စားကြသည်။ ပြီးတော့ ကျောင်းသားဘဝကို ပြန်သွားခဲ့ကြသည်။ အခန်းထဲက စာအုပ်စင်မှာတော့ စာအုပ်တွေ အပြည့်။ အကောင်းဆုံး သည်မိတ်ဆွေများကြောင့် သူ အောင်မြင်နေကြောင်း ကျွန်တော် သဘောပေါက်မိပါသည်။



ခင်မောင်ဝင်း (စစ်တွေ)

www.free4readers.com



# ၂၀၁၈ ခုနှစ်က သူ့အတွက် အတက်အကျအရမ်းကြမ်းတဲ့ နှစ်လို့ ပြောလာတဲ့ ပိုင်ဖြိုးသု



ရန်ကုန်၊ ဒီဇင်ဘာ ၁၀–စာရေးဆရာမ ကြည်အေး ပုံဖော်ရေးသားထားတဲ့ မီ ဆိုတဲ့ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ပြန်လည်ရိုက်ကူးပုံဖော်ရာမှာ မီ ဆိုတဲ့ အမျိုးသမီးတစ်ဦးနေရာမှ ပါဝင်ရိုက်ကူးခဲ့တဲ့ သရုပ်ဆောင် ပိုင်ဖြိုးသုက ဆေးလိပ်သောက်တဲ့ ဇာတ်ဝင်ခန်းနဲ့ ပတ်သက်ပြီး ပရိတ်သတ်တချို့ရဲ့ ဝေဖန်မှုကိုခံခဲ့ရတာနဲ့ပတ်သက်ပြီး ၂၀၁၈ ခုနှစ်ဟာ သူမအတွက် အတက်အကျကြမ်းပြီး ပျော်စရာကောင်းတဲ့ နှစ်တစ်နှစ်ဖြစ်တယ်လို့ ပြောပါတယ်။

'၂၀၁၈ ခုနှစ်စကတည်းက သုသုအတွက် ထူးထူးခြားခြား ဇာတ်ကောင်စရိုက်လေးတွေရိုက်ခွင့်ရတယ်၊ ရုံတင်ခွင့်ရတယ်။ သုသုအတွက် ပျော်စရာကောင်းတဲ့ မီကိုလဲ လက်ခံရတယ်၊ သုသုအတွက်ချစ်တဲ့ ခင်တဲ့သူတွေကိုလဲ ဆုံးရှုံးရတာတွေလဲ ရှိတယ်၊ အဲဒီအတွက် ၂၀၁၈ က သုသုအတွက် အတက်အကျအရမ်းကြမ်းတဲ့ နှစ် လို့ ပြော လို့ ရ ပါ တယ်၊ ကောင်းခြင်းဆိုးခြင်းတွေ တစ်ပြိုင်နက်တည်း ခံစားရတဲ့ နှစ် ဖြစ်သွားတာပေါ့' လို့ သရုပ်ဆောင် ပိုင်ဖြိုးသုက ပြောပါတယ်။

ဆက်လက်ပြီး သူမက သရုပ်ဆောင်ပိုင်းကို အမြဲရှူးသွပ်သူတစ်ယောက်ဖြစ်နေတာကြောင့် သရုပ်ဆောင်အတတ်ပညာတွေ ထပ်ပြီး ရမယ်ဆိုရင် သူမကြိုက်နှစ်သက်တဲ့ ဇာတ်မျိုးကို ရိုက်ကူးနေဦးမှာဖြစ်တယ်လို့ဆိုပါတယ်။

'နောက် ပိုင်း ကျ ရင် တော့ ကိုယ်ရိုက်ကူးမယ့်ကားကို သေချာပြန်ကြည့်ရမှာပေါ့၊ အမှန်အတိုင်းဝန်ခံရရင် သုကြိုက်တဲ့ ဇာတ်ကို ရိုက်နေဦးမှာပဲ၊ သုအတွက် သင်ခွင့်ရနေဦးမယ်။ ပညာအသစ်တွေ သင်ခွင့်ရနေဦးမယ်၊ အဲ့လိုဆိုရင် ရိုက်မှာပဲ၊ သုက သရုပ်ဆောင်တာကိုအမြဲရှူးသွပ်တာကို၊ သုအတွက် သရုပ်ဆောင်ပညာထပ်အသစ်ရမယ်ဆိုရင် ဘာမှထည့်မတွက်ဘဲနဲ့ ဆက်ကြိုးစားနေဦးမှာပဲ၊ အကယ်ဒမီဆုကို အရမ်းမှန်းမထားပါဘူး။ ဘာကြောင့်လဲဆိုတော့ သုက ကံကောင်းတဲ့အထဲမပါဘူး၊ ဘယ်အရာမှ သိပ်ပြီး မမျှော်လင့်တတ်ဘူး' လို့ ပြောပါတယ်။

သူမရဲ့ မင်္ဂလာရက်နီးလာပြီဆိုတဲ့အကြောင်းနဲ့ နောက်ပိုင်းမှာ ပရိတ်သတ်တွေကိုတရားဝင်အသိပေးသွားမယ်ဆိုတဲ့ အကြောင်းကိုလည်းသူမက ပြောပါတယ်။

ဇာလီထွန်း

# ဒီနဲ့ မီကို တွေ့ကြရမယ့် Now & Ever ဇာတ်ကား ထန်တော့ပွဲပေး

ရန်ကုန်၊ ဒီဇင်ဘာ ၁၀–ပရိတ်သတ်က ချစ်စနိုးနဲ့ ဒီနဲ့မီလို့ ခေါ်ဝေါ်တဲ့ သရုပ်ဆောင်ဇာဏ်ခီနဲ့ ပိုင်ဖြိုးသုတို့ အဓိကပါဝင်ရိုက်ကူးမယ့် Now & Ever ဇာတ်အမျိုးအစားကတော့ Romance Dramaဇာတ်လမ်းအမျိုးအစားဖြစ်ပြီး အတိတ်နဲ့ ပစ္စုပ္ပန်ကာလနှစ်ခုကို အမြဲတမ်းတွဲတွဲပြတဲ့ အချစ်တစ်ခုရှင်သန်ဖို့ကို ကြိုးစားကြတဲ့ ဇာတ်လမ်းမျိုးဖြစ်ပါတယ်။

ဘယ်သူမှမမြင်ဖူးသေးတဲ့သရုပ်ဆောင်တွေရဲ့ ကာရိုက်တာအသစ်အဆန်းတွေ ပါတယ်လို့သရုပ်ဆောင်ဇာဏ်ခီက ဆိုပါတယ်။ ပထမနှစ်က ဇာတ်ကားနဲ့ကွဲပြားကာ စိတ်ကူးယဉ်ဆန်တဲ့ဘက်ကို ပိုရောက်ပါတယ်။ သည်ဇာတ်လမ်းကိုရေးတာ ရှစ်လ၊ တစ်နှစ်လောက်တော့ကြာတယ်လို့သိရပါတယ်။

'အကောင်းဆုံးဖြစ်အောင်ပြင်ဆင်ထားပါတယ်၊ ဇာတ်လမ်းကကျွန်တော်အပြင်မှာ တကယ်မြင်ဖူးတဲ့ ဇနီးမောင်နှံနှစ်ယောက်ရဲ့အကြောင်းပေါ့၊ ဒီဖြစ်ရပ်မှန်ကို အခြေခံပြီးတော့ ထပ်ပွားရေးလိုက်တာပေါ့နော်၊ Inspire ပါတဲ့ True Story ပေါ့' လို့သရုပ်ဆောင်ဇာဏ်ခီက ပြောပါတယ်။

Now and Ever (ထာဝရနှောင်ကြိုး) ဇာတ်ကားကို ဒါရိုက်တာခရစ္စတီးနားခီက အဓိကသရုပ်ဆောင် ဇာဏ်ခီ၊ ပိုင်ဖြိုးသု၊ မင်းညို၊ ရဲနောင်ချို၊ ဂျူဂျူးကေနှင့် ဖူးဖူးဟန်နီထွေးတို့ဖြင့် ရိုက်ကူးမှာဖြစ်တယ်လို့ သိရပါတယ်။

'သရုပ်ဆောင်ပိုင်းနဲ့ ပတ်သက်ပြီးအားလုံးလည်း လေ့လာထားကြပါတယ်၊ ဒီကားနဲ့ ပတ်သက်လို့ပရိသတ်အားပေးမှုလိုအပ်ပါတယ်၊ နောက်ကားတွေဆက်သွားနိုင်ဖို့ ဒီထက်မက ဘတ်ဂျက်တွေ ပိုထည့်နိုင်ဖို့အတွက် ပရိသတ်မရှိဘဲနဲ့ ဘာမှလုပ်လို့မရပါဘူး' လို့ ဇာဏ်ခီက ပြောပါ တယ်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးကို ၂၀၁၉ ခုနှစ်မကုန်ခင်လောက်မှာ ပရိသတ် ရှေ့ မှောက်ရောက်ရှိနိုင်အောင် ကြိုးစားသွားမယ်လို့ သိရပါတယ်။

'ဒီဇာတ်ကားကို ကျွန်မအစွမ်းကုန်ကြိုးစားပြီး ရိုက်ကူးသွားပါ့မယ်၊ ပရိတ်သတ်ကလည်း အရမ်းမျှော်လင့်နေတာကိုသိပါတယ်၊ အားပေးပါဦးလို့ ပြောချင်ပါတယ်' လို့ ဒါရိုက်တာခရစ္စတီးနားခီကပြောပါတယ်။

ဇာလီထွန်း



# အဆိုတော် ခိုင်ထူးရဲ့ သီချင်းတွေကို ပြန်ဆိုထားတဲ့ စိုင်းထူးဝမ်းရဲ့ တေးစီးရီး မိတ်ဆက်

ရန်ကုန်၊ ဒီဇင်ဘာ ၁၁– အဆိုတော် ခိုင်ထူးရဲ့ သီချင်းတွေကို အရှုံးအမူး စွဲလမ်းခဲ့လို့ အားလုံးကိုကျော်ဖြတ်ရမယ် တေးစီးရီးကို ပြန်လည်သီဆိုထားတဲ့ တေးသံရှင် စိုင်းထူးဝမ်းရဲ့ တေးစီးရီးကို ဒီဇင်ဘာ ၁၄ ရက်နေ့ ဖြန့်ချိမယ်လို့ သိရပါတယ်။

'ကိုခိုင်ထူးကိုလေးစားဂုဏ်ပြုတဲ့အနေနဲ့ ဒီတေးစီးရီးလေးကို စီစဉ်ဖြစ်တာပါ၊ သီချင်းတစ်ပုဒ် ပန်းတစ်ဆုပ်ဆိုတဲ့ ကိုခိုင်ထူးရဲ့ သီချင်းလေးကိုတော့ ကျွန်တော် အနှစ်သက်ဆုံးပါပဲ၊ ကျွန်တော်နဲ့လဲ လိုက်ဖက်မယ်ထင်လို့ သီဆို ဖြစ်တာ ပါ၊ ပ ရိ သတ်တွေ လဲ ကြိုက်နှစ်သက်ကြမှာပါ' လို့ တေးသံရှင်စိုင်းထူးဝမ်းကပြောပါတယ်။




အားလုံးကို ကျော်ဖြတ်ရမယ် တေးစီးရီးမှာ အဆိုတော်ချမ်းချမ်း၊ အိုင်းရင်းဇင်မာမြင့်၊ ခင်စုစုနိုင်၊ ဝိုင်းလေး၊ Jewel, ကေကေမိုးစတဲ့ အဆိုတော် ရှစ်ဦးက ပြန်လည်သီဆိုထားတဲ့ စစ်ကိုင်းလမ်း၊ သီချင်းတစ်ပုဒ် ပန်းပန်းတစ်ဆုပ်၊ အဥ္စလီ၊ ခတ္တာစတဲ့ တေးသံရှင် ခိုင်ထူးရဲ့ သီချင်းတွေကို ပြန်လည်သီဆိုထားတာ ဖြစ်ပြီး မိုးသောက်ကြယ် Music Band က တီးခတ်ပေးထားတယ်လို့သိရပါတယ်။

'ကေကေ က ဒီအခွေထဲမှာ ဦးခိုင်ထူးရဲ့ သိလားဆိုတဲ့ သီချင်းလေးကို ပြန်လည်သီဆိုထားပါတယ်၊ ဦးခိုင်ထူးရဲ့ သီချင်းကိုပြန်ပြီး သီဆိုရတာ အခက်အခဲတော့ မရှိပါဘူး။ ဒါပေမဲ့ သီချင်းဟောင်းတွေကို ပြန်ဆိုရတယ်ဆို တော့ တာဝန်တော့ကြီးတာပေါ့၊ ဒါကြောင့် အမျိုးသားဆိုထားတဲ့ သီချင်းကို အမျိုးသမီးတွေက ပြန် ဆိုထားတော့ ပုံစံအသစ်လေး အနေနဲ့ နားထောင်စေချင်တယ်၊ ဒီအခွေလေးကိုဝယ်ပြီးတော့ အားပေးကြပါလို့ ပြောချင် ပါတယ်' လို့ ကေကေမိုး က ပြောပါတယ်။

ဇာလီထွန်း

www.free4readers.com





ကေရာဇ်အာကီ ဟီတိုနန်းစွန့်ပြီးနောက်တစ်ရက် မေ ၃ ရက်မှာ နန်းတက်ပွဲကျင်းပမယ့် အိမ်ရှေ့စံမင်းသား နာရူဟီတိုနဲ့ပတ်သက်ပြီး တရားစွဲဆိုတာ ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်။

# ဂျပန်နန်းတက်ပွဲသုံးစွဲငွေတွေအပေါ် အစိုးရကို ဂျပန်အုပ်စုတစ်စု တရားစွဲ

ဒီဇင်ဘာ ၁၀–နောက်နှစ်မှာ ကျင်းပမယ့် ဂျပန်ကေရာဇ်သစ်ရဲ့ နန်းတက်ပွဲ အထိမ်းအမှတ်အခမ်းအနားတွေကို အခွန်ထမ်းပြည်သူတွေရဲ့ငွေတွေကိုသုံးစွဲဖို့ စီစဉ်ထားတာနဲ့ပတ်သက်ပြီး ခရစ်ယာန်တွေနဲ့ ဗုဒ္ဓဘာသာဘုန်းကြီးတွေအပါအဝင်ဂျပန်ပြည်သူ ၂၀၀ ကျော်ပါတဲ့ အုပ်စုတစ်စုက အစိုးရကို တနင်္လာနေ့မှာ တရားစွဲဆိုခဲ့ပါတယ်။

ဘာသာရေးပွဲတော်တွေကို တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ဘတ်ဂျက်ကနေ ထောက်ပံ့တာဟာ နိုင်ငံတော်နဲ့ ဘာသာရေးကိုပိုင်းခြားထားတဲ့ အခြေခံဥပဒေကို ချိုးဖောက်ရာရောက်တယ်လို့ လူ ၂၄၀ ဝန်းကျင်က တိုကျိုခရိုင်တရားရုံးမှာ ဦးတိုက်လျှောက်ထားခဲ့ပါတယ်။

ခမည်းတော် ကေရာဇ်အာကီဟီတိုနန်းစွန့်ပြီးနောက်တစ်ရက် မေ ၃ ရက်မှာ နန်းတက်ပွဲကျင်းပမယ့် အိမ်ရှေ့စံမင်းသား နာရူဟီတိုနဲ့ပတ်သက်ပြီး တရားစွဲဆိုတာ ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်။

နောက်နှစ်မှာ ကျင်းပမယ့် အခမ်းအနားအတွက်ဘတ်ဂျက်ကိုမကြေညာခဲ့ပေမဲ့ ထုံးတမ်းအစဉ်အလာအတိုင်း ပြုလုပ်သွားမယ်လို့ အစိုးရက ပြောကြားခဲ့ပါတယ်။

အာကီဟီတို နန်းတက်ပြီးနောက်ပိုင်းမှာ ကျင်းပခဲ့တဲ့ အခမ်းအနားတွေဟာ ယန်း ၁၂.၃ဘီလျံဝန်းကျင် လောက် ကုန်ကျခဲ့ကြောင်း တရားလိုထဲက တစ်ယောက်ဖြစ်တဲ့ ကိုအိချိရှင်းက ပြောပါတယ်။

နာရူဟီတိုနန်းတက်ပွဲနဲ့ဆက်နွယ်ပြီးကျင်းပမယ့် ဘာသာရေးအခမ်းအနားတွေအတွက် အစိုးရက နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲဖို့ စီစဉ်ထားတဲ့အပေါ် ဘုရင်ကြီးရဲ့သားတော်ငယ်အာကီရှိနိုက အစိုးရကိုဝေဖန်မေးခွန်းထုတ်ခဲ့ပြီးနောက် အခုလိုတရားစွဲမှုဖြစ်ပေါ်လာတာဖြစ်ပါတယ်။

'နိုင်ငံတော်နဲ့ဘာသာရေးကိုခွဲခြားဖို့ဆိုတဲ့ကိစ္စကို စွဲဆိုချက်မှာ အဓိကထားဖော်ပြထားပေမဲ့ ဂျပန်ပြည်သူတွေနဲ့ ကေရာဇ်ဘုရင်ကြီးကြားဆက်ဆံရေးအပေါ် မေးခွန်းထုတ်စရာ ရှိတယ်'လို့ တရားလိုရှေ့နေတစ်ယောက်က ပြောပါတယ်။

'စိတ်ဆင်းရဲသောကရောက်ခဲ့ရတဲ့အတွက် တစ်ယောက်ကိုယန်း ၁၀,၀၀၀ နစ်နာကြေးပေးဖို့ တောင်းဆိုထားကြောင်း' သူက ပြောပါတယ်။

အရင်ကေရာဇ်ဘုရင်ဟီရိုဟီတိုနတ်ရွာစံပြီး အာကီဟီတိုနန်းတက်တဲ့ ၁၉၈၉မှာလည်း အခုလိုတရားစွဲဆိုမှုတွေ ဖြစ်ခဲ့ပါတယ်။

ယင်းဖြစ်စဉ်က ကိစ္စအားလုံးဟာအပြီးသတ်ခဲ့ပေမဲ့ အချို့အခမ်းအနားတွေဟာ နိုင်ငံတော်နဲ့ဘာသာရေးကို ခွဲခြားရမည်ဆိုတဲ့စည်းမျဉ်းကို ချိုးဖောက်တာတွေရှိခဲ့တယ် ဆိုတာကို မငြင်းဆန်နိုင်ကြောင်း အထက်တရားရုံးတစ်ခုက ပြောကြားခဲ့ပါတယ်။

'နောက်ဆုံးနန်းတက်ပွဲမှာ တရားစွဲဆိုသူ ၁၇၀၀ နီးပါးရှိပြီး ပြည်သူ့ထောက်ခံမှုကိုလဲ အဓိင်အမာရရှိထားတယ်' လို့ ရှင်းက ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ် ၃၀ အခမ်းအနားတွေအတိုင်း မေလနန်းတက်ပွဲအပြီးမှာ အခမ်းအနားနှစ်ခုကိုကျင်းပဖို့ အစိုးရက စီစဉ်ထားပါတယ်။ တစ်ခုကိုအောက်တိုဘာမှာကျင်းပမှာဖြစ်ပြီး နောက်တစ်ခုကို နိုဝင်ဘာမှာကျင်းပမှာဖြစ်ပါတယ်။

နှင်းသန့်

[ref: AFP, Dec 10, 2018.]

# ဂူဂဲလ်ပလပ်စ် ချွတ်ယွင်းမှုကြောင့် လူ ၅၂.၅သန်းပေါ် သက်ရောက်ဟု ဂူဂဲလ်ဆို

ဒီဇင်ဘာ ၁၁ – ဂူ ဂဲလ် ပ လပ်စ် (Google+)မှာ သုံးစွဲသူသန်းပေါင်းများစွာရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို ဆော့ဖ်ဝဲရေးဆွဲသူတွေကမြင်ရမယ့် ချွတ်ယွင်းချက် နောက်တစ်ခုကို တွေ့ရှိပြီးနောက် ဂူဂဲလ်ဟာ သူ့ရဲ့ဆိုရှယ်ကွန်ရက်ကို မူလက ရည်ရွယ်ထားတာထက်ပိုပြီးစောစောပိတ်တော့မှာ ဖြစ်ပါတယ်။

နိုဝင်ဘာလဆော့ဖ်ဝဲအပ်ဒိတ်အတွင်း ချွတ်ယွင်းချက်တစ်ခုဟာ လူ ၅၂.၅ သန်းအပေါ် အကျိုးသက်ရောက်ခဲ့ကြောင်း ဘလော့ဂ်ပို့စ်တစ်ခုမှာ ကုမ္ပဏီက ရေးသားထားပါတယ်။

ဂူဂဲလ်ဟာ အလားတူချွတ်ယွင်းချက်ကို အောက်တိုဘာလတုန်းကလည်း ဖော်ပြခဲ့ပါတယ်။ အဲသည်အချိန်က ကုမ္ပဏီဟာ ၂၀၁၈မတ်လတုန်းက ချွတ်ယွင်းချက်တစ်ခုတွေ့ရှိခဲ့ပြီး ချက်ချင်းပြင်ဆင်ခဲ့ကြောင်း၊ အဲသည်ချွတ်ယွင်းချက်ကြောင့် အသုံးပြုသူအမည်၊ အီးမေးလ်လိပ်စာ၊ အလုပ်အကိုင်နဲ့အသက်လိုမျိုး လူသိမခံတဲ့ အချက်အလက်တွေကို ဆော့ဖ်ဝဲရေးဆွဲသူတွေ ဝင်ကြည့်ခွင့်ရရှိနိုင်ကြောင်း ဖော်ပြခဲ့ပါတယ်။ သည်ချွတ်ယွင်းချက်က အကောင့်ပေါင်း ၅၀၀,၀၀၀အပေါ် သက်ရောက်မှုရှိခဲ့ပါတယ်။

ကုမ္ပဏီက သူ့စနစ်ထဲကို တခြားလုပ်ငန်းတွေဝင်ရောက်ကြည့်ရှုခြင်းမရှိကြောင်းနဲ့ သည်အချက်အလက်တွေကို အက်ပ်ရေးဆွဲသူတွေက တလွဲသုံးတာ၊ ဒါမှမဟုတ် အဲသည်လိုအချက်အလက်ပေါက်ကြားတာကို သတိပြုမိတာကို ဂူဂဲလ်ကမတွေ့ရဘူးလို့ဆိုပါတယ်။

နှစ်လအတွင်း ဒုတိယအကြိမ်စိတ် ပျက် စ ရာ ပုဂ္ဂိုလ် ရေး ချိုးဖောက်မှုနဲ့အတူ ဂူဂဲလ်ပလပ်စ်ကို ၂၀၁၉ ဧပြီလမှာ ပိတ်မှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်လက ဂူဂဲလ်ဟာ ဂူ ဂဲလ် ပ လပ်စ် ကို ၂၀၁၉ ဩဂုတ်လမှာ ပိတ်ဖို့ ရည်မှန်းထားကြောင်း ပြောခဲ့ပါတယ်။

ဂူဂဲလ်ပလပ်စ်ဟာသုံးသူနည်းပါးကြောင်း တနင်္လာနေ့မှာကုမ္ပဏီက ထပ်မံပြောကြားပြီး အောင်မြင်တဲ့ ထုတ်ကုန်တစ်ခုကို ထိန်းသိမ်းဖို့စိန်ခေါ်မှုတွေ အများကြီးရှိတယ်လို့ ဝန်ခံခဲ့ပါတယ်။

စုပြည့်စုံ

[ref: CNN, Dec 11, 2018.]

# ညွှေ့သည်ကျန်ခဲ့တဲ့ အမွေးပွရုပ်ကို ဂျပန်ပြတိုက်က နှစ် ၃၀ကြာ ထိန်းသိမ်းထား

ဒီဇင်ဘာ ၁၁ – ဆူရူအိုကာမြို့မှာရှိတဲ့ ချိုဒိုပြတိုက်ဟာ လွန်ခဲ့တဲ့နှစ် ၃၀ လောက်ကဧည့်သည်တစ်ယောက်ကျန်ရစ်ခဲ့တဲ့ အမွေးပွရုပ်တစ်ခုကို ပိုင်ရှင်လာယူနိုးနဲ့ ထိန်းသိမ်းထားဆဲဖြစ်ပါတယ်။

သောကြာနေ့က တွိတ်တစ်ခုမှာ ပြတိုက်ဟာ 'ဒိုနာချန်'လို့ အမည်ပြောင်ပေးထားတဲ့ ဒေါ်နယ်ဒတ်အမွေးပွ အရုပ်တစ်ရုပ်ရဲ့ ပုံကို သူ့ရဲ့ တွစ်တာစာမျက်နှာမှာ မျှဝေခဲ့ပါတယ်။

သည်အရုပ်ကို ပြတိုက်ရဲ့ကားပါကင်မှာလွန်ခဲ့တဲ့နှစ်၃၀ လောက်က တွေ့ရှိခဲ့တာဖြစ်ပြီး အဲသည်အချိန်ကစပြီး ပြတိုက်ဝန်ထမ်းတွေဟာ အရုပ်ကို သူတို့စားပွဲပေါ်မှာ အလှည့်ကျ ထိန်းသိမ်းခဲ့ကြကြောင်း အဆိုပါ တွိအရ သိရပါတယ်။



အရုပ်က အရမ်းညစ်ပတ်လာရင် အရုပ်ကိုလျှော်ဖွတ်ပြီး သိုးမွှေးထိုးထားတဲ့ အဝတ်အစားသစ်ကို ပါဝတ်ပေးထားပါတယ်။

တွစ်တာအသုံးပြုသူတွေက အရုပ်ကိုထိန်းသိမ်းစောင့်ရှောက်ဖို့ ကြိုးပမ်းခဲ့တဲ့ ပြတိုက်ရဲ့လုပ်ရပ်ကို ချီးကျူးခဲ့ပါတယ်။

အသုံးပြုသူတစ်ယောက်က အရုပ်နဲ့အတူထားဖို့ ဒစ်စနီလန်းက ဒေစီဒတ်ကို လိုချင်ကြောင်း ပြောပြီး တခြားသူတွေကတော့ သူတို့ငယ်ငယ်ကတည်းက သိမ်းထားတဲ့အမွေးပွရုပ်တွေရဲ့ ဓာတ်ပုံနဲ့အမှတ်တရတွေကို မျှဝေခဲ့ကြပါတယ်။

ဆာမူရိုင်းနဲ့ သက်ဆိုင်တဲ့ ပစ္စည်းတွေ၊ ဓားတွေကို ပြသတဲ့ ချိုဒိုပြတိုက်က ဒီတွိကို လူတွေ ဒီလောက်စိတ်ဝင်စားမယ်မှန်းမထင်ခဲ့ကြောင်း၊ ဒါပေမဲ့ဒီလိုစိတ်ဝင်စားမှုကြောင့် အရုပ်ပိုင်ရှင်အာရုံစိုက်မိလိမ့်မယ်လို့ မျှော်လင့်ကြောင်း ရေးသားခဲ့ပါတယ်။

စုပြည့်စုံ

[ref: CNA, Dec 11, 2018.]

www.free4readers.com

# တရုတ်ရှာဖွေရေးအင်ဂျင် စတင်ဖို့အစီအစဉ်မရှိဟု ဂူဂဲလ်စီအီးအိုပြော



တကယ်လို့ သည်လိုထုတ်ကုန်မျိုးကို တရုတ်ဆီယူဆောင်လာမယ်ဆိုရင် သူဟာ မူဝါဒရေးဆွဲသူတွေကို အပြည့်အဝပွင့်လင်းမြင်သာမှုရှိစွာ ပြသမှာဖြစ်ကြောင်း ပီချိုင်းက ကော်မတီကို ပြောပါတယ်။

ဒီဇင်ဘာ ၁၂ – ဂူဂဲလ်အမှုဆောင်ချုပ်ဆန်ဒါပီချိုင်းက အယ်လ်ဖာဘတ်လုပ်ငန်းဟာ တရုတ်မှာ ရှာဖွေရေးအင်ဂျင်တစ်ခုထားရှိဖို့ လတ်တလောမှာ အစီအစဉ်မရှိဘူးလို့ အမေရိကန်လွှတ်တော်အဖွဲ့တစ်ခုကို အင်္ဂါနေ့က ပြောပြီး အနာဂတ်အတွက် ယတိပြတ်ငြင်းဆိုမှုတော့ မပြုခဲ့ပါဘူး။

အောက်လွှတ်တော် တရားရေးကော်မတီရှေ့မှောက်မှာအစစ်ခံခဲ့တဲ့ ပီချိုင်းက အဲသည်လိုရှာဖွေရေး အင် ဂျင် တစ် ခု ရှိ တာ ဟာ တရုတ်အတွက် ကျယ်ကျယ်ပြန့်ပြန့် အကျိုးဖြစ်ထွန်းစေလိမ့်မယ်လို့ ဩဂုတ်လအတွင်း အမေရိကန်အမတ်တွေကို ပေးပို့တဲ့စာထဲမှာ ဖော်ပြထားပေမဲ့ ဂူဂဲလ်က အဲသည်နိုင်ငံမှာ ရှာဖွေရေး အင်ဂျင်တစ်ခု ပြုလုပ်မလား ဆိုတာကိုတော့ သေချာစွာ ရှင်းရှင်းလင်းလင်း မသိခဲ့ရပါဘူး။ တကယ်လို့ သည်လိုထုတ်ကုန်မျိုးကို တရုတ်ဆီ ယူဆောင်လာမယ်ဆိုရင် သူဟာ မူဝါဒရေးဆွဲသူတွေကို အပြည့်အဝ ပွင့်လင်းမြင်သာမှုရှိစွာ ပြသမှာဖြစ်ကြောင်း ပီချိုင်းက ကော်မတီကို ပြောပါတယ်။

'အခုအချိန်မှာ တရုတ်မှာ ရှာဖွေရေးလုပ်ငန်းမိတ်ဆက်ဖို့ အစီအစဉ်မရှိပါဘူး' လို့ ပီချိုင်းကဖြေဆိုပါတယ်။ 'သတင်းအချက် အလက်တွေ သိရှိရယူနိုင်ဖို့ဆိုတာ အရေးကြီးတဲ့ လူ့အခွင့်အရေးတစ်ခုပါ၊ ဒါကြောင့် ကျွန်တော်တို့က အဲဒီအချက်အလက်ကို တစ်ကမ္ဘာလုံးကို ပေးအပ်ဖို့အတွက် အမြဲကြိုးစားနေပါတယ်'

ဂူဂဲလ်သာ တရုတ်ရှာဖွေရေးဈေးကွက်ထဲ ပြန်ဝင်ရောက်လာရင် တရုတ်ရဲ့အင်တာနက်ဆင်ဆာလုပ်ငန်းနဲ့ ထောက်လှမ်းရေးမူဝါဒတွေကို လိုက်နာရမှာကို ဥပဒေပြုအမတ်တွေနဲ့ ဂူဂဲလ်ဝန်ထမ်းရာပေါင်းများစွာက စိုးရိမ်နေပါတယ်။ ဂူဂဲလ်ရဲ့အဓိက ရှာဖွေရေးဝက်ဘ်ဆိုက်ကို တရုတ်မှာ ၂၀၁၀ ခုနှစ်ကတည်းက ပိတ်ပင်ခံထားရပေမဲ့ ကမ္ဘာမှာ စမတ်ဖုန်းအများဆုံးသုံးတဲ့ နိုင်ငံကြီးဆီ ဝင်ခွင့်ရရေး အတွက် ဂူဂဲလ်က ကြိုးစားနေတယ်။

အမည်မဖော်လိုတဲ့တရုတ်အစိုးရအရာရှိတစ်ဦးက ရိုက်တာကို ပြောရာမှာ ဂူဂဲလ်ဟာ ၂၀၁၉ ခုနှစ်မှာ ရှာဖွေရေးလုပ်ငန်းတစ်ခုစတင်လုပ်ကိုင်ခွင့်ရမယ့် အလားအလာမရှိဘူးလို့ ဆိုပါတယ်။

တကယ်လို့ ဂူဂဲလ်သာ ဈေးကွက်ထဲကိုပြန်ဝင်ခွင့်ရမယ်ဆိုရင် တရုတ်ဥပဒေကိုလိုက်နာဖို့ ဘယ်လို အချက်တွေ လုပ်ဆောင်မယ်ဆိုတာ ပီချိုင်းက မပြောခဲ့ပါဘူး။

လွှတ်တော်ရဲ့ ကြားနာမှုအဓိကအချက်က ဂူဂဲလ်ရဲ့ ရှာဖွေရေးရလဒ်တွေဟာ ကွန်ဆာဗေးတစ်တွေကို ထိုးနှက်နေပြီးကုမ္ပဏီဟာ ၂၀၁၆ သမ္မတရွေးကောက်ပွဲရလဒ်ကို ဩဇာလွှမ်းမိုးနိုင်ဖို့လုပ်ဆောင်ခဲ့တယ်လို့ ရီပတ်ဘလစ်ကန်တွေက စိုးရိမ်မှုကြောင့်ဖြစ်ပါတယ်။ ဒီမိုကရက်တွေကတော့ သည်ပြောဆိုမှုတွေဟာ ရယ်စရာကောင်းကြောင်းနဲ့ ရှာဖွေရေး ရလဒ်တွေမှာ ကွန်ဆာဗေးတစ် အသံတွေကို ပိုမိုအသားပေးဖော်ပြထားကြောင်း ပြောခဲ့ကြပါတယ်။

> “ဂူဂဲလ်ရဲ့ အဓိက ရှာဖွေရေး ဝက်ဘ်ဆိုက်ကို တရုတ်မှာ ၂၀၁၀ ခုနှစ်ကတည်းက ပိတ်ပင်ခံထားရပေမဲ့ ကမ္ဘာမှာ စမတ်ဖုန်း အများဆုံးသုံးတဲ့ နိုင်ငံကြီးဆီ ဝင်ခွင့်ရရေးအတွက် ဂူဂဲလ်က ကြိုးစားနေပါတယ်”

ပီချိုင်းကတော့ ဂူဂဲလ်ဟာ လူတွေကို မဲထည့်ဖို့ မှတ်ပုံတင်ဖို့၊ မဲရုံရှာဖွေဖို့ ကူညီခဲ့တယ်လို့ ဆိုပေမဲ့ ပြည်နယ်တချို့မှာ လက်တင်မဲဆန္ဒရှင်တွေကို မဲရုံရောက်အောင် ဂူဂဲလ်က ငွေကြေးအကုန်အကျခံပြီးပို့ဆောင်ခဲ့တယ်ဆိုတဲ့ စကားတွေကိုတော့ ငြင်းပယ်ခဲ့ပါတယ်။

'ကျွန်တော်တို့က ပါတီဆိုင်ရာလှုပ်ရှားမှုတွေကို ဝင်မလုပ်ပါဘူး' လို့ ပီချိုင်းက အဖွဲ့ကိုပြောပါတယ်။

**စုပြည့်စုံ**

[ref: Reuters, Dec 12, 2018.]

# ဩစတြေးလျားမှာ ဂူဂဲလ်နဲ့ ဖေ့စ်ဘုတ်ခ်အတွက် စည်းကမ်းထိန်းအဖွဲ့ထားမည်




ဒီဇင်ဘာ ၁၂ – ဩစတြေးလျားရှိ ပြိုင်ဆိုင်မှုစောင့်ကြည့်ရေးအဖွဲ့က နိုင်ငံ့အွန်လိုင်းကြော်ငြာနဲ့ သတင်း ဈေး ကွက် တွေ မှာ ဖေ့စ်ဘုတ်ခ်နဲ့ ဂူဂဲလ်တို့ကြီးစိုးထားတာကို စိစစ်ကြပ်မတ်ဖို့အတွက် စည်းကမ်းထိန်းအဖွဲ့ တစ်ဖွဲ့ ထားရှိဖို့ တနင်္လာနေ့က အကြံပြုပါတယ်။

အမေရိကန်လုပ်ငန်းတွေရဲ့ ဈေးကွက်ပါဝါဆိုင်ရာ အကြိုလေ့လာဆန်းစစ်မှုကနေ ထွက်ပေါ်လာတဲ့အကြံပြုချက်ကို တစ်ကမ္ဘာလုံးက အသေအချာစောင့်ကြည့်နေပြီး သည်နည်းပညာလုပ်ငန်းနှစ်ခုဟာ ကိုယ်ရေးကိုယ်တာကနေ အများသိအောင် ထုတ်ပြန်ခြင်းအဆုံး ပြည်သူလူထုရဲ့ဘဝမှာ ဩဇာကြီးမားလာတဲ့အတွက် ဖြစ်ပါတယ်။

'ဂူဂဲလ်နဲ့ ဖေ့စ်ဘုတ်ခ်လိုမျိုး အဆင့်တစ်ခုကို ရောက်လာပြီး ဈေးကွက်အင်အားရှိလာပြီဆိုရင် တာဝန်ယူမှုတွေလဲ ရှိလာပြီး နောက်ထပ် အသေးစိတ်စောင့်ကြည့်ခံရမှုတွေလဲ ရှိလာပါလိမ့်မယ်' လို့ ဩစတြေးလျားပြိုင်ဆိုင်မှု နှင့် စားသုံးသူ ကော်မရှင် (ACCC) ဥက္ကဋ္ဌ ရော့ဒ်ဆင်းက ဆစ်ဒနီမှာ သတင်းထောက်တွေကို ပြောပါတယ်။

ဖေ့စ်ဘုတ်ခ်က ACCC ထုတ်ပြန်ချက်နဲ့ပတ်သက်ပြီး ချက်ချင်း မတုံ့ပြန်ပေမဲ့ သူ့ရဲ့ပလက်ဖောင်းဟာ ကြော်ငြာရှင်တွေကို ပရိသတ်အများကြီးဆီရောက်ရှိဖို့အတွက် ဈေးနှုန်းသက်သာစွာ ပေးအပ်နေတယ်လို့ တင်ပြထားပါတယ်။

ဂူဂဲလ်ပြောခွင့်ရ အမျိုးသမီးတစ် ဦး က တော့ ကုမ္ပဏီ ဟာ ACCC နဲ့ ဆက်ပြီး အလုပ်လုပ်သွားမှာဖြစ်ပြီး နောက်နှစ် ဇွန်လမှာ ACCC ဟာ သူ့ရဲ့အပြီးသတ် အစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ်။

**စုပြည့်စုံ**

[ref: Reuters, Dec 12, 2018.]

# ဟောင်ကောင်သားတွေ စမတ်နိုင်ငံသား ကတ်ပြားတွေ ကိုင်ဆောင်ရတော့မည်

ဒီဇင်ဘာ ၁၀ – တနင်္လာနေ့မှာ ဟောင်ကောင်နိုင်ငံသား ပထမအသုတ်ဟာ ဟောင်ကောင်မြို့တစ်ဝိုက်က ကိုယ်တိုင်ထုတ်စက်တွေနဲ့ ကော်လက်ရှင်စင်တာတွေမှာ သူတို့ရဲ့ စမတ်နိုင်ငံသားကတ်ပြားတွေကို ထုတ်ယူခဲ့ကြပါတယ်။

မျက်နှာပုံစံမှတ်သားဖတ်ရှုနိုင်ဖို့ အထူးကြည်လင်ပြတ်သားတဲ့ဓာတ်ပုံတွေနဲ့ ရေဒီယိုလှိုင်းကြိမ်နှုန်းစိစစ်မှု RFID နည်းပညာစတဲ့ အဆင့်မြင့်လုံခြုံရေးပေးနိုင်တဲ့ စမတ် ကတ် သစ် တွေ ကိုပုံမှန် ဟောင်ကောင်စိစစ်ရေးကတ်ပြားတွေနေရာမှာ အစားထိုးသွားမှာ ဖြစ်ပါတယ်။

ပထမအသုတ်အနေနဲ့ ပထမဆုံးအကြိမ် နိုင်ငံသားကတ်ပြားလုပ်မယ့် ၁၁ နှစ် ဒါမှမဟုတ် ၁၈ နှစ်ပြည့်သူတွေ၊ နိုင်ငံသားကတ်ပြားပျောက်ပျက်သူတွေနဲ့ မြို့ကို အခုမှပြန်ရောက်လာတဲ့ ဟောင်ကောင်သားတွေကို ပေးသွားမှာ ဖြစ်ပါတယ်။

လက်ရှိမှာဟောင်ကောင်နိုင်ငံသားကတ်ပြားကိုင်ဆောင်သူ ၈.၈ သန်းဝန်းကျင်နီးပါးရှိပြီး နောက်လေးနှစ်အတွင်းမှာ ကတ်ဟောင်း–ကတ်သစ်လဲလှယ်ပေးတာကို အပြီးသတ်ပြုလုပ်သွားမှာ ဖြစ်တယ်။

မြို့အနှံ့စမတ်ကတ်လဲလှယ်မှုတွေကို ဒီဇင်ဘာ ၂၇ ရက်မှာ စတင်ပြုလုပ်ပေးသွားမှာဖြစ်ပြီး နေထိုင်သူတွေကို ရှိပြီးသားကတ်ပြားတွေ နေရာမှာ စမတ်ကတ်ပြားတွေကို အစားထိုးလဲလှယ်ဖို့ ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်။

ဒေသခံတွေအနေနဲ့ အပလီကေးရှင်းကိုအသုံးပြုပြီး ကတ်အသစ်အတွက် ကြိုတင်စာရင်းသွင်းလျှောက်ထားနိုင်သလို ကိုယ်တိုင်ဝန်ဆောင်မှုစနစ်နဲ့ ဈေးဆိုင်ငယ်တွေမှာထုတ်ယူနိုင်ပါတယ်။

**နှင်းသန့်**

[ref: SCMP, Dec 10, 2018.]

www.free4readers.com



# အက်ပဲလ်ပစ္စည်းသုံးတဲ့ဝန်ထမ်းတွေကို အပြစ်ပေးမယ်လို့ တရုတ်ကုမ္ပဏီတွေ ခြိမ်းခြောက်

ဒီဇင်ဘာ ၁၂-ထိပ်တန်းဟွာဝေးအမှုဆောင်တစ်ဦးကို ဖမ်းချုပ်ခဲ့တဲ့အတွက် တရုတ်ကုမ္ပဏီတချို့နဲ့ စီးပွားရေးအဖွဲ့တချို့က အက်ပဲလ်လို အမေရိကန်ကုမ္ပဏီတွေက ထုတ်တဲ့ကုန်ပစ္စည်းတွေကိုသပိတ်မှောက်ဖို့ တိုက်တွန်းနေပြီး ပိုမိုကြီးမားတဲ့ တုံ့ပြန်မှုဖြစ်ပေါ်လာမှာကိုလည်း စိုးရိမ်စရာရှိပါတယ်။



ဟွာဝေးပစ္စည်းတွေ သုံးမယ့်ဝန်ထမ်းတွေကို ကုမ္ပဏီက ကုန်ကျစရိတ် ၁၅ ရာခိုင်နှုန်းကျခံမယ်လို့လည်း ပြောခဲ့ပါတယ်။

တရုတ်တစ်နိုင်ငံလုံးက အဖွဲ့အစည်းအများအပြားဟာ ဟွာဝေးကို ထောက်ခံကြောင်းပြသဖို့ ဝန်ထမ်းတွေကို ညွှန်ကြားထားပြီး အက်ပဲလ်ပစ္စည်းဝယ်သူမှန်သမျှကို အပြစ်ပေးမယ်လို့ ခြိမ်းခြောက်တဲ့အပြင် တချို့ဆိုရင်တရုတ်စမတ်ဖုန်းတွေဝယ်ဖို့ ငွေတွေပါ ထုတ်ပေးနေပါတယ်။

'အမေရိကန်က တရုတ်ရဲ့ တိုးတက်မှုကိုထိန်းချုပ်ချင်တယ်။ ကျွန်တော်တို့ တရုတ်ပြည်သူတွေက စုစည်းညီညွတ်ပြီး ကျွန်တော်တို့နိုင်ငံထုတ်ကုန်ပစ္စည်းတွေကို အားပေးရမယ်' လို့ရှန်ဟိုင်းမှာရှိတဲ့ နန်ချွန်းကုန်သည်ကြီးများအဖွဲ့က ထုတ်ပြန်ပြီး အက်ပဲလ်ပစ္စည်းဝယ်ယူတဲ့အဖွဲ့ဝင်မှန်သမျှကို ပိတ်ပင်မယ်လို့ဆိုပါတယ်။

ဟွာဝေးရဲ့ဘဏ္ဍာရေးအမှုဆောင်ချုပ်နဲ့ကုမ္ပဏီတူထောင်သူရဲ့သမီးမန်ဝမ်ကျိုးဟာ ဒီဇင်ဘာ ၁ ရက်က ဗင်ကူးဗားမှာအဖမ်းခံရပြီးနောက်ပိုင်း သည့်အကျပ်အတည်းစတင်ခဲ့ပါတယ်။ သူဟာ အမေရိကန်ကို ပြည်နှင်ဒဏ်ပေးခံရဖွယ်ရှိပြီး တရုတ်နိုင်ငံပိုင်မီဒီယာက ဒေါသထွက်နေပါတယ်။

'တရုတ်နိုင်ငံသား တစ်ယောက်ကို ရာဇဝတ်မှုအကြီးအကျယ်ကျူးလွန်သူလို ဆက်ဆံတာကသူ့ရဲ့အခြေခံလူ့အခွင့်အရေးကို ထိခိုက်စေတဲ့အပြင် သူတို့ဂုဏ်သိက္ခာကိုလဲ စော်ကားရာရောက်တယ်၊ ယဉ်ကျေးတဲ့နိုင်ငံတစ်ခုရဲ့ ဒီနည်းစနစ်က ဘယ်လိုဖြစ်တာလဲ၊ လူတွေဒေါသမထွက်ဘဲဘယ်နေမလဲ' လို့ တရုတ်ကွန်မြူနစ်ပါတီရဲ့ တရားဝင်ပြောခွင့်ရ ပီးပဲလ်ဒေးလီးသတင်းစာ အယ်ဒီတာကဏ္ဍမှာ ရေးသားထားပါတယ်။

သည့်လိုတုံ့ပြန်မှုဟာ နိုင်ငံကို စော်ကားတယ်လို့ယူဆပြီးတရုတ်မှာ သပိတ်မှောက်မှုတွေဖြစ်ပေါ်ခဲ့ဖူးတာကိုပြန်အမှတ်ရစေပါတယ်။ သည့်လိုသပိတ်မှောက်မှုတွေဟာ ပမာဏကြီးမားခဲ့ပြီး အဖျက်စွမ်းအားလည်း ပြင်းထန်ခဲ့ပါတယ်။

၂၀၁၂ခုနှစ်ကဂျပန်နဲ့တရုတ်ပိုင်နက်ဆိုင်ရာအငြင်းပွားမှုဖြစ်ပြီးနောက် အကြီးအကျယ်ဆန္ဒပြမှုတွေဖြစ်ခဲ့ပြီး ဂျပန်ကုမ္ပဏီတွေ တိုက်ခိုက်ခံခဲ့ရပြီး လူတစ်ဦးထက်မနည်းသေဆုံးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာပြင်သစ်အစိုးရကတိဘက်ရဲ့ လွတ်လပ်မှုကို ထောက်ခံပြီးနောက် အလားတူဖြစ်ရပ်ဖြစ်ပွားခဲ့ပါတယ်။

အောက်စ်ဖို့ဒ် တက္ကသိုလ် တရုတ်စင်တာ တက္ကသိုလ်က ရာနာမစ်တာက အမေရိကန်ကုန်ပစ္စည်းတွေကို သပိတ်မှောက်တာဟာ ပြီးခဲ့တဲ့ နှစ် ၃၀ အတွင်း တရုတ်မှာ မကြာခဏဖြစ်နေကျပုံစံဖြစ်ကြောင်း စီအင်န်အင်န်ကို ပြောပါတယ်။

ဒါပေမဲ့ ၂၀၁၂ ခုနှစ်တုန်းက ဂျပန်ဆန္ဒပြပွဲတွေလို တရားဝင်ခွင့်ပြုချက်အတိုင်းအတာတစ်ခုအထိ မရရင် ဆန္ဒပြမှုဟာ ကြီးမားတဲ့အဆင့်အထိ ဖြစ်လာလေ့မရှိပါဘူးလို့ သူက ဆိုပါတယ်။

ကုမ္ပဏီကြီးကြီးနဲ့အစိုးရဌာနတွေကသပိတ်မှောက်ဖို့ လူသိရှင်ကြားတိုက်တွန်းတာ၊ ပါဝင်ဆောင်ရွက်တာတွေမလုပ်ကြသေးပေမဲ့ သေးငယ်တဲ့လုပ်ငန်းတွေ၊ အုပ်စုတွေက စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်နေပါတယ်။

ရှန်ကျန်းအခြေစိုက်အီလက်ထရွန်းနစ်လုပ်ငန်း မန်းပက်ဒ်က တရုတ်ကုမ္ပဏီတွေဖြစ်တဲ့ဟွာဝေးနဲ့ ဇက်တီအီးက ဖုန်းဝယ်မယ့် ဝန်ထမ်းမှန်သမျှကို ကုမ္ပဏီက ငွေ ၁၅ ရာခိုင်နှုန်း ထုတ်ပေးမှာဖြစ်ကြောင်း တနင်္လာနေ့က ဆိုပါတယ်။

> “
> အက်ပဲလ်ပစ္စည်းဝယ်သူမှန်သမျှကို အပြစ်ပေးမယ်လို့ ခြိမ်းခြောက်တဲ့အပြင် တချို့ဆိုရင် တရုတ်စမတ်ဖုန်းတွေဝယ်ဖို့ ငွေတွေပါ ထုတ်ပေးနေပါတယ်။
> ”

'အက်ပဲလ်ဖုန်းတွေကိုဝယ်တဲ့ဝန်ထမ်းကို ဈေးကွက်ပေါက်ဈေး ၁၀၀ ရာခိုင်နှုန်းအတိုင်း ဒဏ်ရိုက်မှာပါ' လို့ ဝန်ထမ်းအားလုံးကို အကြောင်းကြားစာမှာဖော်ပြထားပါတယ်။ 'အလုပ်ကွန်ပျူတာတွေလိုမျိုး ကုမ္ပဏီသုံးပစ္စည်းတွေကို အမေရိကန်တံဆိပ်တွေမဝယ်ကြပါနဲ့'

သည့်အကြောင်းကြားစာကို နောက်ပိုင်းမှာ ပြန်ဖျက်ချခဲ့ပြီး ကုမ္ပဏီက သူ့ကို ဆက်သွယ်ဖို့ စီအင်န်အင်န်ရဲ့ ကြိုးပမ်းမှုကိုမတုံ့ပြန်ခဲ့ပါဘူး။

အနောက်ပိုင်းစီချွမ်ပြည်နယ်က ချန်ဒူးသတင်းအချက်အလက်လုပ်ငန်းဟာ အခုကစပြီး ဟွာဝေး စက်ကိရိယာတွေကိုပဲ အတတ်နိုင်ဆုံး သုံးတော့မယ်လို့ ဆိုပါတယ်။ ဟွာဝေး ပစ္စည်းတွေ သုံးမယ့် ဝန်ထမ်းတွေကို ကုမ္ပဏီက ကုန်ကျစရိတ် ၁၅ ရာခိုင်နှုန်းကျခံမယ်လို့လည်း ပြောခဲ့ပါတယ်။ **စုပြည့်စုံ**

[ref: CNN, Dec 12, 2018.]

# တရုတ်မှာ အိုင်ဖုန်းအချို့ ရောင်းချမှုအား တရားရုံးက ပိတ်ပင်



**ဒီဇင်ဘာ ၁၁**-အက်ပဲလ်အပေါ်ကွယ်ကွမ်း (Qualcomm) ရဲ့တားမြစ်မှုကို တရုတ်တရားရုံးတစ်ရုံးက ခွင့်ပြုလိုက်ပါတယ်။

တရုတ်မှာလုပ်တဲ့ အိုင်ဖုန်းမော်ဒယ်လ်အားလုံးကို တင်သွင်းရောင်းချခြင်းကို တရားရုံးက ပိတ်ပင်လိုက်ကြောင်း ကွယ်ကွမ်းက တနင်္လာနေ့ထုတ်ပြန်ချက်တစ်ခုမှာဖော်ပြထားပါတယ်။ အက်ပဲလ်က သည့်ပိတ်ပင်မှုကို ကန့်ကွက်ထားပြီး ဒါဟာ အော်ပရေးတင်းစနစ်ဟောင်းမှာ အလုပ်လုပ်တဲ့ အိုင်ဖုန်းတွေနဲ့သာ သက်ဆိုင်ကြောင်း ပြောခဲ့ပါတယ်။

အက်ပဲလ်ရှယ်ယာဟာ တနင်္လာနေ့မနက်က နှစ်ရာခိုင်နှုန်းကျဆင်းခဲ့ပေမဲ့ နောက်ပိုင်းမှာ ပြန်တက်လာပြီး ကွယ်ကွမ်းရဲ့ ရှယ်ယာတွေက သုံးရာခိုင်နှုန်း တက်လာပါတယ်။

'ကွယ်ကွမ်းက ကျွန်တော်တို့ကုန်ပစ္စည်းတွေကိုပိတ်ပင်ဖို့ ကြိုးစားတာဟာ တစ်ကမ္ဘာလုံးက ဥပဒေ ရေးဆွဲသူတွေရဲ့ စုံစမ်းထောက်လှမ်းခံနေရတဲ့ ဥပဒေမဲ့လုပ်ရပ်တွေ လုပ်နေတဲ့ ကုမ္ပဏီတစ်ခုရဲ့နောက်ထပ်ပရမ်းပတာလုပ်ရပ်ပါ' လို့ အက်ပဲလ်က ထုတ်ပြန်ပါတယ်။ 'ကွယ်ကွမ်းကအရင်တုန်းက တစ်ခါမှ မတင်ပြဖူးတဲ့ မူပိုင်ခွင့်သုံးခုကို အကဲဖြတ်နေပြီး အဲဒီအထဲမှာ တစ်ခုက မမှန်ကန်ကြောင်းပြသပြီးဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့တရားရေးလုပ်ပိုင်ခွင့်အားလုံးကို တရားရုံးတွေက တစ်ဆင့်ဆက်လုပ်သွားမှာပါ'

အငြင်းပွားနေတဲ့ မူပိုင်ခွင့်တွေဟာ ၂၀၁၇မှာထုတ်ခဲ့တဲ့ အိုင်ဖုန်းနဲ့ အိုင်ပက်တွေအတွက် အော်ပရေးတင်းစနစ်ဖြစ်တဲ့ iOS 11 အပေါ် သက်ရောက်မှုရှိကြောင်း အက်ပဲလ်က ဆိုပါတယ်။ အိုင်ဖုန်းတွေဟာ အခုအချိန်မှာ iOS 12 နဲ့ အလုပ်လုပ်နေပါတယ်။

တရုတ်နိုင်ငံ ဖူကျိုးတရားရုံးဟာ တရုတ်မှာရှိတဲ့ အက်ပဲလ်ဖက်စပ်လုပ်ငန်းလေးခုကို ပိတ်ပင်မှုနှစ်ခုပြုလုပ်ဖို့ ခွင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒါဟာ ကွယ်ကွမ်းမူပိုင်ခွင့်နှစ်ခုနဲ့ သက်ဆိုင်ပြီး အသုံးပြုသူတွေအနေနဲ့ ဓာတ်ပုံတွေရဲ့ အရွယ်နဲ့ ပုံစံကို ပြန်လည်ချိန်ညှိဖို့၊ ဖုန်းထဲက အက်ပ်တွေကို ကြည့်ချိန်မှာ တာ့ချ်စခရင်ကိုသုံးဖို့ မူပိုင်ခွင့်တွေဖြစ်ပါတယ်။ လက်ရှိမှာ အိုင်ဖုန်းတွေကိုအော်ပရေးတင်းစနစ် iOS 12 ထည့်သွင်းပြီး ရောင်းချနေတာဖြစ်တဲ့အတွက် အငြင်းပွားနေတဲ့ မူပိုင်ခွင့်တွေကို မငြိစွန်းဘူးလို့ အက်ပဲလ်က ဆိုပါတယ်။

**စုပြည့်စုံ**

[ref: CNBC, Dec 11, 2018.]

www.free4readers.com



# ဂူဂဲလ်မှာ ငတုံးလို့ရှာရင် ထရမ့်ပုံတက်ရခြင်းအကြောင်းကို ဂူဂဲလ်စီအီးအို ဖြေရှင်းချက်ပေးရ



ကျွန်တော်တို့က ဘယ်ရလဒ်ကိုမှ လူကိုယ်တိုင်ဝင်ရောက် စွက်ဖက်မှု မရှိပါဘူးလို့ ပီချိုင်းက ပြန်ပြောပါတယ်။

**ဒီဇင်ဘာ ၁၂** - အင်္ဂါနေ့ကပြုလုပ်တဲ့ အောက်လွှတ်တော် တရားရေးကော်မတီကြားနာမှုတစ်ခုမှာ ဂူဂဲလ်စီအီးအိုဆန်ဒါပီချိုင်းဟာ ဂူဂဲလ်ရုပ်ပုံရှာဖွေမှုအတွင်း ငတုံး (idiot) လို့ ရှာဖွေလိုက်ရင်ဘာကြောင့်ဒေါ်နယ်ထရမ့်ပုံတက်လာတာလဲ၊ ဒါဟာတမင်တကာ ဘက်လိုက်တာလားဆိုတဲ့ မေးခွန်းအတွက်ဖြေရှင်းချက်ပေးခဲ့ရပါတယ်။

ဂူဂဲလ်ဟာ ရှာဖွေမှုရလဒ်တွေကို လိုသလို ကြိုးကိုင်နေတယ်ဆိုတဲ့ စိတ်ကူးကိုငြင်းဆိုဖို့ကြိုးစားတဲ့ လွှတ်တော်အမတ်ဇိုးလော့ဖ်ဂရန်က မေးမြန်းခဲ့ခြင်းဖြစ်ပါတယ်။ 'အခုအချိန်မှာ ဂူဂဲလ်ရဲ့ပုံရှာတဲ့နေရာမှာ ငတုံးလို့ရိုက်လိုက်ရင် ဒေါ်နယ်ထရမ့်ပုံတက်လာတယ်၊ ကျွန်မ ခုနကမှ အဲဒီလိုရှာခဲ့တာပါ၊ အဲဒါ ဘယ်လိုဖြစ်တာလဲ' လို့ သူက မေးပါတယ်။

ပီချိုင်းက ဂူဂဲလ်ရှာဖွေမှုရဲ့ အလုပ်လုပ်ပုံကို အခုလို အကျယ်တဝင့်ရှင်းပြခဲ့ပါတယ်။

'အဓိကစာလုံး(ကီးဝေ့ဒ်)တစ်ခုကိုရိုက်လိုက်ရင် ဂူဂဲလ်ဟာကျွန်တော်တို့ အညွှန်းကိန်းထဲမှာရှိတဲ့ ဝက်ဘ်ဆိုက်ဘီလျံပေါင်းများစွာကို သွားကြည့်တယ်၊ အဲဒီနောက် အဓိက စာလုံးကိုယူ၊ ဝက်ဘ်စာမျက်နှာတွေမှာ အဲဒီ စာလုံးကို တိုက်ဆိုင်စစ်ဆေးပြီးနောက်သက်ဆိုင်မှုရှိမှု၊ လတ်ဆတ်မှု၊ လူကြိုက်များမှုနဲ့တခြားသူတွေရဲ့သုံးစွဲမှုစတဲ့ အချက်ပြမှုပေါင်း ၂၀၀ ကျော်ကို အခြေခံပြီး ဝက်ဘ်စာမျက်နှာတွေကို စီလိုက်ပါတယ်၊ အဲဒါကို အခြေခံပြီး ဘယ်အချိန်မှာမဆို အဲဒီမေးမြန်းမှုအတွက် အကောင်းဆုံးရှာဖွေမှုကိုအဆင့်လိုက်ပြသဖို့ကျွန်တော်တို့ကြိုးစားပါတယ်၊ အဲဒီနောက် ဒါတွေကိုပြင်ပက အဆင့်သတ်မှတ်ပေးသူတွေကိုအကဲဖြတ်ခိုင်းပါတယ်၊ သူတို့က ဒါတွေကို လမ်းညွှန်ချက်တွေအတိုင်း အကဲဖြတ်ကြပါတယ်၊ ဒီလိုနည်းအတိုင်းအလုပ်လုပ်ကြတာပါ' လို့ ပီချိုင်းက ဆိုပါတယ်။

'ဒါဆို သုံးစွဲသူတွေကို ဘယ်ရလဒ်တွေပြမယ်ဆိုပြီးနောက်ကွယ်မှာလူတွေက ထိုင်လုပ်နေတာ မဟုတ်ဘူးပေါ့' လို့ လော့ဖ်ဂရန်က သရော်ပြီး မေးခဲ့ပါတယ်။

'သတ်မှတ်ပုံစံအတိုင်း လုပ်နေတာပါ၊ ကျွန်တော်တို့က ဘယ်ရလဒ်ကိုမှ လူကိုယ်တိုင်ဝင်ရောက်စွက်ဖက်မှုမရှိပါဘူး' လို့ ပီချိုင်းက ပြန်ပြောပါတယ်။

ထရမ့်'ငတုံး' ရလဒ်တွေနဲ့ပတ်သက်ပြီး သတင်းဌာနတွေကသည်နှစ်ဆန်းပိုင်းကစပြီး ဖော်ပြခဲ့ကြပါတယ်။ ဒါကို 'ဂူဂဲလ်ဗုံးကြဲမှု' လို့ ခေါ်ကြပြီး ဂူဂဲလ်ရဲ့ရှာဖွေမှုရလဒ်တွေကို ပြင်ပအဖွဲ့တွေက လိုသလို ကစားနေတာကြောင့် ဖြစ်ပုံရပါတယ်။

ထရမ့်ဟာ 'ဂူဂဲလ်ဗုံးကြဲမှု' ကို ခံရတဲ့ ပထမဆုံး သမ္မတ မဟုတ်ပါဘူး။ ၂၀၀၀နှစ်များ အလယ်ပိုင်းက 'ဆိုးဝါးတဲ့ ကျရှုံးမှု' လို့ရိုက်ပြီး ရှာလိုက်ရင် သမ္မတဂျော့ရှ်ဒဗလျူဘုရှ်အကြောင်းတက်လာခဲ့ဖူးပါတယ်။ အခုဖြစ်ရပ်မှာဆိုရင် ထရမ့်ပုံနဲ့ ငတုံးဆိုတဲ့ စာကိုချိတ်မိအောင် ပို့စ်တွေ၊ လင့်ခ်တွေမှာ တချို့သူတွေက ကြိုးစားပြုလုပ်ထားကြတဲ့အတွက်ဂူဂဲလ်ကအခုလိုယှဉ်တွဲပြီး ဖော်ပြခဲ့တာဖြစ်ပါတယ်။ **စုပြည့်စုံ**

[ref: Theverge, Dec 12, 2018.]

# ငွေသားပေးချေမှုကိုငြင်းပယ်တာ တရားမဝင်ဘူးလို့ ထရုတ်သတိပေး

**ဒီဇင်ဘာ ၁၁**–ထရုတ်ဗဟိုဘဏ်ဟာ ငွေရှင်းရာမှာ ငွေသားကိုငြင်းပယ်တာဟာ တရားမဝင်ဘူးလို့ တနင်္လာနေ့က သတိပေးလိုက်ပြီး အဲသည်လိုငြင်းပယ်တာဟာ ငွေသားအပေါ် ယုံကြည်မှုပျောက်ဆုံးစေကြောင်းနဲ့ အီလက်ထရွန်းနစ် ငွေပေးချေမှု (e-payment) စနစ်တွေနဲ့ အကျွမ်းတဝင် မရှိသူတွေ အတွက် ဒါဟာ မတရားကြောင်း ပြောပါတယ်။

တရားဝင် ဝီချက် အကောင့်မှာအဲသည်လိုထုတ်ပြန်ခဲ့ရတာက အလီဘာဘာဂရု(ပ်)ရဲ့ အလီပေးနဲ့ တန်းဆန့်ရဲ့ ဝီချက်ကတစ်ဆင့် အီလက်ထရွန်းနစ်ငွေရှင်းမှုတွေဟာ ပိုမိုလူကြိုက်များလာပြီး အများပြည်သူသုံးယာဉ်တွေ၊ ကော်ဖီဆိုင်လိုမျိုးဆိုင်တွေမှာ လက်ခံလာကြတဲ့အတွက် ဖြစ်ပါတယ်။

အီလက်ထရွန်းနစ်ငွေရှင်းမှုရဲ့ အသုံးပြုရလွယ်ကူမှုကြောင့် ဘေဂျင်းနဲ့ရှန်ဟိုင်းလိုမျိုး မြို့ကြီးတွေက ဈေးရောင်းသူတချို့ဟာ ငွေသားကို လက်မခံကြတော့ပါဘူး။

'အီလက်ထရွန်းနစ်ငွေရှင်းမှုက ကျွန်တော်တို့ကို ငွေရှင်းဖို့ နည်းလမ်းသစ်ရရှိစေပေမဲ့ ငွေသားပေးချေမှုကို အစားမထိုးသင့်ပါဘူး' လို့ ထရုတ်ပြည်သူ့ဗဟိုဘဏ်က ဆိုပါတယ်။

'အချိန်ကြာလာတာနဲ့အမျှ ဒီအလေ့အထဟာ ပိုမိုကျင့်သားရလာပြီး ငွေသားပေါ်မှာယုံကြည်မှု ပျောက်ဆုံးလာလိမ့်မယ်'

သက်ကြီးရွယ်အိုနဲ့ မဖွံ့ဖြိုးသေးတဲ့ဒေသက လူတွေအနေနဲ့ အီလက်ထရွန်းနစ် ငွေပေးချေမှုစနစ်တွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ဖို့ အခက်အခဲရှိမှာဖြစ်တဲ့အတွက် ဒါဟာမတရားကြောင်း ဗဟိုဘဏ်က ဆက်ပြောပါတယ်။

ဒေသတွင်းအာဏာပိုင်အချို့ဟာ ငွေသားမဲ့မြို့လိုမျိုးဆောင်ပုဒ်တွေနဲ့ သူတို့ရဲ့နည်းပညာ အဆင့်မြင့်မှုကို လူသိအောင် လုပ်နေကြပေမဲ့ သည်မြို့တွေမှာငွေသားကို လက်မခံတော့တာမျိုး မဖြစ်သင့်ဘူးလို့ ဗဟိုဘဏ်က ထောက်ပြခဲ့ပါတယ်။

**စုပြည့်စုံ**

[ref: Reuters, Dec 11, 2018]

